လျှောက်ထားချက်အရ မဟာသက္ကရာဇ် ၁၂၃ ခုနှစ်၊ ဝါတော် ၂၀ ပြည့် ကဆုန်လဆန်း ၁၄ ရက်၊ အင်္ဂါနေ့တွင် ကောင်းကင်ခရီးဖြင့် သေလာပဗ္ဗတ ကျောက်တော်တော်သို့ ရောက်ရှိဆင်းသက်ပြီးလျှင် ဗျာဒိတ်စကား မိန့်ကြားရင်း နားနေတော်မူပါသည်၊ ဘုရားရှင်၏ ရောင်ခြည်တော်ကြောင့် ဓညဝတီပြည်သူပြည်သား အားလုံးလည်း စန္ဒသူရိယမင်းနှင့်တကွ လာရောက် ဖူးမျှော်ပင့်ဖိတ်ကြလေသည်၊ ထို့ကြောင့် ၎င်းနေ့ မွန်းလွဲအချိန်တွင် ဓညဝတီမြို့တော်သို့ ဆက်၍ကြွရောက်တော်မူပါသည်။

## မင်းနှင့် တိုင်းသူပြည်သားတို့ မြတ်စွာဘုရားနှင့် သံဃာတော်တို့အား ပူဇော်ပြီး မဟာမုနိရုပ်ရှင်တော်ကို သွန်းလုပ်ခြင်း

ရဋ္ဌိသဃရာ မဟာမတ္တာ၊ ပူဇယိတွာန ရဋ္ဌိကာ။
ဗုဒ္ဓပ္ပမုခံ သမူဟံ၊ သရဏံ ပဋိမံ တဒါ။

တဒါ- ဓညဝတီ တိုင်းတော်ဆီသို့ ကြွချီရောက်လာ ထိုအခါ၌၊ ရဋ္ဌိသဃရာ- တိုင်းကိုပိုင်စား စန္ဒသူရိယမင်းတရားသည်လည်းကောင်း၊ မဟာမတ္တာ- ဘုရင့်ထံပါး မြဲခစားသည့် ဂုဏ်သိရ်ကျော်ကြား မှူးမတ်များတို့သည်လည်းကောင်း၊ ရဋ္ဌိကာ- ဓညပြည်သား လူအများတို့သည်လည်းကောင်း၊ ဗုဒ္ဓပ္ပမုခံ သမူဟံ- ဘုရားမှူးထား ရဟန်းသံဃာတော်များကို၊ ပူဇယိတွာန- ကြည်ညိုရွှင်လန်း သဒ္ဓါပန်းဖြင့် ဆင်မြန်းပူဇော်ကြကုန်ပြီး၍၊ သရဏံ (သရဏတ္ထံ)- ကိုးကွယ်ပုန်းအောင်း လဲလျောင်းမှီခိုရာအကျိုးငှာ၊ ပဋိမံ- ဗုဒ္ဓကိုယ်ပွား မဟာမုနိ ရုပ်ရှင်တော်ဘုရားကို၊ ကာရေသိ- အများပြည်သူ ကုသိုလ်ယူဖို့ ကြည်ဖြူမသွေ သွန်းလုပ်စေခဲ့လေပြီ။

ဓညဝတီပြည့်ရှင် ဘုရင်စန္ဒသူရိယမင်းနှင့် မှူးမတ်များ တိုင်းသူပြည်သားများတို့သည် ဘုရားရှင်နှင့် နောက်ပါ သံဃာတော်ငါးရာတို့အား နောက်တစ်နေ့၌လည်း ဆွမ်းအစရှိသည်များဖြင့် ပြုစုလုပ်ကျွေးကာ ပူဇော်သက္ကာရပြုပြီးနောက် နောင်အစဉ်တွင် ဘုရားရှင်ကိုယ်စား ကိုးကွယ်ရန်



## ဓညဝတီပြည်၊ မိုးစည်ကျွန်း

# ခြေတော်ရာကြီး၏သမိုင်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ကျမ်းဦးပဏာမ

### တစ်ရာ့ရှစ်ကွက်စက်လက္ခဏာရှိခိုး

မုနိသကျ၊ ဂေါတမ၏၊ ပါဒမြတ်ကျော်၊ ဖဝါးတော်မှာ၊ ထွန်းပေါ် ကျစ်လစ်၊ တစ်ရာ့ရှစ်ကို၊ စင်စစ်ကောင်းထွေ၊ လှည့်လည်ရေအံ့။

ချီထွေအစ၊ လုံမ[၁]အိမ်မွန်[၂]၊ မကျန်ပွင့်ချပ်၊ ဇလပ်ပျံမွေး၊ လည်ရေး သုံးဆင့်[၄]၊ လှတင့်သွန်းသွန်း၊ ဦးဆောက်ပန်း[၅]က၊ စသည့်မကွဲ၊ ထမင်းပွဲ[၆] တည်ဟာန်၊ ရွှေသလွန်[၇]ချွန်းတောင်း[၈]၊ ရောင်မောင်းပြဿာဒ်[၉]၊ အထွဋ်မြင့်ခိုင်၊ တံခါးတိုင်[၁၀]နှင့်၊ အပြိုင်ထီးဖြူ[၁၁]၊ အတူသံလျက်[၁၂]၊ ထန်းရွက် ယပ်ဝန်း[၁၃]၊ တစ်ခန်းတစ်ကြောင်း၊ ဥဒေါင်း[၁၄]မြီးယပ်[၁၅]၊ သင်းကျစ်[၁၆]တစ်ခြား၊ ပတ္တမြား[၁၇]ရောင်ဖိတ်၊ သပိတ်[၁၈]ပန်းဆိုင်း[၁၉]၊ တုနှိုင်းမရ၊ ပွင့်လှထွားထွား၊ ငါးပါးကြာမျိုး[၂၀-၂၄]၊ ရေအိုး[၂၅]ဖလား[၂၆]၊ ထူးခြားသမုဒ္ဒရာ[၂၇]၊ စက္ကဝါ[၂၈]မြင့်မိုရ်[၂၉]၊ ထိုထိုနေ[၃၀]လ[၃၁]၊ နက္ခတ်[၃၂]စသား၊ ဒေသလေးခု၊ ဇမ္ဗူဒီပါ[၃၃]၊ ပုဗ္ဗာ[၃၄]ဥတ္တရ[၃၅]၊ အပရဂေါယီ[၃၆]၊ တစ်လီအံ့ဖွယ်၊ ကျွန်းငယ် နှစ်ထောင်၊ ဘုန်းခေါင်လျှံဝင်း၊ စကြာမင်း[၃၇]နှင့်၊ ခရုသင်း[၃၈]ဖြူဆွတ်၊ ငကြင်းကွက်[၃၉]စကြာ[၄၀]၊ သီတာ

ခုနစ်တန်[၄၁-၄၇]၊ သတ္တရတ္တာန်၊ တောင်စဉ် ခုနစ်ထပ်[၄၈-၅၄]၊ ကြပ်ကြပ်မြင့်ခိုင်၊ ခုနစ်အိုင်တစ်သုန်[၅၅-၆၁]၊ ဂဠုန်[၆၂] တစ်ကြောင်း၊ မိကျောင်း[၆၃]ရေသား၊ ကုက္ကား တံခွန်[၆၄]၊ မင်းတံသန်လျင်း[၆၅]၊ မယွင်းတစ်သီး၊ သားမြီး[၆၆]ကေသာ၊ ကေသာ သဘာ[၆၇]၊ သီဟ[၆၈]ကျားမင်း၊ မြင်းမင်းအဿာ[၇၀]၊ ဥပေါသထာယဉ်မွန်၊ ဆဒ္ဒန် ဆင်[၇၁]အခြား၊ နဂါး[၇၂]ဝမ်းဘဲ[၇၃]၊ မကွဲမကွ၊ ဥသဘ[၇၄]မကျန်၊ ရောဝဏ်[၇၅] မကန်း[၇၆]၊ ထူးဆန်းအံ့ဖွယ်၊ တင့်တယ်လှတွေ၊ ရွှေလှေ[၇၇]လျှံ့ဝါ၊ မျက်နှာ လေးပါး[၇၈]၊ နွားသား မိစစ်[၇၉]၊ အဖြစ်များစွာ၊ ကိန္နရာ[၈၀]ကိန္နရီ[၈၁]၊ တူပြီ ကရဝိတ်[၈၂]၊ တိတ်သံငြိမ့်ညောင်း၊ ဥဒေါင်း[၈၃]ကြိုးကြာ[၈၄]၊ သံသာစက္ကဝက်[၈၅]၊ ငှက်၏အမျိုး၊ ဇီဝစိုးအစုံ[၈၆]၊ ခြောက်ဘုံနတ်ရွာ[၈၇-၉၂]၊ ဆကာမာနှင့်၊ ပြဟ္မာ ထက်ရပ်၊ ဆယ့်ခြောက်ထပ်က[၉၃-၁၀၈]၊ စေ့ထမကြွင်း၊ ခပင်းများစွာ၊ ရံအကာနှင့်၊ စကြ်န်ခြေမွန်၊ တင့်စဟန်ကို၊ ထက်မွန်မိုးဖျား၊ သိကြားပြဟ္မာ၊ ရေးတုလာလည်း၊ ဘယ်မှာတူမျှ၊ အတုရခြိမ့်၊ အသမ, အသမာ၊ သုံးလူ့ ခြာ၏၊ တစ်ရာ့ရှစ်ကွက်၊ ခြေတော်စက်ကို၊ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏ဘုရား။

[**မှတ်ချက်**။ ။ရခိုင်-မြန်မာပဏ္ဍိတ်ဆရာကြီး ဦးဦးသာထွန်း၏ ခြေတော်ရာ ဆောင်းပါးတွင် ညွှန်းဆိုခဲ့သော ရှေးအစဉ်မူရင်း ခြေတော်ရာ ရှိခိုး။]





## အလိုတော်ပြည့်ဆရာတော်ကြီး
## ရေးသားပူဇော်အပ်သော
# ခြေတော်ရာသမိုင်း ပန္နက်အုတ်မြစ်ဂါထာများ

## မြတ်စွာဘုရား ဇေယဝတီပြည်သို့ ကြွလာခြင်း

ဝိဟရိတွာ ရာဇဂဟေ၊ ဗုဒ္ဓေါ အာရောစိတော တဒါ။
စန္ဒသူရိယရာဇေန၊ ဇေယျဋ္ဌမုပါဂတော။

တဒါ- ဗုဒ္ဓမြတ်စွာ သာသနာ၏ ရောင်ဝါလင်းထွန်း တင့်ရှန်းဝေဆာ ထိုအခါ၌၊ ဗုဒ္ဓေါ- သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင် ပေတတ် ရှင်တော်မြတ်ဘုရားသည်၊ ရာဇဂဟေ- မင်းများသိမ်းထား လွန်ထူး ခြားသည့် တောင်ငါးလုံးကာခေါ် ရာဇဂြိုဟ်၌၊ ဝိဟရိတွာ- ဣရိယာလေးဝ မျှတရွှင်ပြုံး သီတင်းသုံးတော်မူပြီး၍၊ စန္ဒသူရိယရာဇေန- ရတနာသုံးအင် ဦးထိပ်တင်၍ လွန်ပင်ထင်ရှား စန္ဒသူရိယမင်းတရားသည်၊ အာရောစိတော- ဧည့်ပြည်သား လူအများတို့ ထူးခြားကုသိုလ် ရစေလို၍ ကော်ရော်ပျဝပ် လျှောက်ထားတောင်းပန်အပ်သည်၊ (ဟုတွာ- ဖြစ်၍၊) ဇေယျဋ္ဌ- သယံ ဇာတ ပေါများလှသည့် ထူးစွထင်ပေါ် ဇေယဝတီတိုင်းတော်သို့၊ ဥပါဂတော- ပြည်သူအများ ကုသိုလ်ပွားရန် စိတ်ရည်သန်၍ ဉာဏ်ကရုဏာ ရင်းခံ ကာလျှင် အမှန်မသွေ ကြွရောက်တော်မူခဲ့လေပြီ။

ရာဇဂြိုဟ်ပြည်၌ ဣရိယာပုတ်လေးဝ မျှတရွှင်ပြုံး သီတင်းသုံးတော် မူပြီးသော မြတ်စွာဘုရားသည် စန္ဒသူရိယမင်း၏ အမိဋ္ဌာန်ပြု ပင့်ဖိတ်

## ခြေတော်ရာကြီးကို ရှာဖွေတွေ့ရှိခြင်း

သမ္မာ သတ္တဒိဝသာနိ၊ နမ္မဒါနဒိယံ ဇနာ။

ပဿန္တာ ပါဒဝလဥ္ဇံ၊ ပမောဒန္တိ ပုနပ္ပုနံ။

နမ္မဒါနဒိယံ- အမည်နာမ လှပတင့်ဆန်း နမ္မဒါမြစ်ကမ်း၌၊ ဇနာ- အကျင့်ဖြူစင် သူတော်စင်ဖြစ်ကြသော လူအများတို့သည်၊ သတ္တဒိဝသာနိ- ရေကာတွက်ကျုံး ရက်သတ္တပတ်လုံး၊ ပါဒဝလဥ္ဇံ- ဘုန်းကျက်သရေ တင့်ဖြိုးဝေဆာ ဘုရားခြေတော်ရာကို၊ သမ္မာ- ကိုးကွယ်လိုလှ စိတ်ဆန္ဒကောင်းမွန်စွာ၊ (ပရိယေသန္တာ- အခွင့်သာ၍ ရှာဖွေကြကုန်သည်ရှိသော်၊) ပဿန္တာ- ခြုံနွယ်အများ ပတ်ဖုံးထားသည့်ကြားမှ ဖူးမြင်ရကုန်သည်ဖြစ်၍၊ ပုနပ္ပုနံ- အဖန်ဖန် အဖုံဖုံ၊ ပမောဒန္တိ- ဂုဏ်တော်အာရုံ စိတ်ဝယ်ထုံ၍ ကြည်ညို ဝမ်းမြောက်ကြလေကုန်၏။

နမ္မဒါမြစ်ကမ်း၌ လူသူတော်ကြီးနှင့် ဒကာများ ထိုရက်သတ္တပတ်လုံး ခြေတော်ရာကို ရှာဖွေနေခဲ့ရာ ၁၂၄၂ ခုနှစ် တပေါင်းလဆန်းပက္ခ ဒီရေ (ပင်လယ်ရေ) ကြီးရက် ရေပြည့်ချိန်တွင် ၎င်းမြစ်ကမ်းနဖူး ကျောက်ဆောင်ကျောက်တန်းကြီးပေါ်၌ ဗုဒ္ဓခြေတော်ရာကို ခြုံနွယ်များ ပတ်ခွေဖုံးအုပ်ထားသည့်ကြားမှ ဖူးမြင်တွေ့ရှိရလေသောကြောင့် အတိုင်းမသိ ပီတိလွှမ်းခြုံဆွေ့ဆွေ့ခုန်မျှ အံ့ဩဝမ်းမြောက်ကြလေသည်။

## ဘိုးဘေးစဉ်ဆက်မပျက်ရိုးရာ ပူဇော်လာခြင်း

ပုဗ္ဗေ ပူဇိတနယေန၊ ဧရဋ္ဌနိဝါသိနော။

ပူဇိတာ ပူဇယန္တေဝ၊ မာနိတာ မာနယန္တိ နံ။

ဧရဋ္ဌနိဝါသိနော- အကျင့်သံယမ ဖြူစင်လှသည့် ဧဝတီတိုင်း ရွှေပြည်၌ တည်မှီပေါက်ဖွား ပြည်သူပြည်သားတို့သည်၊ ပုဗ္ဗေ- ဟိုရှေးအခါ စဉ်အလာ၌၊ ပူဇိတနယေန- ဘိုးဘေးစစ္စာ များတကာတို့ ပူဇော်ကြရာ စဉ်အလာဖြင့်၊ နံ- ဗုဒ္ဓမြတ်စွာ ထိုခြေတော်ရာကို၊ ပူဇိတာ- သဒ္ဓါတည့်မတ်





တောင်းပန်လျှောက်ထားသည့်အတွက် မဟာမုနိရုပ်ရှင်တော်မြတ်ကို ခွင့်ပြုတော်မူပါသည်။ ဧဝတီမြို့အနီးရှိ အဂ္ဂညုတအမည်ရသော သီရိဂုတ္တတောင်ကုန်းပေါ်၌ မဟာသက္ကရာဇ် ၁၂၃ ခုနှစ် ကဆုန်လပြည့်ကျော် ၁၅ ရက် ဗုဒ္ဓဟူးနေ့ ညနေချမ်းအချိန်တွင် လှူဒါန်းထားရှိသော ရတနာအပေါင်းတို့ဖြင့် သွန်းလောင်းခဲ့ရာ နောက်နေ့ ကြာသပတေးနေ့ နံနက်အရုဏ်တက်တွင် အပြီးတိုင် ရောက်၍ ဘုရားကိုယ်တော်တိုင် ရင်ငွေ့တော်သွင်း၍ အဘိသိက်သွန်းတော်မူပါသည်။

## လက်ဝဲခြေတော်ရာကို ချပေးတော်မူခြင်း

နမ္မဒေ တရင်္ဂေ ဒေဝါ၊ တဒ္ဒေသာ မဇ္ဈိမံ ဂတော။

ယာစိတွာန ဝါမပဒံ၊ ဌပေသိ ဥပကာရထံ (ဥပကာရတ္ထံ)။

ဗုဒ္ဓေါ- သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်ပေတတ် ရှင်တော်မြတ်ဘုရားသည်၊ တဒ္ဒေသာ- ထိုဧဝတီ တိုင်းရွှေပြည်မှ၊ မဇ္ဈိမံ- မဇ္ဈိမဒေသ ရပ်ဌာနသို့၊ ဂတော- နောက်လိုက်ငါးရာ များသံဃာနှင့် ပြန်ကာကြွမြန်း ဖြတ်သန်းလတ်စဉ်၊ နမ္မဒေ- စိမ်းညို့စီးရစ် နမ္မဒါမြစ်ကို၊ တရင်္ဂေ- ကူးနင်းကျော်ဖြတ် ကြွတော်မူလတ်သော်၊ ဒေဝါ- ရေတွင်ပျော်ပါး နမ္မဒါနတ်နဂါးတို့သည်၊ ယာစိတွာန- ဦးထိပ်ပန်ကာ တောင်းပန်လာ၍၊ ဝါမပဒံ- ကမ္ဘာပျက်ပင် အမြဲထင်သည့် မြတ်အင်မှန်စွာ လက်ဝဲခြေတော်ရာကို၊ ဥပကာရတ္ထံ- နောင်လာနောက်သား မျိုးလေးပါးတို့ များပြားအကျိုး အမြဲတိုးခြင်းငှာ၊ ဌပေသိ- ကရုဏာဉာဏ် အရင်းခံလျက် အမှန်မသွေ ချထားတော်မူခဲ့လေပြီ။

မြတ်စွာဘုရားနှင့် နောက်ပါ ရဟန်းငါးရာတို့သည် ဧဝတီတိုင်းမှ တစ်ဆင့် ဒေသစာရီ လှည့်လည်ပြီး မဇ္ဈိမဒေသသို့ ပြန်အကြွခရီး၌ နမ္မဒါအရပ်ကို ဖြတ်ကျော်စဉ် နမ္မဒါမြစ်၌နေသော ရေနတ်နဂါးမင်းက ခရီးဦးကြိုဆိုပူဇော်မှုပြုပါသည်။ ထို့နောက် နမ္မဒါနဂါးမင်းက တောင်းပန်လျှောက်ထားသဖြင့် မဟာကရုဏာဉာဏ်ရှင် မြတ်စွာဘုရားသည် အနာဂတံသ

ဉာဏ်ဖြင့် အဓိဋ္ဌာန်ပြုကာ နောင်လာနောက်သားတို့အတွက် လက်ဝဲဘက် ခြေတော်ရာကို နမ္မဒါမြစ်ကမ်းနဖူး ကျောက်မြတ်ကျောက်ဆောင်ထူးပေါ် တွင် နှင်းနှိပ်ချထားတော်မူခဲ့ပါသည်။

## ရေနတ်နဂါးတို့ တန်ခိုးကြောင့် ခြေတော်ရာ ကွယ်နေခြင်း

ရာဇာနုရာဇာ ပူဇေတွာ-နေကသံဝစ္ဆရာ-သုရာ။

တေဇေန အန္တရဓာနံ၊ တေယေဝ သရဏံ ဂတာ။

ရာဇာနုရာဇာ- ရခိုင်ပြည်ရှင် မင်းဘုရင်အဆက်ဆက်တို့သည် လည်းကောင်း၊ အသုရာ- နမ္မဒါမြစ်ရိုး အုပ်စိုးပိုင်ငြား နတ်နဂါးတို့သည် လည်းကောင်း၊ အနေကသံဝစ္ဆရာ- နှစ်ပေါင်းများစွာ မကြာအောင်၊ ပူဇေတွာ- ကြည်လင်ရွှင်လန်း သဒ္ဓါပန်းဖြင့် ဆင်မြန်းကြည်ညို ပူဇော်ကြ ကုန်ပြီး၍၊ (တေသံ- နမ္မဒါမြစ်ရိုး အုပ်စိုးပိုင်ငြား နတ်နဂါးတို့၏၊) တေဇေန- စွမ်းအားထင်ပေါ် တန်ခိုးအာနုဘော်ကြောင့်၊ အန္တရဓာနံ- စုံစမ်းလေ့လာ ရေပြင်ကာ၍ ရှာဖွေမရ ပျောက်ကွယ်ရသည်၊ (ဟုတွာ- ဖြစ်၍၊) တေ ယေဝ- နမ္မဒါမြစ်ရိုး အုပ်စိုးပိုင်ငြား နတ်နဂါးတို့သည်သာလျှင်၊ သရဏံ- ကိုးကွယ်လဲလျောင်း ပုန်းအောင်းမှီခိုရာသို့၊ ဂတာ- အမှန်မသွေ ရောက်ရှိ ကြလေကုန်ပြီ။

ရခိုင်မင်းအဆက်ဆက်တို့လက်ထက်၌ ရေနတ်နဂါးတို့ အုပ်စိုး ပိုင်ဆိုင် ကိုးကွယ်လာခဲ့ကြသည်၊ ရေနတ်နဂါးတို့သည် ရေပင်လယ်ကာ ဆီး၍ မနီးအောင် ကြံဆောင်ထားခဲ့လေသည်၊ ရှေးနှစ်ပေါင်းများစွာပင် ၎င်းတို့တန်ခိုးဖြင့် ကွယ်ဖျောက်ကာ စောင့်ရှောက်ထားလေသောကြောင့် လူတို့တွင်ကား တိမ်မြုပ်ပျောက်ကွယ်နေလေသည်၊ ရေနတ်နဂါးတို့သာ ပူဇော်ကိုးကွယ်နေခဲ့လေသည်။

[**ရှင်းလင်းချက်**။ ။နှစ်ပေါင်းနှစ်ထောင်ခန့်ကြာလာမှသာ ပင်လယ် ရေတို့ နိမ့်ဆင်းခဲ့သဖြင့် စစ်တွေကျွန်းကြီးနှင့်အတူ ပေါ်ပေါက်လာခဲ့လေ





သည်၊ ထိုအခါ ဝေသာလီကျောက်လှေခါးသင်္ဘော ဆိပ်ကြီးလည်း ကုန်းပေါ်ရောက်ခဲ့လေသည်၊ ကစ္ဆပမြစ်ဝှမ်းလည်း ပို၍ မြင့်တက်လာပြီး ကစ္ဆပကျောက်လိပ်ကြီးများ မြေတွင်ငုပ်၍ ပျောက်ခဲ့လေပြီ၊ ကစ္ဆပမြစ် ကြောင်းလည်း ယခုအင်းပေါက်ဝ (ဗားမဲ့ဆရာတော် မြောက်ဦးကို စွန့်ခွာ ခဲ့စဉ် အင်းချ၍ ဖောက်ထွက်ဖြတ်သန်းသွားသောမြစ်ဝ) စစ်တွေမြို့ ပွိုင့် ထိပ်နှင့် ရှေးဟောင်းမီးပြတိုက်ကြားမှ စီးဆင်းခဲ့လေသတည်း။]

## ခြေတော်ရာကို ရှာဖွေခြင်း

ပဗ္ဗတဂ္ဂေ အာရာဘန္တော၊ သြဒါဝသနော ဇနော။

သုပိနေ တံ ပဿိတွာန၊ ဂဝေသာပေတိ သန္တိကေ။

ပဗ္ဗတဂ္ဂေ- ခြေတော်ရာတစ်ဝိုက် ပါဒပဗ္ဗတတောင်ထိပ်၌၊ အာရာဘန္တော- တရားထူးရရန် စိတ်ရည်သန်လျက် အမှန်မသွေ အားထုတ်၍ နေသော၊ သြဒါတဝသနော ဇနော- ဝတ်ဖြူမြန်းဆင် လူသူ တော်စင်သည်၊ သုပိနေ- အိပ်နိုးတစ်ဝက် သူ့အိပ်မက်၌၊ တံ- ပါဒသိင်္ဂါ ရွှေသားခြေတော် ရာကို၊ ပဿိတွာန- ဖူးတွေ့မြင်ရ အထူးထင်ရှားလှ၍၊ သန္တိကေ- နမ္မဒါ မည်ငြား ကမ်းခြေအနီးအနား၌၊ ဂဝေသာပေတိ- မတွေ့တွေ့အောင် လုံ့လ ဆောင်၍ အမှန်မသွေ ရှာဖွေစေခဲ့လေပြီ။

ကောဇာသက္ကရာဇ် ၁၂၄၂ ခုနှစ်တွင် ခြေတော်ရာကျွန်းထိပ်တောင် ပေါ်တွင် တရားအားထုတ်နေသော လူသူတော်ကြီး ဦးရန်အောင်သည် ခြေတော်ရာကြီးကို အိပ်မက်တွင် ဖူးမြင်ပူဇော်ရလေသည်၊ ထို့ကြောင့် ခြေတော်ရာကို ရှာဖွေလျက်ရှိကြသော စစ်တွေမြို့မှ သူကြွယ်ကြီး ဦးအောင်ဖြူ သာစည်ထောင့်ရွာမှ ဦးလှထွန်းတို့သည် လူသူတော်ကြီးအား အမှူးထား၍ နီးစပ်ရာ ရွာသားများနှင့်အတူ နမ္မဒါမြစ်ကမ်းဘေးတစ် လျှောက် အခေါက်ခေါက်အခါခါ ရှာဖွေစေခဲ့ကြလေသည်။

တစ်ရာ့ရှစ်ကွက် စက်လက္ခဏာပါရှိသော ဗုဒ္ဓဘုရားရှင်၏ ခြေတော်ရာကို ကောင်းသောစိတ်နှလုံးဖြင့် ပူဇော်အဓိဋ္ဌာန်ပြု၍ စာကူးဖယောင်းစက္ကူဖြင့် ခြေတော်ဝန်းအတွင်း ဖိကပ်ရေးခြစ် ကူးယူပြီးနောက် ပြန်ခွါ၍ ကြည့်ရှုဆန်းစစ်သည့်အခါ ကာယကံရှင်နှင့် ဓာတ်ခံပါရမီ ကံတူညီသည့် စက်လက္ခဏာများ ထင်ရှားစွာ ဖြစ်ပေါ်နေသည်ကို မျက်မြင်ဖူးတွေ့ပူဇော်ကြရပါသည်။

## တိုက်တွန်းခြင်း

ရဋ္ဌဝါသိကမနုဿာ၊ နမ္မဒါနာမတိတ္ထိကံ။

ဗုဒ္ဓပ္ပဒံ ပူဇေတွာန၊ ပုညဘာဂံ လဘန္တု တေ။

တေ ရဋ္ဌဝါသိကမနုဿာ- တိုင်းသူပြည်သား ထိုလူအများတို့သည်၊ နမ္မဒါနာမတိတ္ထိကံ- နမ္မဒါဟု နာမတွင်ပြား မြစ်ကမ်းနား၌ရှိသော၊ ဗုဒ္ဓပ္ပဒံ- ဗုဒ္ဓမြတ်စွာ စောသတ္တာ၏ စေတီမှန်စွာ ခြေတော်ရာကို၊ ပူဇေတွာန- ပီတိရွှင်လန်း သဒ္ဓါပန်းဖြင့် ဆင်မြန်းကြည်ညို ပူဇော်ကြကုန်ပြီး၍၊ ပုညဘာဂံ- ကြည်သာရွှင်ပျ ပူဇော်ရသည့် ကောင်းမှုပုည မြတ်ဘာဂကို၊ လဘန္တု- ရင်ဝယ်ပိုင်ပိုင် ရရှိနိုင်ကြပါစေကုန်သတည်း။

တိုင်းသူပြည်သား ရှင်လူဆပွား မင်းပရိသတ်များတို့သည် နမ္မဒါမြစ်ကမ်းတွင်ရှိသော မြတ်ဗုဒ္ဓ၏ ခြေတော်ရာကို လာရောက်ကြည်ညိုဖူးမြော်ကြရကုန်သည်ဖြစ်၍ ကုသိုလ်ကောင်းမှု၏ အဖို့ဘာဂ မြတ်ပုညကို ရယူကြစေကြောင်း စေတနာကောင်းဖြင့် တိုက်တွန်းအပ်ပေသတည်း။





ပူဇော်အပ်ကုန်သည်ဖြစ်၍၊ ပူဇယန္တေဝ- ရှေးရိုးစဉ်ဆက် ပူဇော်လျက်ရှိကြကုန်သည်သာ၊ မာနိတာ- စိတ်ဝယ်တည့်မတ် ပူဇော်အပ်ကုန်သည်ဖြစ်၍၊ မာနယန္တိယေဝ- စဉ်လာစိတ်ထဲ မြတ်နိုးမြဲမြတ်နိုးကြကုန်သည်သာ။

စတင်တွေ့ရှိသည့်ကာလမှစ၍ မိုးစည်ကျွန်းနေ ရွာအပေါင်းနှင့် တကွ ရသေ့တောင်မြို့နယ် စစ်တွေမြို့နယ်စသော ဒေသတစ်ခွင်လုံးရှိ လူအများတို့သည် ရှေးရှေးစဉ်လာ ရိုးရာမြတ်အတိုင်း ဗုဒ္ဓဘုရားရှင်၏ ခြေတော်ရာကြီးကို စဉ်လာမပျက် ပူဇော်မြဲပူဇော်လျက် ရှိကြပါသည်၊ တည့်မတ်သော နှလုံးသားဖြင့်လည်း မြတ်နိုးမြဲမြတ်နိုးလျက်သာ ရှိကြပါသည်။

## နှစ်စဉ်ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပခြင်း

ဧကဝဿေ ဧကဝါရံ၊ ပဒစေတိယပူဇနံ။

ကာရာပေတွာ ဒါနာဒီဟိ၊ သုပူဇိတာ ဗဟုဇ္ဇနာ။

ဗဟုဇ္ဇနာ- ဝတီလေးရပ် သတ်မှတ်ခေါ်ဆို တိုင်းတခိုမှ နယ်သူမြို့သား မင်းနှင့်လူအများတို့သည်၊ ပဒစေတိယပူဇနံ- ခမ်းနားဆင်ယင်ပါဒခြေတော်ရာပူဇော်သည့်ပွဲသဘင်ကို၊ ဧကဝဿေ- တစ်နှစ်မိုးဆောင်း တစ်ခါပြောင်း၌၊ ဧကဝါရံ- ခမ်းနားကြီးကျယ် ထိုနှယ်တစ်ကြိမ်၊ ကာရာပေတွာ- မိုးနှယ်သို့ချွန်း ဆရာတော်ကြီးဘုန်းဖြင့် ပြုလုပ်စေပြီး၍၊ ဒါနာဒီဟိ- ဒါနဆူဖြိုး ကုသိုလ်မျိုးတို့ဖြင့်၊ သုပူဇိတာ- ဘုရားအာရုံ စိတ်ဝယ်ထုံ၍ နှလုံးပီတိ ဂွမ်းဆီထိမျှ ပူဇော်ကြလေကုန်ပြီ။

အလိုတော်ပြည့်ဆရာတော်ဘုရားကြီး၏ စီမံညွှန်ပြသြဝါဒဖြင့် ခြေတော်ရာကို ဖော်ထုတ်ခဲ့ပြီး ဂန္ဓကုဋီပြာသာဒ်တော်အစရှိသည်များကို တိုင်းမှူးအစရှိသော အာဏာပိုင်ပုဂ္ဂိုလ်တို့နှင့် လက်တွဲဆောက်လုပ်လှူဒါန်းကာ နှစ်စဉ်နှစ်တိုင်း ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပခဲ့ပြီး တစ်နိုင်ငံလုံးမှ လာရောက်သော ဗုဒ္ဓဘာသာဝင်အပေါင်းတို့ ကောင်းမှုကုသိုလ်ထူးများ ပြုလုပ်ကြပါသည်။

### ထူးဆန်းသောဖြစ်စဉ်ဖြစ်ရပ်လက္ခဏာ

ပဒစေတိယဌာနဥ္စ၊ နာနာနာဂါ သုပူဇရေ။

အတ္တဘာဝံ ပကာသေတွာ၊ ဇနာနံ ဒဿနာရဟော။

ဟိ- ထူးဆန်းသေချာ ဖြစ်ရပ်လက္ခဏာကား၊ ပဒစေတိယဌာနံ- ဘုန်းကျက်သရေ ဖြိုးတင့်ဝေစွ မြတ်ဗုဒ္ဓ၏ ခြေတော်ရာကို၊ နာနာနာဂါ- ကမ္ဗဇိဒ္ဓိ တန်ခိုးရှိသည့် မျက်စောင်းထန်ပြင်း အမျိုးမျိုးသော နဂါးမင်းတို့သည်၊ အတ္တဘာဝံ- အမြင်ပသာဒ ဆန်းကြယ်လှသော ခန္ဓာကိုယ် အတ္တဘောကို၊ ပကာသေတွာ- ထင်ရှားမြင်သာ ပြကုန်လာ၍၊ ဇနာနံ- ဝတီလေးရပ် ခေါ်ဆိုအပ်သော တိုင်းသူပြည်သား ရဟန်းရှင်လူများတို့၏၊ ဒဿနာရဟော- ကြည့်မြင်လောက်ရာ ရေဇလာအရပ်၌၊ သုပူဇရေ- အဖန်ဖန်အဖုံဖုံ ကောင်းစွာပူဇော်ကြလေကုန်၏။

ထိုကာလများတွင် ရေနေနတ်နဂါးတို့သည် တန်ခိုးအမျိုးမျိုးဖြင့် ခန္ဓာကိုယ်အတ္တဘောကို ဖန်ဆင်းကာ ရဟန်းရှင်လူ မင်းပြည်သူအပေါင်းတို့ မြင်လောက်ရာ နမ္မဒါမြစ်ရေပြင်ကျယ်၌ ထင်ရှားပြကြပြီး မြတ်ဗုဒ္ဓ၏ ခြေတော်ရာကို လာရောက်ဖူးမြော်ခြင်းဖြင့် အံ့သြခြင်း ကြီးစွာဖြစ်ရသော ထူးဆန်းသည့် ဖြစ်ရပ်များ ဖြစ်စဉ်များ ကောင်းစွာ ရှိနေပါသည်။

### ကိုယ်ဟန်အဆင်းထူးခြားသောမြွေများ ဥပုသ်စောင့်ခြင်း

ပဒအန္တေ နာဂဝဏ္ဏာ၊ ဃောရဝိသာ သရီသပါ။
အနုဝဿံ အနာဘက္ခာ၊ သတ္တာဒီနံ အဓိဋ္ဌိတာ။
ဥပေါသထိကာ သုစိတ္တာ၊ အန္တရဓာနယိံသု တာ။

ပဒအန္တေ- ခြေတော်ရာအဝန်း ပရိဝုဏ်အတွင်း၌၊ နာဂဝဏ္ဏာ- နဂါးအဆင်းဟန် ပုံသဏ္ဍာန်ရှိကုန်သော၊ ဃောရဝိသာ- မျက်စောင်းပြင်းမာန် အဆိပ်ထန်သော၊ သရီသပါ- လူးလာတွားသွား မြွေနဂါးတို့သည်၊ အနုဝဿံ- ဝါတွင်းတစ်ပိုင်း နှစ်စဉ်နှစ်တိုင်း၊ သတ္တာဒိနံ- ဂဏန်းတွက်စစ်





ခုနစ်ရက်တိုင်၊ အနာဘက္ခာ- အစာအာဟာရ မစားကြဘဲ၊ အဓိဋ္ဌိတာ- စိတ်ဝယ်စွဲငြား ဆောက်တည်ထားကြကုန်သည်၊ သုစိတ္တာ- စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော စိတ်ရှိကြကုန်သည်၊ ဥပေါသထိကာ- ဥပုသ်သီလစောင့်သုံးကြကုန်သည်၊ (ဟုတွာ- ဖြစ်၍၊) တာ- နဂါးအဆင်းဟန် ပုံသဏ္ဍာန်ရှိငြား ထိုမြွေများတို့သည်၊ အန္တရဓာနယိံသု- အလိုအလျောက် ကွယ်ပျောက်သွားကြကုန်ပြီ။

ဗုဒ္ဓဘုရားရှင်၏ ခြေတော်ရာဂန္ဓကုဋီအတွင်း နဂါးအဆင်း နဂါးဟန် ရှိ၍ ပြင်းထန်သော အဆိပ်ရှိကုန်သော မြွေတို့သည် နှစ်စဉ်နှစ်တိုင်းပင် ဝါတွင်းကာလများ၌ ခြေတော်ရာအဝန်း ချိုင့်အတွင်း၌ ရောက်ရှိနေတော့သည်၊ ထို့နောက်တွင်ကား မရွေ့မပြောင်းကြတော့ဘဲ စင်ကြယ်သန့်ရှင်း အပြစ်ကင်းစွာနေပြီး ဥပုသ်ဆောက်တည်ကာ ရက်သတ္တပတ်ပြည့်သည်နှင့် အလိုအလျောက် ပျောက်ကွယ်သွားကြတော့သည်။

### ပါရမီကံဆက်စပ်သည့် စက်လက္ခဏာပေါ်ခြင်း

အဋ္ဌသတစက္ကံ ပဒ-စေတိယံ-မိဋ္ဌိတံ ယဒါ။

ပဏ္ဏေန နိဂ္ဂဟေတွာန၊ ဥဋ္ဌါပိုင္မိတေ ကတေ တဒါ။

ကမ္မပ္ပဋိုဗဒ္ဓါ စက္ကာ၊ ဥပဋ္ဌန္တိ တဟိံ တလေ။

ယဒါ- အကြင်အခါ၌၊ အဋ္ဌသတစက္ကံ- တစ်ရာ့ရှစ်ဖြာ စက်လက္ခဏာပါရှိသော၊ ပဒစေတိယံ- ဗုဒ္ဓမြတ်စွာ ဘုရားခြေတော်ရာစေတီကို၊ အဓိဋ္ဌိတံ- စိတ်ဝယ်စွဲငြား ဆောက်တည်ထားသည်၊ (ဟုတွာ- ဖြစ်၍၊) ပဏ္ဏေန- စာကူး ပုံတူ ဖယောင်းစက္ကူဖြင့်၊ နိဂ္ဂဟေတွာန- လက်ဖြင့်သာယာ ဖိနှိပ်ပါ၍၊ ဥဋ္ဌါပိုင္မိတေ ကတေ- တစ်ဖန်ပြန်ကာ ခွါကြည့်ပါသော်၊ တဟိံ တလေ- စာကူးပုံတူ ဖယောင်းစက္ကူပြင်၌၊ ကမ္မပ္ပဋိုဗဒ္ဓါ စက္ကာ- ဓာတ်ခံ ပါရမီ ကံတူညီသည့် စက်လက္ခဏာ အဖြာဖြာတို့သည်၊ ဥပဋ္ဌန္တိ- ထင်ရှားမသေွ ပေါ်လာကြလေကုန်၏။

ရေးသား မှတ်တမ်းထားခဲ့ကြ၏။ 'မစဲ'ဟူသောအခေါ် သည်ပင် စည်ကား ခြင်း၏ အနက်ကို ပြဆိုနေပါသည်။

ထို့ထက်ရှေးကျသောအကြောင်းကို ဆက်၍ဆိုရလျှင် ပြည့်ရှင်နတ်ကွန်းဟု ယူဆကြသည့် ၁၉၇၂ ခုနှစ်က တွေ့ရှိခဲ့သော အဆောက်အဦ တစ်ခုရှိ၏၊ မိုးစည်ကျွန်း, မိုးစည်တောင်ခြေ, ဦးဂါရွာစပ်တွင် စနစ်ကျနစွာ စီလုပ်ထားသော ကျောက်ပန္နက်ပေါ်မှ ပြိုကျနေသော ဇရာမအဆောက် အဦကြီးဖြစ်သည်။ ယခုလည်း ပြည့်ရှင်နတ်ကွန်းဟုပင် ယူဆနေကြသည်။ ဤအဆောက်အဦများနှင့် ဦးကင်းတောင်စေတီကလည်း ရှေးကျလှသော ခေတ်များကို ညွှန်းပြနေကြ၏။

### ကျွန်းကြီးဥသျှောင် ဦးကင်းတောင်စေတီ

မိုးစည်တောင်တန်း၏ အမြင့်ဆုံးတောင်ထွတ်ကို ဦးကင်းတောင် ခေါ်ကြ၏။ ပေအားဖြင့် ၆၃၁ ပေကျော် မြင့်လေသည်။ ဘုရားရှင်က ဗျာဒိတ်တော်ထားသည်ကား စာရုပဗ္ဗတဘွဲ့တော်ရလေသည်။ ဆဒ္ဒန်ဆင် မျိုးတွင် တစ်ဘဝဖြစ်စဉ် ဤတောင်တွင် ကျက်စားခဲ့ဖူးကြောင်း မိန့်မြွက် တော်မူခဲ့သည်။ မိုးလရာသီများတွင် "နောင်ကာလတွင် ငါ၏ ဦးကင်းတော် ဓာတ်ကို စေတီတည်လတ်မည်"[၁]ဟု ဗျာဒိတ်တော်ထားခဲ့လေသည်။

ဘင်္ဂလားပင်လယ်မှ တက်လာသော မိုးသားမိုးတိမ်တို့သည် မယူ တောင်တန်းကြီးနှင့် မယူမြစ်ကို ကျော်ကာ မိုးစည်ကျွန်းပေါ်မှ မိုးစည် တောင်တန်းကြီးကို တိုက်မိသည်နှင့် လောင်းသွန်ချသည့်နှယ် ရွာသွန်းလေ့ ရှိသည်။ မုန်တိုင်းနှယ် ဝှေ့သောလေကလည်း တစ်ကျွန်းလုံး သိမ့်သိမ့်လှုပ် ယမ်းသည်။ ဤမိုးဤလေဤကျွန်းမြေတွင် ဆဒ္ဒန်ဆင်မင်းဘဝက ကျင်လည်

၁။ စာရေးဆရာသူမြတ် (မဟာအောင်မြေ) ရေးသားပူဇော်သည့် အောင်မြေ ဥကင်း ဥဿလင်းစေတီတော်မြတ်သမိုင်း။
သဒ္ဓမ္မဇောတိကဇေ သီဟဆွေ ရေးသားပူဇော်သည့် ဦးကင်းတော်ဓာတ်စေတီ တော်သမိုင်း စာ (၁၁၉)





## အိန္ဒိယကျွန်းဆွယ်၏
## အရှေ့ဘက်ဘင်္ဂလားပင်လယ်အော်အဝတွင်

ဗုဒ္ဓမြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ထားရစ်ခဲ့သော ပါဒခြေတော် ရာမှာ ရခိုင်ပြည်နယ် စစ်တွေဒေသ ရသေ့တောင်မြို့နယ် မုန်စဲ (မိုးစည်) ကျွန်းကြီးပေါ်မှ သာစည်ထောင့်ရွာနှင့် ဖြူချောင်းရွာတို့အကြား နမ္မဒါ မြစ်ကမ်းနဖူး ကျောက်ဆောင်ကြီးပေါ်၌ ရှိနေကြောင်း တွေ့ရပါသည်။

ပထဝီအနေအထားအရ အထက်ပါ ကျောက်ဆောင်တန်းကြီး သည် စစ်တွေ ဗုဒ္ဓေါမော် ပွိုင့်ထိပ်ထိရှည်လျားလှပြီး အနောက်ဘက် ဘင်္ဂလား ပင်လယ်ကမ်းစပ်အတိုင်း မေယုတောင်တန်းကြီးသည်လည်း ကောင်း, အရှေ့ဘက်တွင် ပုဏ္ဏားကျွန်းမြို့နယ်အတိုင်း ဘဲငါးရာတောင် တန်းကြီးသည်လည်းကောင်း တူမျှသော အဝေးမှဆီးကွယ်ကာရံထားကြ လေသည်၊ ကျွန်းမှာလည်း ပါဒခြေတော်ရာကြီး၏ သဏ္ဍာန်ပုံအတိုင်း ရှိပေသည်၊ ပါဒခြေတော်ရာ၏ တည်နေပုံနှင့် တည်ရှိရာကျွန်းကြီး၏ ပထဝီသဘာဝမှာ လွန်စွာ ထူးခြားလှပေသည်။

ကမ္ဘာ့မြေပုံတွင် ကြည့်ပါက ဤနေရာသည် အိန္ဒိယကျွန်းဆွယ်၏ အရှေ့ဘက် ဘင်္ဂလားပင်လယ်အော်အဝတွင် တည်နေသော မြန်မာပြည် ရခိုင်ကမ်းမြောင် နှုတ်ခမ်း၊ စစ်တွေကျွန်းကြီး၏ မြောက်ဘက်၊ ကပ်လျက် တည်နေသော မေယုမြစ်ဝမှ ပေါ်လွင်လှပသည့် ကျွန်းကြီးဖြစ်ပေသည်၊ မြန်မာပြည်မြေပုံပေါ်တွင်မူ စစ်တွေမြို့, ရသေ့တောင်မြို့, ဘူးသီးတောင် မြို့ သုံးမြို့ကို တန်းနေသော မင်နီဆက်ကြောင်း၊ စီမံကိန်းလမ်းကြမ်း ဖြတ်

သန်းသွားရာ ကျွန်းကြီးဖြစ်၏။ ကျွန်းကြီးကား တောင်မြောက်ရှည်လျား ပေသည်။ ကျွန်း၏ တောင်မြောက်အလယ်ကြောအတိုင်း ပေါ်လွင်စွာ ရှည်လျားသော မိုးစည်တောင်တန်းကြီးမှာ စိမ်းစိမ်းပြာပြာ ညို့ညို့မှိုင်းမှိုင်း ရှုတိုင်းသာယာလှသည်။ ဦးကင်းတောင်မှာမူ အမြင့်ဆုံးတောင်ထွတ်ဖြစ်ပြီး (၆၃၁) ပေ မြင့်သည်။ အလျားဆယ်မိုင် အနံငါးမိုင်ခန့်ရှိပြီး ဧရိယာ စတုရန်းမိုင် (၅၀) ခန့်ရှိသည်။ ကျေးရွာပေါင်းနှစ်ဆယ်ကျော် တည်ရှိနေ ပေသည်။ မြောက်ဘက်တွင် ငနားပြားမြစ်ခေါ် မဏ္ဍနဒီ, အရှေ့ဘက်တွင် ဘဲငါးရာတောင်တန်းကို နောက်ခံထားသော ရမ်းဒါးခေါ် နမ္မဒါမြစ်, တောင် ဘက်တွင် ကြွေတဲမြစ်, အနောက်ဘက်တွင် မေယုတောင်တန်းနှင့် မလ္လာနဒီခေါ် မေယုမြစ်တို့ ဝန်းရံနေပေသည်။ နေဝင်ရာဘက်တွင်ကား မေယုတောင်တန်းနှင့် ၎င်း၏အဆုံးတွင် အငူမော်စွန်းက ပင်လယ်ပြင်သို့ မျှော်တင်လျက် စင်းစင်းတည်နေလေသည်။[၁]

### ဘိုး ဘေး ဘီ ဘင်တို့ လက်ထက်အတိတ်သမိုင်း

ဤကျွန်းကြီး၌ ရှေးဘိုးဘေးတို့လက်ထက်က အောင်သာမြို့ဟူ၍ ရှိခဲ့ဖူးလေသည်။ သက္ကရာဇ် ၈၉၄ ခုနှစ်က ဘုရင်မင်းဗာ ဘင်္ဂလားသို့ စစ် အင်အားအလုံးအရင်းဖြင့် ကြည်းရေစစ်ကြောင်းသုံးကြောင်းချီတက် ခဲ့ရာ ဘုရင်မင်းမြတ်ကိုယ်တိုင် ဦးစီးသောစစ်ကြောင်းကြီးသည် ဤကျွန်းမှ စခန်းထောက် ချီတက်ခဲ့ပြီး သက္ကရာဇ် ၈၉၅ ခုနှစ် စစ်အောင်အပြန်ခရီး တွင်လည်း စခန်းချရပ်နားခဲ့ရာ ကျွန်းကြီးဖြစ်ပေသည်။ ကြည်းရေ အချက်အချာ အလွန်ပင်ကျလှသည်။

"အောင်သာလက်ယာ ကိန်းသာလက်ဝဲ မယုမြစ်မှာ တစ်ကမ်း တည်း"ဟူသော စကားအစဉ်အလာ ရှိခဲ့ပေသည်။ ထိုစကားသည် ဘင်္ဂလား တစ်ဆယ့်နှစ်ရပ်နှင့် ရောင်ဖြူရေရိုးတစိတ်ထိ အောင်မြင်ခဲ့ပြီး

၁။ ငွေကံ့ကော်ပုံနှိပ်တိုက်၊ ၂၀၀၈ ခုနှစ်ထုတ် ပြည်ထောင်စုမြန်မာနိုင်ငံတော် မြေပုံစာအုပ်။





ဒက္ကာမှ ဆက်သလိုက်သော မိဖုရားနှင့်အတူ စစ်အောင်အပြန်ခရီး၌ မေယု မြစ်ပြင်ပြည့်မျှ ပျားပန်းခတ် စုံဆင်းလာသော တိုက်လှေများ, သင်္ဘောများ, ဖောင်များသည် ကျောက်ဆုံအဝင် ငလပြားပေါက်သို့ ရောက်သည်နှင့် လက်ျာဘက်တွင် ဦးကင်းတောင်စေတီနှင့် အောင်သာ မြို့တည်ရာ မဇ္ဈ (မိုးစည်) ကျွန်းကို တွေ့ရပြီး လက်ဝဲဘက်တွင်ကား ရသေ့တောင် တောင် ထွတ်ပေါ်မှ စေတီနှင့် တောင်ခြေတွင်ရှိနေသော ကိန်းသာ မြို့ကိုလည်း တွေ့မြင်ရတော့သည်။ ထိုရေကြောင်းပြ အမှတ်အသားနေရာသို့ ရောက် သည်နှင့် ထိုရေလမ်းကြောင်းအတိုင်း မေယုမြစ်မှသည် ကုလားတန်မြစ်သို့ အနောက်မှ အရှေ့အတိုင်း ဖြတ်သန်းကာ ပုဏ္ဏားကျွန်းမှ တစ်ဆင့် မြောက်ဦး ရွှေနန်းတော်သို့ ချီတက်ကြပေလိမ့်မည်။

မင်းဗာ ပြန်လည်ရောက်ရှိတော်မူပြီး အစီအမံများ ချမှတ်ခဲ့၍ ရှစ်သောင်းရန်အောင်ဇေယျပုထိုးတော်ကြီး တည်ဆောက်ကာ ရာဇာတိ ရာဇာဘိသေက ခံယူရာတွင် "ဥတ္တရာမဓုရ အောင်သာမြို့မြေကို 'မိုးစည်' စားက ပွဲသဘင်နှင့်တကွ ဆက်သလာရလေသည်"[၁]ဟု ရခိုင်မဟာရာဇဝင် တော်ကြီး၌ တွေ့ရသဖြင့် ဤကျွန်းကြီးကို "မိုးစည်"ကျွန်း ခေါ်တွင်ခဲ့ ကြောင်းနှင့် အောင်မြေတစ်ခုဖြစ်ကြောင်း ခိုင်မာစွာ သိရပေသည်။ ထို့ပြင် မြောက်ဦးမြို့တည် ယတ္တရာကျမ်း, ပြည်စောင့်ကျမ်းတို့ကို တစ်ဆင့်ရေးကူး မှတ်သားချက်များအရ မွေတော်ငါးရပ်, ပြည်ထိန်းကြိုးလေးသွယ်, ပြည် စောင့်နေရာများစသော အမှတ်အသားများတွင်လည်း တစ်ဆယ့်ရှစ်ခု မြောက် ပြည်စောင့်နေရာတွင် "မိုးစည်တောင်"ဟု ရေးသားဖော်ပြထား သည်။ ရှေးမင်းတို့ မင်္ဂလာယူထားခဲ့သော နာမသညာဖြစ်ပေမည်။ လွန်ခဲ့ သော ၁၉၇၁ ခုနှစ်က ဤကျွန်းပေါ်တွင် ရေနံအစမ်းတွင်း တူးဖော် စမ်းသပ်ခဲ့ရာ အင်္ဂလိပ်ဆာဗေးမြေပုံများအရ "မိုးစည်ကျွန်း"ဟုပင် ခေါ်ဆို

၁။ ဦးသာထွန်းအောင် ရေးသားသည့် ရခိုင်မဟာရာဇဝင်တော်ကြီး (မူရင်းကျမ်း) စာမျက်နှာ (၉၈)

ထိုတောင်းပန်မှုကို ဘုရားသခင်သည် အနာဂတံသဉာဏ်တော်ဖြင့် ဆင်ခြင်သုံးသပ်တော်မူလျက် သာသနာတော်ပတ်လုံး တည်ရစ်စေခြင်းငှာ နမ္မဒါနတ်နဂါးတို့ရှိရာ နမ္မဒါမြစ်ကမ်းနဖူးကျောက်တန်းကျောက်ဖြာကြီး ထက်ဝယ် မြောက်အရပ်သို့ မူလျက် တည်နေသော လက်ဝဲခြေတော်ရာ ပါဒစက်တော်ရာကို ခပ်နိုပ်ချီးမြှင့်တော်မူခဲ့လေသည်။ ဤပါဒစက်ခြေတော်ရာကို နမ္မဒါနတ်နဂါးတို့ နှစ်ပေါင်းမြောက်မြားစွာ အုပ်စိုးကိုးကွယ်လျက် ထိန်းသိမ်းစောင့်ရှောက်ထားခဲ့ပြီး လူတို့တွင်ကား တိမ်မြုပ်ပျောက်ကွယ်လျက်ရှိနေခဲ့ပေ၏။ နတ်နဂါးတို့ တန်ခိုးဖြင့် ရေတွင် ထားခဲ့သလောဟု တွေးတောဖွယ်ပင်။

## ဗုဒ္ဓခြေတော်ရာနှင့်အတူ ဖွံ့ဖြိုးရေးရောင်ခြည်သန်းလာသော ဒေသ

ယခုအခါတွင်ကား ရှေးရှေးက အတိတ်နှင့် ခြားနားခဲ့ပေပြီ။ ခြေတော်ရာကမ်းခြေကို တစ်မိုင်ကျော်အကွာအဝေးထဲကပင် သာသနိက အဆောက်အဦများစွာဖြင့် သဘော်ပေါ်မှ မြင်နေရသည်။ ဘုရား၏ ခြေတော်ရာ ကိန်းဝပ်တော်မူသော ဂန္ဓကုဋီအဆောက်အဦကို ကွန်ကရစ်ပုံသွင်း မြန်မာမှုပြသာဒ်တော်ကြီးဖြင့် ရွှေရောင်တဝင်းဝင်း မြင်နေရသည်။ ရွှေရောင်ဝင်းနေသော ရှေးရခိုင်လက်ရာ သံဝေဇနိယလေးဌာန ဆင်းတုတော်ကြီးများစွာလည်း အဝေးဆီမှပင် မြင်ရလောက်အောင် ကြီးမားပေစွ။ ထိုထက်ကြီးသော ဓမ္မာရုံကြီးတစ်ခု၊ ခေတ်မီလှပသော ဒီဇိုင်းပုံစံ ကွန်ကရစ်ဆိပ်ခံတံတားကြီး၊ နတ်ဆင်းတောင်စွယ်နှင့် ရွှေရောင်လင်းလက်နေသော တောင်ခုလတ်စေတီ တောင်ခြေမှ ရေကန်များနှင့် အဆောင်အဦငယ်များ၊ အလွန်ပင် စည်ကားနေလေပြီ။ ဘုရားရှင်ကိုယ်တော်တိုင် ထားရစ်တော်မူခဲ့သော ပါဒခြေတော်ရာကြီး၏ ဂုဏ်အင်္ဂါနှင့် လိုက်လျောညီထွေ တင့်တယ်ပါပေသည်။ လျောက်ပတ်တင့်တယ်ကြည်ညိုဖွယ်ရှိပါပေသည်။

ဤခြေတော်ရာမြစ်ကမ်းသည် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနပိုင် စစ်တွေ, ရသေ့တောင်, ဘူးသီးတောင်သွား ပြည်တွင်းရေကြောင်း





ကျက်စားခဲ့ဖူးကြောင်း အတိတ်ဟောင်းကို ပြန်ပြောင်းသတိရ မိန့်ဟခဲ့ဖူးသည်။ ဤတောင်၏ မြောက်ဘက်တွင် ဆင်ဖြူမြောင်ဟူ၍ရှိ၏။ ဆင်ဖြူအိုင်ဟူ၍လည်းရှိ၏[၁]။ ဤမြောင်၌ နောက်လိုက်နောက်ပါ သားသမီးများနှင့် မိုးကြီးသည်းထန်တိုင်း ခိုနားခဲ့ပေမည်။ ထိုအိုင်တွင်လည်း ရေချိုးရင်း ကြာရိုး ကြာစွယ်များကြား ပျော်ပါးခဲ့ပေမည်။ ထို့ကြောင့်လည်း “မိုးစည်”ကျွန်းဟု ရှေးမင်းကောင်းမင်းမြတ်တို့က မင်္ဂလာနိမိတ်ကို ဆောင်ထားခဲ့ခြင်းဖြစ်ပေ မည်။ ထိုမှသည် သာသနာတော်သက္ကရာဇ် ၂၁၈ ခုနှစ် တန်ဆောင်မုန်း လပြည့် စနေနေ့တွင် ဘုရင်သူရိယစက္ကနှင့် မိဖုရားရုစိကာဒေဝီတို့က ဦးကင်းတော်ဓာတ်ကို စေတီပြုကာ ကြီးကျယ်စည်ကား တည်ထားကိုးကွယ်ခဲ့လေသည်[၂]။ စေတီမြတ်တည်ရာတောင် ဦးကင်းကား (သီရိဓမ္မာသောက မင်းကြီး၏ စေတီပေါင်း ရှစ်သောင်းလေးထောင်တွင် ပါဝင်သော ၄၈ ဆူတည်း၊) အရပ်မျက်နှာအားလုံးသို့ စီမိုး၍ မြင်နေရတော့သည်။ ပင်လယ်လေညင်းကလည်း တင်းတင်းရင်းရင်း တိုးဝှေ့နေတတ်၏။ ရှုခင်းမြင်ကွင်းတို့ကား ကြည့်မဆုံးတော့။ စိမ်းလန်းသော လယ်ကွင်းများ, လင်းလက်သော ရေရိပ်အကွက်တို့အတွက် ကွန်ယက်များနှယ်ရှိကြ၏။ အနောက်ဘက်မှ အနောက်တောင်ဘက်ထိ မယူမြစ် မယူတောင်တန်းကြီးတို့ရှိနေ၏။ အရှေ့မြောက်ဘက်တွင်ကား ဘုရားရှင်ထားရစ်တော်မူခဲ့သော ပါဒခြေတော်ရာ ဂန္ဓကုဋီပြသာဒ်တော်ကြီးကား ရွှေရောင်ဝင်းလျက်။ နမ္မဒါမြစ်ကမ်းစပ်နှင့် နတ်ဆင်းတောင်စွယ်ကား ခြေတော်ရာကို ကြည်းရေနှစ်ဘက်မှ ဦးခိုက်လျက်တည်နေကြသည်။

## မိုးစည်ကျွန်းတည်ရာ ဓညဝတီနှင့် ဘုရားရှင်

ထိုထိုသောဓညဝတီတိုင်းသို့ လွန်ခဲ့သော ဘီစီ ၅၈၀ က ဘုရင်စန္ဒသူရိယ၏ အမိဌာန်ပြု ပင့်ဖိတ်လျှောက်ထားချက်အရ ဘုရားရှင်သည်

---

၁။ ဓညဝတီ ဦးအောင်ဇေယျ ရေးသားသော ရက္ခပူရကြေးမုံကျမ်း (၃၆၃)

၂။ သဒ္ဓမ္မဇောတိကဇေ သီဟဆွေ ရေးသားသော ဦးကင်းတော်ဓာတ်စေတီသမိုင်းစာ (၁၆)

မဟာသက္ကရာဇ် ၁၂၃ ခုနှစ် ကဆုန်လဆန်း (၁၄) ရက် အင်္ဂါနေ့တွင် ကျောက်တော်တောင်သို့ ကြွတော်မူလာကြောင်း, ၎င်းမှတစ်ဆင့် (ဓညဝတီသို့ ၎င်းနေ့ နှစ်ချက်တီးကျော်ခြောက်စောင်းတွင်) ရောက်တော်မူခဲ့ကြောင်း သမိုင်းဟောင်းတွင် တွေ့ပါသည်။ အထောက်အထား များစွာလည်း ရှိပါသည်။ နောက်နေ့ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ ညနေချမ်းအချိန်မှစ၍ မရေမတွက်နိုင်ကုန်သော ရတနာငါးပါး, ရတနာခုနစ်ပါး, ရတနာကိုးပါးတို့ကို ချင်တွယ်ကြိုချက်ပြီး ရတနာအတိပြီးသော မဟာမုနိကိုယ်ပွားတော်ကြီးကို တစ်ချက်တီးကျော်နှစ်ဖဝါးတစ်လက်သစ်အခါတွင် စတင်သွန်းလောင်းပြီး နောက်နေ့ ကြာသပတေးနေ့ နံနက်တွင် အပြီးတိုင်သဖြင့် ကိုယ်တိုင် ရင်ငွေ့တော် သွန်း၍ အဘိသေကပြုကာ ထားရစ်တော်မူခဲ့လေသည်[၁]။

ဤသို့ရွှေငွေသယံဇာတ ပေါကြွယ်ဝ၍ စပါးရေမိုး ရွာသွန်းဖြိုးသောကြောင့် ဘုရားရှင်က "ချစ်သား ရဟန်းတို့ ဤဇမ္ဗူဒီပါ လက်ျာတောင်ကျွန်းဝယ် မဖွံ့မဖြိုးသော ထိုထိုသို့သော တိုင်းတို့၌ ဆွမ်းခံအပ်သည်ရှိသော် ပဲ-ပြောင်း-လူး-ဆပ်တို့ ရောနှောပါလျက် ဘုဉ်းပေးကြရကုန်သည်ဖြစ်၏။ ဤဓညဝတီပြည်ကြီးသည်ကား အလွန်ပြည့်ဖြိုးသော ကောက်သလေးတို့ဖြင့် ကောင်းမွန်နှစ်သက်ဖွယ်သော ဆွမ်းအာဟာရကိုသာ ဘုဉ်းပေးကြရလေသည်။ ရှေးလွန်လေပြီးသော ကကုသန်, ကောဏဂုံ, ကဿပတည်းဟူသော နောင်တော်ဘုရားသုံးဆူတို့သည်လည်း ဤပြည်ကြီးကို 'ဓညဝတီပြည်'ဟု ဗျာဒိတ်ပေးခဲ့လေပြီ၊ ယခုတိုင်သော်လည်း ဤပြည်သူခပ်သိမ်းတို့သည် စိုးစဉ်းရံခါမျှ ရှားပါးငတ်မွတ်ခြင်း မရှိဖြစ်လေသောကြောင့် ဤပြည်ကို 'ဓညဝတီပြည်'ဟု ထင်ရှားစွာ ခေါ်ဝေါ်ကြပြီ ဖြစ်သတည်း"ဟု ဗျာဒိတ်ပေး၍ အဘိသေက ဩဘာပြုခဲ့လေသည်[၂]။

---

၁။ ဆရာတော် ဦးပဏ္ဍိ၊ ပဲခူးမင်းကျောင်းဆရာတော် ရေးသားသော ဓညဝတီရာဇဝင်သစ် နှာ (၇၂)

၂။ ၎င်း နှာ (၅၆)





## နမ္မဒါနတ်နဂါး တောင်းပန်၍ ခြေတော်ရာထားရစ်တော်မူ

ဆက်၍ကြွမြန်းတော်မူလေရာ အပြန်ခရီးတွင် မိုးစည်ကျွန်းဒေသသို့ ကောင်းကင်ယံခရီးဖြင့် ကြွတော်မူလာပါသည်။ ဘင်္ဂလားပင်လယ်အော်နှင့် တစ်စပ်တည်း တည်ရှိကာ ကျယ်ပြန့်နက်ရှိုင်းလှသဖြင့် ရေနေသတ္တဝါငယ်များ အထူးပေါများသည့်ပြင် ကြီးမားသောရေနေသတ္တဝါများပါ ကျက်စားမွေ့လျော်ရာ နမ္မဒါမြစ်ဆီသို့ ဦးတည်ဖြတ်သန်း ရောက်ရှိခဲ့ပါသည်။ ဘုရားရှင်မရောက်မီ အဝေးကပင် ထူးခြားစွာသော ရောင်ခြည်တော်များကြောင့် နက်ရှိုင်းသောရေတွင် ကျက်စားကုန်သော နဂါးတို့ ရေပေါ်သို့ တက်လာကာ ခေါင်းများ ရေတွင်ဖော်၍ မော့ကာ ဖူးမြင်ကြကုန်၏။ ယခုလည်း ၎င်းနေရာတို့၌ အမှတ်အသားအားဖြင့် နဂါးမော့ဟုခေါ်သော ရွာတို့သည် ရှိကြပေ၏။ ဤမျှမကသေး နဂါးအိုင်ပါ ရှိနေပြီး ၎င်းအိုင်မှာလည်း မည်ကာမတ္တမဟုတ်၊ ထူးခြားမှုများ ရှိနေပေ၏။ ၎င်းနေရာတွင် မြစ်ပေါက်သုံးခုဆုံ၏။ ငနားပြားမြစ်ပေါက်မှာ မယူမြစ်ဘက်မှ ဝင်လာ၏။ တောင်ဘက် ပင်လယ်ဝမှ နရမ္မဒါခေါ် နမ္မဒါမြစ် စီးဝင်၏။ ၎င်းအိုင်မှ အရှေ့ဘက်သို့ သွားသောအပေါက်မှာ ပုဏ္ဏားကျွန်းသို့ သွားသောအပေါက်ဖြစ်၏။ ထိုသို့ဆုံသောနေရာတွင်ကား ထိုမြစ်သုံးပေါက်မှ စီးဝင်လာသော နောက်ကျိသောရေနှင့် မတူခြားနားသောရေအဆင်းဖြစ်နေ၏။ ပင်လယ်နက်ပိုင်းမှ ရေ၏အဆင်းအရောင်အတိုင်း ဖြစ်နေသည်။ ပင်လယ်အောက်ကြမ်းပြင်၌ ရေစီးကြောင်း သို့မဟုတ် ဆက်ကြောင်း ရှိနေလေသလော။

ရှေးအစဉ်စကားအရ ထိုထိုသို့သော ခေါင်းပေါ်လာကြသည့်နေရာများမှသည် ရောင်ခြည်တော်ကွန့်မြူးရာသို့ ကူးလာစုရုံးကြပြီး ဖူးမြော်ကြရာ ယခုအခေါ် တင်းကုတ် (တင်းငုတ်) နေရာအရောက်တွင်မှ နတ်နဂါးတို့ ဆင်ခြင်ကြံတွေးမိကြပြီး ရေအတွင်းငုပ်၍ လူအသွင် ဖန်ဆင်းလျက် ပူဇော်မှု ပြုကြလေသည်။ ပူဇော်ပြီးနောက် ဘုရားရှင်အား လျှောက်ထားကြရာ နမ္မဒါနတ်နဂါးတို့အနေဖြင့်လည်း နောင်အစဉ် ပူဇော်နိုင်ရေးအတွက် ထိုက်တန်ရာ တစ်စုံတစ်ခုပေးသနားပါရန် တောင်းပန်ခဲ့လေသည်။

ဒုတိယခြေတော်ရာပုံစံမျိုးမှာ ပထမခြေတော်ရာပုံစံမျိုးကို ပုံစံယူထွင်းထုပူဇော်ကြသော ခြေတော်ရာမျိုးဖြစ်သည်။ ကျောက်သားပေါ်တွင် ခြေတော်ပုံစံတစ်ကြောင်းဆွဲမျဉ်းဖြင့် ပုံဖော်ထားပြီး မည်သည့်စက်လက္ခဏာမျှ မပါရှိပေ။

တတိယခြေတော်ရာပုံစံမျိုးတစ်ခုကို ဝေသာလီရှေးဟောင်းနယ်မြေမှ တွေ့ရှိခဲ့ရသည်။ ဤခြေတော်ရာမှာလည်း ထူးခြားပြီး ကြေးဖြင့်သွန်းထားသည်။ ဝဲယာနှစ်ဘက်လုံးတွင် ဆန်းပြားသော စက်လက္ခဏာများ ပါရှိသည့် အလျား ၇. ၅ စင်တီမီတာ, အနံ ၃ စင်တီမီတာခန့်ရှိပြီး ဝဲဘက် ခြေတော်တွင် စက်လက္ခဏာ ၂၂ ခုနှင့် ယာဘက်ခြေတော်တွင် ၁၈ ခု ပါရှိသည်။ ဘုရားရှင်၏ ခြေတော်စက်အစုံသာ ဖြစ်ပေမည်။

ဧဉဝတီခေတ် ဘုရားရှင်ကိုယ်တိုင်ထားရစ်ခဲ့သော သဘာဝအတိုင်းရှိနေသည့် ခြေတော်ရာကို ဝေသာလီခေတ်တွင် စက်လက္ခဏာများဖြင့် အမွှန်းတင်ကာ တန်ဆာဆင်ပူဇော်ရာမှ ပေါ်ထွက်လာသော ခြေတော်စက် အစုံ၏ ပုံတော်ဖြစ်ပေမည်။ ဝဲယာနှစ်ဘက်ပေါင်း စက်လက္ခဏာ ၄၀ ခန့် ပါရှိသော်လည်း တူညီနေသော စက်လက္ခဏာများကို ရွေးထုတ်ပါက ၃၂ မျိုးသော လက္ခဏာများကိုသာ တွေ့ရပေသည်။ သို့နှင့် ဘုရားရှင်၏ ၃၂ ပါးသော လက္ခဏာတော်ကိုပင် စက်လက္ခဏာအဖြစ် တင်စားဖော်ညွှန်းခဲ့သလောဟု တွေးတောစရာရှိနေပေသည်။

စတုတ္ထမြောက်ခြေတော်ရာပုံစံမျိုးကို နေရာအနှံ့၌ အများအပြားပင် တွေ့နေရပေသည်။ တစ်ရာ့ရှစ်ကွက်စက်လက္ခဏာများဖြင့် တန်ဆာဆင်ကာ ကျောက်သားပြင်ပေါ်တွင် ထွင်းထုလည်းကောင်း, သစ်သားပေါ်တွင် ထွင်းထု၍လည်းကောင်း, မြေအုတ်ပေါ်တွင် ပုံထွင်း၍သော်လည်းကောင်း, ယွန်းဖြင့် ပုံဖော်၍သော်လည်းကောင်း, ပန်းချီဆေးရေးဖြင့်သော်လည်းကောင်း တွေ့ရပေသည်။ စက်လက္ခဏာပေါင်း တစ်ရာ့ရှစ်ကွက်ပါရှိသည်။ "မုနိသကျ၊ ဂေါတမ၏၊ ပါဒမြတ်ကျော်၊ ဖဝါးတော်မှာ"အစချီ၍ "တစ်ရာ့





သဘော်ကြီးများ ဆိုက်ကပ်ရပ်နားရာ ဆိပ်ကမ်းတစ်ခုဖြစ်ခဲ့လေပြီ။ ၎င်းမြစ်ကြောင်းအတိုင်း ရေလမ်းခရီးသွား စက်လှေသင်္ဘောမော်တော်များ ဝင်ထွက်သွားလာ ရပ်နားကြလေသည်။ အခါအားလျော်စွာ စစ်ရေယာဉ်များပင် ဖြတ်သန်းခုတ်မောင်းကြလေသည်။ ခြေတော်ရာသင်္ဘောဆိပ်ခံကွန်ကရစ်တံတားကြီးပေါ်မှ အရှေ့တောင်ယွန်းယွန်းသို့ နမ္မဒါမြစ်ပြင်ပေါ်မှ လှမ်းမျှော်ကြည့်လိုက်လျှင် ရန်ကုန်-စစ်တွေ လမ်းမကြီးကို အဝေးတွင် မြင်နေရသည်။ ၎င်းလမ်းမပေါ်မှ တံတားကြီးတစ်စင်းဖြစ်သော မင်းချောင်းတံတားကြီးကို မြစ်ပြင်ပေါ်တွင် ကန့်လန့်ဖြတ်တင်၍ ထောင်ထားသော လေးကိုင်းကြီးသဖွယ် မြင်နေရပေသည်။ ယခု ဖောက်လုပ်နေပြီးဖြစ်သော ရန်ကုန်-စစ်တွေ ပြည်ထောင်စုရထားလမ်းကြီး၏ ခရီးပန်းတိုင်ဘူတာသည်လည်း ဤမင်းချောင်းတံတားကြီးပင်ဖြစ်ရာ ဘုရားရှင်၏ ပါဒခြေတော်ရာကို ဦးခိုက်ခဲ့လေပြီ။

## သမိုင်းကို ပြဋ္ဌာန်းသော အကြောင်းအရာနှင့် ဆန်းစစ်သော မှတ်ကျောက်များ

ဤလောကတွင် ဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်ခဲ့သည့်အကြောင်းနှင့် တကွ သာသနာပြုတော်မူခဲ့သည့်အကြောင်းများ, ကြွတော်မူခဲ့သည့် ဒေသစာရီခရီးများ, ထင်ရှားစွာ ထားရစ်ခဲ့သော အမှတ်အသားများ, တိုင်းပြည်နိုင်ငံများနှင့် ရှင်ဘုရားများအကြောင်း, ထင်ရှားသော ဖြစ်စဉ်ဖြစ်ရပ်များအကြောင်း, ပုဂ္ဂိုလ်တစ်စုံတစ်ဦးနှင့် ၎င်းတို့၏ လုပ်ဆောင်ခဲ့သော အကြောင်းများကို ပြန်လည် ရေးသားခြင်း ဖော်ထုတ်ခြင်းများကို 'သမိုင်း'ဟု ခေါ်ဝေါ်ကြောင်း ထင်မြင်ယူဆပါသည်။

တခါတစ်ရံတွင် သမိုင်းသည် မှတ်တမ်းတင်ပုဂ္ဂိုလ်၏ အသိပညာ, အယူအဆ, အထောက်အထား, မူဝါဒ, ရှုထောင့်စသည့် သမိုင်းကို ပြဋ္ဌာန်းသော အခြေအနေများအပေါ် မူတည်၍ အမှားသည်လည်းကောင်း, အမှန်သည်လည်းကောင်း အလွဲအချော်ဖြစ်နိုင်ပါသည်။ ကျောက်စာ, ပေစာ,

ပုရပိုက်စာများသည်ပင် လက်ရေးလက်သား ပျက်စီးခြင်း, မှတ်တမ်းတင် ပုဂ္ဂိုလ်၏ အကြားအမြင် ဗဟုသုတ, ရှုမြင်သုံးသပ်မှုကြောင့်လည်းကောင်း, မှားမှန်ဝေဖန်ပိုင်းခြားသည့် ဝိစာရဏာဉာဏ် အားနည်းမှုကြောင့်လည်း ကောင်း အမှားမှအမှန်, အမှန်မှအမှားသို့ ပြောင်းလွဲသွားတတ်ပါသည်။

ယုံကြည်အားထားပြီး အငြင်းပွားခြင်း, ဘုရား၏ ဘုန်းတော်, ဉာဏ် တော်, တန်ခိုးတော်အနန္တတို့ကို ညှိစွန်းစေမည့် အစွန်းရောက်သော စကား များကို ပြောဆိုခြင်းငှာလည်း မသင့်တော်ပေ။ ပထမဆုံး စဉ်းစားသင့်သည့် အချက်မှာ တင်ပြချက်သည် အရပ်ဒေသအားဖြင့် သဘာဝကျမကျ စဉ်းစား ခြင်း, ဒုတိယအချက်ကား သမိုင်းစာပေအားဖြင့်သာမက ဘုရားဟောနှင့်ပါ တိုက်ဆိုင်မှု, တတိယအချက်တွင်မူကား စာပေသမိုင်းအားဖြင့် ပိဋကတ် တော်အားဖြင့် ခိုင်မာမှုရှိသည်ကို အာဂမအားဖြင့် ယုံကြည်ပြောဆိုခြင်း, စတုတ္ထအချက်မှာကား ရာဇဝင်သမိုင်းက မှန်သည်ဟု သက်သေရှိသည့် တိုင် အကြောင်းအကျိုး ညီညွတ်မှုရှိမရှိ စဉ်းစားခြင်းဟူသော ကာရဏ ယုတ္တိ ရှိရပေမည်။ ဤသည်ကား သမိုင်းကို ဆန်းစစ်ယူသော မှတ်ကျောက် များပင် ဖြစ်အံ့သည်။

## ဗုဒ္ဓဘုရားရှင်၏ ခြေတော်ရာနှင့် ပတ်သက်၍ လေ့လာခြင်း

ထိုထိုသို့သော ခြေတော်ရာများနှင့် ပတ်သက်၍ ရခိုင်ရှေးဟောင်း သမိုင်း သုတေသနပညာရှင်ဖြစ်သူ ရခိုင်မြန်မာပဏ္ဍိတ်ဦးဦးသာထွန်းက ၁၉၈၄ ခုနှစ်ထုတ် ရခိုင်မဂ္ဂဇင်းအမှတ် (၈) တွင် ခြေတော်ရာအကြောင်း ဆောင်းပါးဖြင့် သုတေသနပြု လေ့လာဖော်ထုတ်ခဲ့သည်ကို ဖော်ပြလိုပါ သည်။ ခြေတော်ရာမှာ အရွယ်အစားအမျိုးမျိုး, ပုံစံအမျိုးမျိုးရှိကြသည်။ အချို့သောခြေတော်ရာများမှာ စက်လက္ခဏာ မပါရှိကြ။ အချို့သော ခြေတော်ရာတို့၌ စက်လက္ခဏာများ ပါရှိကြသည်။ စက်လက္ခဏာပုံစံတို့ မှာလည်း တစ်ခုနှင့်တစ်ခု မတူညီပေ။ ယနေ့ထိ တွေ့ရှိရသမျှသော ခြေ တော်ရာပုံစံများကို အမျိုးအစားအလိုက် ခွဲခြမ်းမည်ဆိုပါက ပုံစံလေးမျိုး ရှိသည်ကို တွေ့ရသည်။





ပထမခြေတော်ရာပုံစံမှာ ရွှံ့စေးပေါ်၌ လူသားတစ်ဦး၏ ပကတိ အခြေရာအတိုင်း ဖိနှိပ်ထားသကဲ့သို့ အရာထင်နေသောပုံစံမျိုးဖြစ်သည်။ ဤခြေတော်ရာမျိုးကို သဘာဝကျောက်ဆောင်များ ကျောက်တန်းများ၌ သာ တွေ့ရပေသည်။ စက်လက္ခဏာနှင့် မည်သည့်သင်္ကေတမျှ မပါရှိပေ။ သို့သော် ခြေရာများမှာ လူသာမန်တစ်ဦး၏ ခြေရာထက်ကြီးမားနေသည်။

သုတေသီအချို့က ဤခြေရာပုံစံကို ကမ္ဘာဦးလူသားတို့၏ ခြေရာ (Fossil) ကျောက်ဖြစ်ရုပ်ကြွင်းအဖြစ် ယူဆကြသည်။ ယင်းသို့ နှစ်ပေါင်း သန်းနှင့်ချီပြီးမှ ဖြစ်လာသော ကျောက်ဖြစ်ရုပ်ကြွင်းများမှာ အလွန်ရှားပါး သလောက် တန်ဘိုးလည်းရှိလှပေသည်။

ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်တို့ကလည်း ယင်းခြေတော်ရာမျိုးကို တန်ခိုးရှိသော ဘုရားရှင်တစ်ပါးက တန်ခိုးဣဒ္ဓိပါဒ်ဖြင့် နောင်လာနောက် သားများ ပူဇော်ခွင့်ရစေရန် ထားရစ်ခဲ့ကြသည်ဟု ယူဆကြပေသည်။ ဗုဒ္ဓဘုရားရှင်သည် ဘီစီ (၅) ရာစုတွင် သုနာပရန္တတိုင်းခေါ်တွင်သည့် နတ်မြစ်နှင့် ဧရာဝတီမြစ်အကြား ဒေသတစ်ခွင် ကြွချီတော်မူစဉ် ခတ်နှိပ် ထားပေးခဲ့သော ခြေတော်ရာများအဖြစ် ဗုဒ္ဓဘာသာဝင်တို့ ယုံကြည်ကိုး ကွယ်ခဲ့ကြကြောင်း ဖော်ပြထားပေသည်။

ဤခြေတော်ရာမျိုးကို ယနေ့တိုင် မူလနေရာအတိုင်း သဘာဝ ကျောက်ဆောင် ကျောက်တန်းများပေါ်တွင် တွေ့ရသေးကြောင်း ဖော်ပြ ထားပြီး မိုးစည်ကျွန်းခြေတော်ရာကို ထည့်သွင်းညွှန်ပြခဲ့ပေသည်။

အချို့သောခြေတော်ရာများကိုမူ မူလနေရာ သဘာဝကျောက် ဆောင်များမှ ထွင်းထုပြီး အခြားနေရာများသို့ ရွှေ့ပြောင်းပူဇော်ခြင်းများ လည်း ရှိကြောင်း ရှစ်သောင်းဘုရားနှင့် မုတ်ဆိတ်တော်စေတီရှိ ခြေတော် ရာတို့ကို ဥပမာထည့်သွင်းပြခဲ့သည်။ မည်သည့် ယူဆချက်နှင့်ပင်မဆို ဤ ခြေတော်ရာမျိုးသည် သမိုင်းတန်ဘိုးအရသော်လည်းကောင်း, ဘာသာရေး အရသော်လည်းကောင်း အလွန်ရှေးကျသော အလွန်ပင် တန်ဘိုးမဖြတ် နိုင်သော ခြေတော်ရာများပင် ဖြစ်ကြကြောင်း ဖော်ပြခဲ့ပါသည်။

ဖျား သုံးပါးစလုံး၌ တပြေးညီထင်၏။ အလယ်၌ ချိုင့်၍မနေ၊ ခြေတော်ရာ အလယ်၌လည်း တွင်းပြင်ဝဲယာအပြင် ညီစွာ ထင်သည်။ ထို့ကြောင့် "သုပ္ပတိဋ္ဌိတပါဒေါ"ရွှေခြေနင်းကဲ့သို့ ညီညွတ်မျှတစွာ တည်သော ဖဝါး တော်လည်း ရှိတော်မူလေ၏ဟု နှလုံးသွင်းနိုင်လေပြီ။ ထို့အတူ 'စက္ကပုရိသ ပါဒ'ကိုလည်း နောက်တွင် သီခြားပြဆိုပေအံ့။ ဤအချက်တို့သည်ကား ဖဝါးတော်နှင့် ပတ်သက်သော အချက်နှစ်ချက်၌ ညီညွတ်သော ပါဒခြေ တော်ရာဖြစ်သည်ဟူလို။

ဆက်လက်ဖော်ပြလိုသည်မှာ ဖနောင့်တော်တည်း။ ခြေတော်ရာ ကြီးမှာ ပုံတွင်မြင်နေရသည့်အတိုင်း ရွှေကျင်ဖုကဲ့သို့ ပြည့်ဖြိုးသော ဖနောင့် အရာကြီးကြောင့် 'အာယတပဏှိကပါဒေါ'ဂုဏ်နှင့် ပြည့်စုံပေပြီ။ ဤသည် ကား ဖနောင့်တော်နှင့် ပတ်သက်သော လက္ခဏာတော်တစ်ပါးတည်း။ ကျန်သောအချက်သုံးချက်ကား ခြေလက်ရော၍ ပြဆိုထားပေသည်။

တစ်ချက်မှာ 'ဒီဃင်္ဂုလိက'ဟု ပြဆိုရမည့်အချက်ကား ခြေချောင်း လက်ချောင်းများ၌ တည်၏။ ခြေချောင်းတော်များ သွယ်လျားပြီး အလုံး အဝန်း ညီလျက်ရှိနေကြောင်း ဖူးတွေ့ရပေသည်။

ထို့ပြင် နောက်တစ်ချက်မှာ 'ဇာလကဟတ္ထ'ဟုဆိုရမည့် အချက် တည်း။ လေသွန်းတံခါး၌ စီထားအပ်သော ရွှေပွတ်လုံးများကဲ့သို့ အလုံး အဝန်း ညီညွတ်ကာ ခြေဖျားများ တန်းတန်းတိလျက် ညီပေ၏။

အနောက်ဆုံးအချက်ကား 'မုဒုတလုဏဟတ္ထပါဒ'ဟူသော ဖဝါး၏ အရေတော်များ အလွန်ပင် နူးညံ့သိမ်မွေ့ခြင်းဖြစ်၏။ ဤသို့ ပြောင်းပျော့ နူးညံ့စင်ကြယ်လှစွာသော ဖဝါးတော်ဖြင့် နှစ်သန်းပေါင်းများစွာ သက်တမ်း ရင့်နေပြီဖြစ်သော ကြမ်းတမ်းခက်မာ ထူထဲလှစွာသော ကမ္ဘာ့ဘူမိပထဝီ ကျောက်စိုင်ကျောက်ဖျာကြီးပေါ်တွင် မဟာပုရိသဗုဒ္ဓ နင်းနှိပ်ချထားရစ် သည့် ဤခြေတော်ရာကြီးကို ကမ္ဘာတည်အောင် ထားရစ်ခဲ့သည်မှာကား အံ့ဖွယ်ရှိပေစွ။ ကြည်ညိုဖွယ် နှစ်သက်ဖွယ်ရှိပေစွ။ တန်ခိုးတော်အနန္တပါ တကား။





ရှစ်ကွက်၊ ခြေတော်စက်ကို၊ ဝန္ဒေ ဝန္ဒာမိ၊ ရှိပါ၏ဘုရား"အဆုံးရှိသော ခြေတော်ရာဘုရားရှိခိုးတွင် ပါရှိသည့် စက်လက္ခဏာအတိုင်း ပါဝင်ကြပေ သည်။

တွေ့ရှိရသမျှသော ခြေတော်ရာအားလုံးကို ခြုံငုံကောက်ချက်ချရ ပါလျှင် ပထမမူရင်းခြေတော်ရာမျိုးကို ဓညဝတီခေတ်တွင်လည်းကောင်း, ဒုတိယခြေတော်ရာပုံစံမျိုးကို ဓညဝတီခေတ်နှောင်းပိုင်းနှင့် ဝေသာလီ ခေတ်ဦးပိုင်းတွင်လည်းကောင်း, တတိယခြေတော်ရာပုံစံမျိုးကို ဝေသာလီနှင့် လေးမြို့ခေတ်တို့တွင်လည်းကောင်း, စတုတ္ထမြောက်ပုံစံမျိုးကို လေးမြို့ ခေတ်နှောင်း မြောက်ဦးခေတ်တစ်လျှောက်လုံးနှင့် ယခုခေတ်ထိ ကိုးကွယ် ပူဇော်ခဲ့ကြပေသည်။

ဤတွင် ရှေးဟောင်းသမိုင်းသုတေသနပညာရှင်ဦးဦးသာထွန်းက ပထမမူရင်းခြေတော်ရာမျိုးကို ဘာသာရေးဆိုင်ရာ ယူဆချက်များအရ အမှန်ပင် ဘုရားရှင်၏ မူရင်းခြေတော်ရာဖြစ်ပါလေသလောဟု သုတေသန ပြုရန် လိုအပ်ကြောင်း ဖော်ပြထားပြီးနောက် တကယ်ပင် ဘုရားရှင်၏ ခြေတော် ရာဖြစ်မည်ဆိုလျှင် ဗုဒ္ဓဘုရားသခင်သည် သက်တော်ထင်ရှား ရှိစဉ်က ရခိုင်ပြည်သို့ ဒေသစာရီကြွချီခဲ့ရပေမည်ဟု ဖော်ပြထားပေသည်။

ထိုသို့ဆိုလျှင် ဤဒေသသို့ ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ဒေသစာရီကြွချီခဲ့ကြောင်း သမိုင်းအစောင်စောင်တွင် တွေ့နေပေသည်။ ဘီစီ ၅ ရာစု မဟာသက္ကရာဇ် ၁၂၃ ခုနှစ် ဝါတော် ၂၀ ပြည့်သည်တွင် ဓညဝတီတိုင်းသို့ ကြွချီတော်မူခဲ့ကြောင်း သမိုင်းခိုင်မာသော အထောက် အထားများ ရှိနေပေသည်။ ၎င်းပြည့်ရှင် စန္ဒသူရိယမင်းသည် အဂ္ဂညုတ ကုန်း သီရိဂုတ်တောင်၌ မဟာမုနိကိုယ်ပွားတော်ကို သွန်းလုပ်ခဲ့ကြောင်း လည်း မြေပြင်အနေအထားမှအစ တွေ့ရှိနေရပါသည်။ မဟာမုနိကိုယ် တော်မြတ်ကြီး ကိုယ်တိုင် အထင်အရှား ရှိနေတော်မူပါသည်။ သို့ဖြစ်၍ ဘုရားသခင်သည် ဓညဝတီသို့ ဒေသစာရီ ကြွချီခဲ့ခြင်းနှင့် ပတ်သက်၍ သံသယဖြစ်နိုင်စရာ အကြောင်းမရှိတော့ပေ။

ယင်းသို့ဆိုပါလျှင် ပထမဆုံး ဖော်ပြခဲ့သော သဘာဝခြေတော်ရာမျိုးသည် ဗုဒ္ဓဘုရားရှင်ကိုယ်တိုင် ထားရစ်တော်မူခဲ့သော မူလမူရင်း ခြေတော်ရာ စင်စစ်ဖြစ်လေမည်ဟု ဆရာကြီး ဦးဦးသာထွန်းက ဝိသေသအထူးပြု၍ ညွှန်းပြရေးသားထားခဲ့ပေသည်။ ထို့ပြင် မူလခြေတော်ရာမျိုးကို ပုံတူယူစံပြု၍ အမွှန်းတင်ပူဇော်ခဲ့ကြသော ဒုတိယ, တတိယ, စတုတ္ထ ခြေတော်ရာများကို ခေတ်အဆက်ဆက် ထုဆစ်သွန်းလုပ်ခဲ့၊ ကိုးကွယ်ခဲ့ကြသည်များကိုလည်း အလွန်ပင်သဘာဝကျလှကြောင်း သုံးသပ်ချက် ရေးသား၍ မှတ်တမ်းပြုခဲ့ပေသည်။ ထို့ကြောင့် ပထမအမျိုးအစား သဘာဝ ခြေတော်ရာမျိုးဖြစ်၍ ဘုရားရှင်၏ မဟာပုရိသလက္ခဏာများနှင့် တိုက်ဆိုင် ကိုက်ညှိပြဆိုသွားပါသည်။

[**မှတ်ချက်**။ ။ရှေးဟောင်းယဉ်ကျေးမှုသမိုင်း ပညာရှင် ဦးဦးသာထွန်း ရေးသားပူဇော်သည့် ၁၉၈၄ ခုနှစ်ထုတ် ရခိုင်မဂ္ဂဇင်း အမှတ် (၈) ပါ ခြေတော်ရာဆောင်းပါးကို ကောက်နုတ်တင်ပြပါသည်။]

### မဟာပုရိသဗုဒ္ဓ၏ ဖဝါးတော်နှင့် ကိုက်ညီသော ဤခြေတော်ရာ

“ရတနာထွန်းဝင်း နီလင်းစင်သန့် အကန့်တစ်ထောင် ရွှေရောင်ခြည်ကာ၊ သန္တာအကွပ် ထိန်လျှမြကောင်း၊ ပုန်းတောင်းပြိုးပြက် ခြေတော်စက်”ဟု လင်္ကာစီကုံးကြပေသည်။ ဤမျှသန့်စင်လှ ပြောင်းပျော့နုညက်လှစွာသော ရွှေဖဝါးတော်မှ ကောင်းခြင်းအဖြာဖြာ အင်္ဂါအရပ်ရပ် ကောင်းစွာမှတ်အပ်သော အချက်များနှင့်လည်း ကိုက်ညီတော်မူကြောင်းကိုလည်း ပြဆိုသင့်ပေပြီ။ ၎င်းအချက်များ၌ ဖဝါးတော်၌ လက္ခဏာတော် နှစ်ပါး, ဖနောင့်တော်၌ လက္ခဏာတော်တစ်ပါး, ခြေချောင်းလက်ချောင်းများ၌ လက္ခဏာတော်သုံးပါး ပြဆိုထားသည်ကို လေ့လာတွေ့ရှိရပေသည်။ ၎င်းတို့မှာ-

၁။ သုပတိဋ္ဌိတပါဒ-ဟူသော ရွှေခြေနင်းကဲ့သို့ အညီအညွတ် ကောင်းစွာထိသော ဖဝါးလည်းရှိတော်မူ၏။





၂။ စက္ကပုရိသပါဒ-ဟူသော တစ်ထောင်သော အကန့်အကွပ် ပုံတောင်း စက်နှင့်တကွ ပြည့်စုံသော ဖဝါးလည်းရှိတော်မူ၏။

၃။ အာယတပဏှိက-ဟူသော ရှည်သွယ်ပြည့်ဖြိုးသော ဖဝါးတော်လည်း ရှိတော်မူ၏။

၄။ ဒီဃင်္ဂုလိက-ဟူသော ရင်းဖျားတုတ်သွယ် ရှည်လျားသော ခြေချောင်း လက်ချောင်းများ ရှိတော်မူ၏။

၅။ မုဒုတလုဏှဟတ္ထ-ဟူသော နူးညံ့သိမ်မွေ့သော လက်ဖဝါးတော် ခြေဖဝါးတော်လည်း ရှိတော်မူ၏။

၆။ ဇာလကဟတ္ထပါဒ-ဟူသော လေသွန်းတံခါး၌ စီထားအပ်သော ရွှေပွတ်လုံးကဲ့သို့ တညီတည်းသော ခြေချောင်း လက်ချောင်းများလည်း ရှိတော်မူ၏[၁]ဟု ဖော်ပြပါသည်။

ပကတိလူသာမန်တို့၏ ဖဝါးပြင်တွင်မူ ဖနောင့် ဖဝါးခြေဖျားတို့ တပြင်တည်း ညီညွတ်စွာ မရှိပေ။ ဖဝါးလယ်၌ ချိုင့်လေ၏။ ထိုမဇ္ဈိမပုရိသလူသာမန်ယောကျ်ား၏ ဖဝါးကို သဲမြေရွံ့နွံတို့၌ ဖိနင်းနှိပ်ချလျှင် ထင်လာသော ခြေရာသည် အရင်းအဖျားတွင် နစ်ပြီးလျှင် အလယ်၌ ချိုင့်၍ ထင်၏။ ခုံးလျက်ထင်လာသော အလယ်ပိုင်းတွင်လည်း ဝဲနှင့်ယာ မညီပြန်၊ အပြင်ဘက် ဘေးစောင်းသာလျှင် ပြည့်စုံစွာ ထင်၍ အတွင်းဘက် စောင်းသည်ကား နက်စွာ မထင်ချေ။ ထို့ကြောင့် ဖဝါးရာ၏အတွင်းဘက် အနားသည် ဖြောင့်တန်းခြင်းမရှိ၊ ခွက်၍နေ၏။

ဘုရားရှင်၏ ဖဝါးတော်မှ ဖြစ်ပေါ်လာသော ပါဒခြေတော်ရာကား အရင်းနစ်ခြင်း, အဖျားနစ်ခြင်း, အရင်းအဖျားနစ်ခြင်း မရှိပေ။ ရင်း-လယ်-

---

၁။ မဟာဝဂ္ဂကျမ်းလာ မဟာပါဒနသုတ်ကို ညွှန်းသည့် သုတေသနအဘိဓာန် နှာ ၅၄၈
မဇ္ဈိမပဏ္ဏာသလာ ဗြဟ္မာယုသုတ် စာမျက်နှာ - ၃၄၁
သမန္တစက္ခုဒီပနီလာ မဟာပုရိသလက္ခဏာတော်ကြီးအကြောင်း နှာ - ၁၃

မှုကြောင့် နမ္မဒါမြစ်ကမ်းယံ၌ ခြေတော်ရာတစ်ဆူ, နီလာပဗ္ဗတတောင်ထက်၌ ခြေတော်ရာတစ်ဆူ, ဆံတော်ရှင်တစ်ဆူ ဤသုံးဆူသော စေတီတော်တို့သည် နောင်အစဉ်တည်လတ္တံ့သတည်း၊ ဤသို့ ဗျာဒိတ်ပေးပြီးသော်”ဟု ညွှန်းဆိုရေးသားထားတော်မူသည်။

## သာရတ္ထသင်္ဂဟကျမ်းကို ညွှန်းသော သုတေသနသရုပ်ပြအဘိဓာန်၏အဆို

မြတ်စွာဘုရားသခင်၏ ခြေတော်ရာစေတီ သုံးဆူဟူ၏၊ (၁) လင်္ကာဒီပခေါ် သီဟိုဠ်ကျွန်း သီရိလင်္ကာပြည် သမန္တကုဋခေါ် သုမနတောင်ထိပ်၌ မဏိအင်္ဂါကနဂါးမင်း တောင်းပန်၍ တစ်ဆူ။ (၂) ဇမ္ဗူဒိပ်သပြေထွန်းသည့်တောင်ကျွန်းရှိ မြန်မာနိုင်ငံ ယောနရဋ္ဌခေါ် နမ္မဒါမြစ်ကမ်း၌ နမ္မဒါနဂါးမင်းတောင်းပန်၍ တစ်ဆူ။ (၃) ၎င်းနမ္မဒါကမ်းခြေ သစ္စဗန္ဓတောင်ထိပ်၌ သစ္စဗန္ဓရသေ့ တောင်းပန်သောကြောင့် တစ်ဆူ၊ ပေါင်း သုံးဆူ ချတော်မူ၏။ ထို့ကြောင့် သာရတ္ထသင်္ဂဟ၌ “တီဏိ ခေါ ပန ဘဂဝတော ပါဒစေတိယာနိ လင်္ကာဒီပေ ဧကံ၊ ဇမ္ဗူဒီပေ ယောနရဋ္ဌေ ဒွေတိ”[၁]စသည်ဖြင့် ဆို၏ဟု ဖော်ပြ၏။ ကေစိဆရာတို့ကလည်း “ဇမ္ဗူမှာ ဒွေး၊ ရံမှာ ဧ”ဟု ဆိုကြ၏။

## အိန္ဒိယကြေးမုံကျမ်းက ညွှန်ပြသော ခြေတော်ရာသုံးဆူအဆို

မင်းပြား ချိတ်တောင်ဆရာတော် ရေးသားပြုစုခဲ့သည့် အိန္ဒိယကြေးမုံကျမ်း ယောနကတိုင်း အဝင်အပါ နမ္မဒါမြစ် ခြေတော်ရာအကြောင်းကို ရေးသားထားချက်နောက်ဆုံး ဒုတိယပိုဒ် စာမျက်နှာ (၁၂၉) တွင် “ဆိုလိုရင်း အဓိပ္ပာယ်ကား ဘုရားသခင်ခြေတော်ရာသည် သီဟိုဠ်ကျွန်း၌တစ်ဆူ, ဇမ္ဗူဒိပ်ကျွန်း ယောနကတိုင်း၌ ခြေတော်ရာနှစ်ဆူ ပေါင်း သုံးဆူသော ခြေတော်ရာသည် ရှိ၏။ ထိုသုံးဆူတို့တွင် ‘ဘတ္တကိစ္စံ ကတွာ သုမနကူဋေ ပဒံ ဒဿေတွာ အဂမာသိ’ဟူသည်နှင့်အညီ သီဟိုဠ်ကျွန်း ကလျာဏီ စေတီတည်ရာ မဏ္ဍပ်မှ ဆွမ်းကိစ္စပြီးလျှင် သုမနနတ်မင်းနေရာ တောင်

၁။ အရှင်ဩဘာသာဘိဝံသမထေရ် ရေးသားသည့် သုတေသနသရုပ်ပြအဘိဓာန်၊ နှာ (၂၄၄)





ဤမျှမက ထပ်လောင်း၍ ဆိုပါအံ့။ လူသာမန်တစ်ဦးအနေဖြင့် ရွှံ့မြေမျှ၌ပင် လျှောက်လှမ်းပါစေ။ ခြေရာတို့သည် တစ်ခုတည်းသာ ထင်မည်လော၊ အများပင် တန်းလျက် ထင်ပေမည်။ ဤသည်၌ပင် ခြေရာတစ်ခုတည်းသာ ထင်ကျန်ရစ်စေခြင်းငှာ တတ်နိုင်ပါမည်လော။ စွမ်းနိုင်ပါမည်လော။ ထိုတစ်စုံတစ်ဦးသည်လည်း ရှိနိုင်ပါမည်လော။ မရှိနိုင်ချေ။ အကယ်၍ ယခင်က ရှိခဲ့သည်ဆိုလျှင် ထိုသူသည် ဗုဒ္ဓဘုရားရှင်သာ ဖြစ်ပေမည်။ အခြားတစ်စုံတစ်ယောက်သော တန်ခိုးရှင် ရဟန္တာတို့ ခြေရာရှိသည်ဆိုစေဦး၊ ထိုခြေရာတို့သည် မဟာပုရိသဗုဒ္ဓ၏ ပါဒခြေတော်ရာနှင့် လက္ခဏာ မတူညီနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် မဟာပုရိသလက္ခဏာတော်များသည် အခြားသောပုရိသတို့၏ ဂုဏ်အင်္ဂါများနှင့် ခြားနားသောကြောင့် ဖြစ်ပေသည်။

ထိုသို့ပြဆိုခဲ့သော အကြောင်းတို့ကြောင့် ဦးတင်ညွှတ်လျှိုး ရှိခိုးဖူးမြင်ရသည်နှင့်ပင် ယုံမှားသံသယတို့ ကင်းရှင်းလေတော့သည်။

## စက်လက္ခဏာထင်ရှားသော ခြေတော်ရာနှင့် ကာလရှည်ကြာတည်တံ့သော ခြေတော်ရာ

ပိဋကတ်တော်အားဖြင့် ခြေတော်ရာတွင် စုတိပါဒခြေတော်ရာနှင့် အစုတိပါဒခြေတော်ရာဟူ၍ နှစ်မျိုးရှိပေသည်။ စုတိပါဒခြေတော်ရာဟူသည်မှာ တစ်ရာ့ရှစ်ပါးသော စက်လက္ခဏာတော်များ, သုံးဆယ့်နှစ်ပါးသော မဟာပုရိသလက္ခဏာတော်များကို ထင်ရှားပေါ်လွင်စွာ အဓိဋ္ဌာန်ပြုခဲ့သည့် ခြေတော်ရာမျိုး ဖြစ်ပါသည်။ ထိုခြေတော်ရာမျိုးကို မာဂဏ္ဍီပုဏ္ဏားဇနီးမောင်နှံတို့အား အနာဂါမိမဂ် အနာဂါမိဖိုလ်သို့ ရောက်မည့်အကြောင်း မြင်တော်မူ၍ ၎င်းတို့တဲရှေ့ သဲမြေပြင်၌ပင် ချထားတော်မူခဲ့ကြောင်း ဓမ္မပဒ အဋ္ဌကထာ၌ တွေ့ရှိရပါသည်။ သို့သော် ထိုခြေရာကား သဲမြေပြင်၌ ချတော်မူခဲ့၍ ကာလကြာရှည် မတည်ရစ်ခဲ့ပေ။

ဤခြေတော်ရာကား အစုတိပါဒခြေတော်ရာတည်း။ နောင်သာသနာတော်အတွက် ကာလကြာရှည် ခိုင်မြဲတည်ရစ်စေမည့် ကမ္ဘာ့ပထဝီကျောက်

သားပြင်တွင် အဓိဋ္ဌာန်ဖြင့် နင်းနိုပ်ချထားရစ်တော်မူသော ခြေတော်ရာမျိုး ဖြစ်သည်။ ဤသို့သော ခြေတော်ရာမျိုးကို အနာဂတ် နောင်လာနောက် သားများအတွက် သက်တော်ထင်ရှား မြတ်ဘုရားအား ယုံမှားသံသယ ကင်းစွာဖြင့် အာရုံပြု ဖူးတွေ့နိုင်ရန် အခိုင်အခန့် မပျက်မစီ တည်ရစ်စေရန် အဓိဋ္ဌာန်သည့်အတွက် ကာလကြာရှည် တည်ရစ်တော်မူခြင်းဖြစ်ပါသည်။

နှစ်သန်းပေါင်းများစွာ သက်တမ်းရင့်ညောင်းခဲ့ပြီဖြစ်သော ကမ္ဘာ့ ပထဝီ ကျောက်သားပြင် အရင့်အမာပေါ်တွင် နင်းနိုပ်ချထားသည်ကို ထောက်ထား၍ အထက်ဖော်ပြခဲ့သော တဲရှေ့မြေပြင်၌ ခြေတော်ရာကဲ့သို့ လက္ခဏာတော်ကြီးငယ်များ ထင်ရှားစွာ မြင်မနေရမှုလည်း ယုံကြည်သဒ္ဒါ တရား နှလုံးသွင်းထားရှိသော သူများကမူ နူးညံ့သော စာကူးဖယောင်း စက္ကူများကို ခြေတော်ရာ၏ ကျောက်သားပြင်ဝယ် ဖိကပ်ထားပြီး ကောင်း မွန် သောခဲသားများဖြင့် အဓိဋ္ဌာန်ပြု ရေးခြစ်ကူးယူခြင်းဖြင့် မိမိနှင့် ပါရမီ ကံတူညီသော စက်လက္ခဏာတို့ကို ဖူးမြင်ပူဇော်ကြရလေသည်။ ဤသည် ပင် ဗုဒ္ဓဘုရားရှင်၏ စက္ကပုရိသပါဒဂုဏ်တော်တည်း။

## ပြည်တွင်းပြည်ပထင်ရှားရှိသော ခြေတော်ရာများ

ဂုဏ်တော်ရည်စူး ညွတ်နူးဦးခိုက် ပူဇော်သင့်ပူဇော်ထိုက်သော ခြေတော်ရာများ ပြည်တွင်းပြည်ပတွင် ထင်ရှားရှိနေပါသေးသည်။ အထူး အားဖြင့် ဖော်ပြရလျှင် သီဟိုဠ်နိုင်ငံ သမန္တကူဋ္ဌခေါ် သုမနတောင်ထိပ်တွင် တစ်ဆူရှိနေပါသည်။ ထို့ပြင်တစ်ဆူမှာ ယိုးဒယားနိုင်ငံ ဇင်းမယ်ဒေသတွင် ရှိနေပါသည်။ လောနိုင်ငံ မဲ့ဆာဒေသတွင်လည်း တစ်ဆူရှိတော်မူပါသည်။ ထိုသမိုင်းများကိုလည်း လေ့လာမှုပြုသင့်ပေသည်။

မြန်မာနိုင်ငံတွင်လည်း မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် လယ်ကိုင်း ကျောင်းတော်ရာ မန်းချောင်း၌ စက်တော်ရာတစ်ဆူ, သံတွဲခရိုင် တောင်ကုတ်မြို့နယ် မအီချောင်းအတွင်း၌လည်း မအီစက်တော်ရာနှစ်ဆူ ရှိနေပြီး ပေါက်တောမြို့နယ် ဖရုံကာကျွန်း ဆံတော်ရှင်ကမ်းခြေတွင် တစ်ဆူ





တည်ရှိကြောင်းနှင့် ရသေ့တောင်မြို့နယ် မိုးစည်ကျွန်း အရှေ့ဘက်ကမ်းခြေ တွင် တစ်ဆူတည်ရှိကြောင်း ရက္ခပူရကြေးမုံကျမ်းတွင် ပြဆိုပါသည်။

## ရက္ခပူရကြေးမုံကျမ်းက ညွှန်ပြသော မိုးစည်ကျွန်းခြေတော်ရာ

ဓညဝတီ ဦးအောင်ဇေယျ ရေးသားခဲ့သော ရက္ခပူရကြေးမုံကျမ်း အခန်း (၄၈) တွင် မိုးစည်ကျွန်းနှင့် ဗုဒ္ဓခြေတော်ရာသမိုင်းဟူသော ခေါင်း စဉ်ဖြင့် ဖော်ပြထားသည်မှာ “မဟာမုနိသွန်းစက်တော်ကို ခွင့်ပြုထားရစ် တော်မူပြီးနောက် မဟိံသကရက္ခပူရတိုင်းတစ်ခွင်သို့ ဒေသစာရီ လှည့်လည် ဗျာဒိတ်ထားလျက် မဇ္ဈိမဒေသသို့ အပြန်ခရီး ရသေ့တောင်မြို့နယ် အဝင် ရမ်းဒါးခေါ် သော နမ္မဒါမြစ်၏ လက်ဝဲဘက်ကမ်းပါးရှိ ကျောက်ဆောင်ပေါ် တွင် တည်ရစ်သည်။

ထိုနေရာသို့ ရောက်လာသောအခါ နမ္မဒါနဂါးမင်းသည် ဘုရားရှင် အား အထူးထူးပူဇော်ပြီးသော် အစဉ်ထာဝရ ကိုးကွယ်နိုင်ရန် ပါဒစက် ခြေတော်ရာတစ်ဆူ ချီးမြှင့်ပေးပါမည့်အကြောင်း လျှောက်ထားတောင်းပန် ချက်အရ အနာဂတံသဉာဏ်တော်ဖြင့် ကြည့်တော်မူလျက် သာသနာ ပတ်လုံး ကိုးကွယ်ဆည်းကပ်နိုင်စေခြင်းငှာ ဘုရားရှင်သည် လက်ဝဲခြေ တော်ရာတစ်ဆူ ချထားလျက် နမ္မဒါနဂါးမင်းအား ထိန်းသိမ်းစောင့်ရှောက် လျက် ကိုးကွယ်နိုင်ရန် ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်”[၁]ဟု ဖော်ပြ ထားပေသည်။

## ဓညဝတီရာဇဝင်သစ်က ညွှန်ပြသော မိုးစည်ကျွန်းခြေတော်ရာ

ပဲခူး မင်းကျောင်းဆရာတော်ကြီး ရေးသားခဲ့သော သေလာဂီရိ ကျောက်တောင်ထိပ်၌ ဗျာဒိတ်ကြားတော်မူစဉ်တွင် “ချစ်သား အာနန္ဒာ ဤသေလာပဗ္ဗတမှသည် နီလာပဗ္ဗတတောင်သို့ ရောက်တော်မူလတ္တံ့၊ ထိုသို့ရောက်တော်မူသောအခါ ရှစ်မျိုးသော နဂါးအပေါင်းတို့ တောင်းပန်

၁။ ဓညဝတီ ဦးအောင်ဇေယျ ရေးသားသည့် ရက္ခပူရကြေးမုံကျမ်း စာမျက်နှာ (၃၆၅)

ပင်လယ်အော် မဏိပူရ၊ ဒါဂါ၊ မောက်သူဇာတိုင်သော နယ်များကို နယ်နိမိတ်ပြု၍ ၎င်းမှအနောက်ကို မဇ္ဈိမတိုင်းဟုခေါ်သည်။ အရှေ့ကို လားသော် ဧရာဝတီနယ်ခြားအထိကို သုနာပရန္တတိုင်းဟု ခေါ်သည်။ ဧရာဝတီမှသည် သလ္လာဝတီသံလွင်မြစ်နယ်ခြားအထိကို အပရန္တတိုင်းဟု ခေါ်သည်။ သလ္လာဝတီသံလွင်မှ အရှေ့ကျသော အရပ်ကိုကား ယောနက တိုင်းဟု ခေါ်ပေသည်။

ကာလကြာသောအခါ သုနာပရန္တတိုင်းကို ရိုးမတောင်မှ ပိုင်းခြား၍ မဟာဝိဟိကတိုင်းဟူ၍လည်းကောင်း၊ ရက္ခပူရတိုင်းဟူ၍လည်းကောင်း၊ ဓညဝတီတိုင်းဟူ၍လည်းကောင်း လူတို့ခေါ်သည်။ အပရန္တတိုင်းကိုလည်း ရိုးမတောင်မှ ပိုင်းခြား၍ တမ္ပဒီပတိုင်းဟူ၍လည်းကောင်း, ရာမညတိုင်း ဟူ၍လည်းကောင်း၊ ဥဿာ ပဲခူးဟူ၍လည်းကောင်း၊ ဟံသာဝတီဟူ၍ လည်းကောင်း လူတို့သမုတ်ကြသည်။ သလ္လာဝတီသံလွင်၏ အရှေ့ကို ယွန်းပြည် ယိုးဒယားဟု ခေါ်ခဲ့လေ၏။ ယခုလည်း တိုင်းနှင့်ပြည်နယ်များ ခွဲ၍ ခေါ်သည်သာ ဖြစ်၏။

အပရန္တတိုင်းသို့ ယောနကဓမ္မရက္ခိတမထေရ် ကြွသွား၍ သာသနာ ပြုတော်မူကြောင်းကို ပါရာဇိကဏ်အဋ္ဌကထာ ဗာဟိရနိဒါန်း၌ လာရှိ၏။ ထို့အတူ "သုနာပရန္တသမာဂမေ စတုရာသီတိယာ ပါဏသဟဿာနံ ဓမ္မာဘိသမယော အဟောသိ"ဟု မိလိန္ဒပဥှာကျမ်း၌ လာရှိ၏။ သုနာပရန္တ တိုင်း တရားဟောပွဲကြီး၌ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့ အကျွတ် တရားရကြလေ၏ဟု အဓိပ္ပာယ်ရသည်။ အဘယ့်ကြောင့်ဆို သော် ၎င်းတိုင်းနှစ်ခုကို ဖွင့်ဆိုကြသောကျမ်းတို့တွင် ဥပရိပဏ္ဏာသပါဠိ တော် ပုဏ္ဏောဝါဒသုတ်၌ သုနာပရန္တသဒ္ဒါနှင့် ဟောတော်မူ၏။ ၎င်းပြင် သုတ်မဟာဝါ အဋ္ဌကထာ မဟာနိဒါနသုတ်, သတိပဋ္ဌာနသုတ်အဖွင့်၌ အပရန္တသဒ္ဒါဖြင့် လာရှိ၏။ ထို့ကြောင့် ၎င်းတိုင်းနှစ်ခုသည် သဒ္ဒါကွဲပြားပြီး အနက်တူ၏။အဓိပ္ပာယ်အတူတူပင်ဟု ဆိုပါသည်။[၁]

၁။ အိန္ဒိယကြေးမုံကျမ်း၊ နှာ - ၁၃၈၊ နှင့် သာသနာလင်္ကာရစာတမ်း၊ နှာ - ၂၁





ထိပ်ပေါ်၌ ခြေတော်ရာတစ်ဆူ။ 'ပစ္ဆာ ဂစ္ဆန္တော နမ္မဒါနာဂရာဇေန ပူဇနိယံ ယာစိတော နမ္မဒါနဒီတီရေ ပဒစေတိယံ ဒဿေသိ'ဟူသည့်နှင့်အညီ သာဝတ္ထိပြည်သို့ ပြန်ကြွလတ်သော် နမ္မဒါနဂါးမင်းကို အကြောင်းပြု၍ နမ္မဒါ မြစ်ကမ်းပါး၌ ခြေတော်ရာတစ်ဆူ။ 'တတော သစ္စဗန္ဓပဗ္ဗတံ ပတ္ဝာ သစ္စဗန္ဓထေရေန ယာစိတော သစ္စဗန္ဓပဗ္ဗတေ'ဟူသည်နှင့်အညီ ထိုအရပ်မှ သစ္စဗန္ဓတောင်သို့ ရောက်တော်မူ၍ သစ္စဗန္ဓမထေရ်ကို အကြောင်းပြု၍ ထိုသစ္စဗန္ဓတောင်ထိပ်၌ ခြေတော်ရာတစ်ဆူ။ ဤသို့လျှင် သုံးဆူသော ခြေတော်ရာကို ချထားတော်မူ၏ဟု အဓိပ္ပာယ်ရရှိ၏"[၁]ဟူ၍ ခြေတော်ရာ များကို စိစစ်ညွှန်ပြထားပါသည်။

## မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံ၌ အစုတိပါဒခြေတော်ရာ မတွေ့ရှိရ

မဇ္ဈိမဒေသဟူသည် အဝန်းကိုးရာရှိကြောင်းကို ဝိနည်းမဟာဝါပါဠိ တော်စသည်တို့၌ ဟောတော်မူ၏။ ထိုမဇ္ဈိမဒေသ၏ နယ်နိမိတ်အပိုင်း အခြားမှာ ဧကနိပါတ် အင်္ဂုတ္တရအဋ္ဌကထာ၌ လာရှိသည်နှင့်အညီ အရှေ့ ကို လားသော် ဇင်္ဂလာနိဂုံးရွာ၊ အရှေ့တောင်ကို လားသော် သလ္လာဝတီမြစ်၊ တောင်ကို လားသော် သေတကဏ္ဏိကနိဂုံးရွာ၊ အနောက်ကို လားသော် ထူနာနိဂုံးရွာ၊ မြောက်အရပ်ကို လားသော် ဥသီရဒ္ဓဇတောင်တန်း ဆီးကာ ပိုင်းခြားတော့၏။ ထိုအလားငါးရပ်အတွင်းရှိ မြို့ရွာတို့သည် မဇ္ဈိမဒေသ ဖြစ်ပေ၏။ စည်ပုံသဏ္ဍာန် အလယ်ကြီး၏။ အချို့နေရာအရပ် ယူဇနာ ရှစ်ဆယ်၊ အချို့နေရာတွင် ယူဇနာတစ်ရာ၊ အကျယ်ဆုံးနေရာအချင်း ယူဇနာသုံးရာရှိ၏။ ပေါင်း ပတ်လည်အဝန်းအားဖြင့် ယူဇနာကိုးရာ ရှိသည် ဟု သုတ်သီလက္ခန်အဋ္ဌကထာများ၌ လာရှိ၏။ ဤမဇ္ဈိမဒေသအတွင်း ၌သာ ဘုရားရဟန္တာစသည်တို့ ပေါ်ပေါက်ဖြစ်ထွန်းကြောင်းသာဆိုသည်။[၂] ခြေတော်ရာထားရစ်ကြောင်း အမှတ်အသား မတွေ့ရသေးပေ။

၁။ မင်းပြား ချိတ်တောင်ဆရာတော် ဦးကိတ္တိ ၁၂၉၄ ခု တပေါင်းလတွင် အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့တွင် ရေးသားပြီးစီးခဲ့သော အိန္ဒိယကြေးမုံကျမ်း၊ နှာ - ၁၂၉

၂။ အိန္ဒိယကြေးမုံကျမ်း နှာ (၅)

[**မှတ်ချက်**။ ။မဇ္ဈိမဒေသတွင်ကား ဘုရားရှင်၏ အရိပ်တော် 'ဗုဒ္ဓဆာယာ" ဟူ၍ကား ရှိသည်။ ခြေတော်ရာနှင့်ပတ်သက်၍ကား မတွေ့ရ။ ပစ္စန္တရစ်အရပ်တို့၌ အရိပ်တော်ဟူ၍ မတွေ့ရ၊ ခြေတော်ရာဟူ၍ ရှိ၏။]

ထိုထိုနေရာတို့၏ အပြင်ဘက်ကျသော အရပ်ကို "ပစ္စန္တဇနပဒ" ပစ္စန္တရစ်ဇနပုဒ်ဟု ခေါ်ဝေါ်၏။ တတိယသင်္ဂါယနာတင်ပြီးအဆုံး၌ နောင်ခါဘယ်အရပ်တို့၌ သာသနာတော်မြတ် ကောင်းစွာ တည်လတ္တံ့နည်းဟု အရှင်မောဂ္ဂလိပုတ္တတိဿမထေရ် ဆင်ခြင်တော်မူလျှင် ပစ္စန္တရစ်တိုင်းတို့၌ ကောင်းစွာတည်လတ္တံ့သည်ကို မြင်တော်မူ၍ ပစ္စန္တရစ်ကိုးဌာနသို့ သာသနာပြု စေတော်မူသည်။

ကိုးဌာနဟူသော်ကား-[၁]

(က) မဇ္ဈန္တိကမထေရ်ကို ကသ္မီရဂန္ဓာရတိုင်း

(ခ) မဟာရေဝတ မထေရ်ကို မဟိံသကတိုင်း

(ဂ) ရက္ခိတ မထေရ်ကို ဝနဝါသီတိုင်း

(ဃ) ယောနကဓမ္မရက္ခိတ မထေရ်ကို အပရန္တတိုင်း

(င) မဟာဓမ္မရက္ခိတ မထေရ်ကို မဟာရဋ္ဌတိုင်း

(စ) မဟာရက္ခိတ မထေရ်ကို ယောနကတိုင်း

(ဆ) မဇ္ဈိမ မထေရ်ကို ဟိမဝန္တာစိန့်တိုင်းငါးရပ်

(ဇ) သောဏာဥတ္တရ မထေရ်ကို သုဝဏ္ဏဘုမ္မိတိုင်း

(ဈ) အရှင်မဟိန္ဒမထေရ်ကို သီဟိုဠ်ကျွန်း။

ဤကိုးတိုင်းကိုးဌာနသို့ ဥပသမ္ပဒကံမြောက်လောက်အောင် ပဥ္စဝဂ်သံဃာငါးပါးစီ စေတော်မူသတည်း။ ထိုတိုင်းတို့သည် မဇ္ဈိမတွင် မဝင်ကြ

၁။ မင်းတုန်းဘုရင်၏ လိုအပ်ချက်အရ မင်းတိုင်ပင်အမတ် မဟာဓမ္မသင်္ကြန်ရေးသား ဆက်သွင်းသော သာသနာလင်္ကာရစာတမ်း၊ နှာ (၂၀)





သော်လည်းလည်း ၎င်းတို့သည် အနီးဝန်းကျင်၌ တည်ကြ၏။ သုနာပရန္တတိုင်း၊ ယောနကတိုင်း၊ သုဝဏ္ဏဘုမ္မိတိုင်းတို့ကား မဇ္ဈိမတိုင်းကြီးများတွင် မဝင်မပါချေ။ ခြေတော်ရာနှစ်ဆူတည်ရှိရာ သုနာပရန္တတိုင်းသည်လည်း ပစ္စန္တရစ်တိုင်းတစ်ခုသာ ဖြစ်သည်။

ဘုရားသခင်အား ဖူးတွေ့ခြင်းငှာ မလွယ်ကူသောအရပ်ဒေသတို့၌သာ ထားရစ်တော်မူခဲ့၏။ ဇနပဒအရပ်တို့၌ ခြေတော်ရာ ချပေးတော်မူခဲ့လေသည်။ နောင်အနာဂတ်သာသနာတော် ထွန်းလင်းရစ်မည့်တိုင်းများကိုသာ အနာဂတံသဉာဏ်တော်ဖြင့် ဆင်ခြင်တော်မူ၍ ခြေတော်ရာများ ထားရစ်ခဲ့သည်ဟူလို။ ယနေ့အချိန်တွင်ကား မဇ္ဈိမတိုင်းသား တိုထက်ပင် ဂုဏ်မြင့်ဝင့်ထယ်ရှိလေပြီ။ အမျိုးသားတို့ ဂုဏ်ယူတတ်ကြပါစေ။ မနသိကာရ (နှလုံးသွင်း) နှင့်တကွ ပူဇော်ခြင်းလည်း တတ်ကြပါစေ။

## မြန်မာ့မဏ္ဍလသည် အဘယ်တိုင်းတို့ ဖြစ်လေမည်နည်း

ယင်းအချက်ကို သက္ကရာဇ် ၁၂၄၄ ခုနှစ် ပြာသိုလတွင် မဟာဗောဓိ (ဗုဒ္ဓဂယာ) သို့ ကြွတော်မူသော သင်္ဂဇာဆရာတော်ဘုရားကြီး၏ အတွေ့အကြုံနှင့်တကွ ခရီးစဉ်ကို မှတ်တမ်းတင်ထားခဲ့သော မဟာဗောဓိမဂ္ဂဒီပနီစာမျက်နှာ (၇၈) ၌ "သုနာပရန္တတိုင်း၊ သုဝဏ္ဏဘုမ္မိတိုင်း၊ ယောနကတိုင်း၊ ဤဌာနတို့သည် မြန်မာ့မဏ္ဍလ၊ မြန်မာ့တိုက်နယ်ပင်ဖြစ်သည်"[၁]ဟူ၍ အချုပ်အားဖြင့် မိန့်ကြားထားရှိပါသည်။

နယ်နိမိတ်အားဖြင့် ရှေးအခါက ဆိုလေ့ရှိသည်မှာ မဇ္ဈိမတိုင်း၊ သုနာပရန္တတိုင်း၊ အပရန္တတိုင်း၊ ယောနကတိုင်းဟူ၍ လေးတိုင်းမျှကို အမှတ်ရှိကြောင်း ၁၂၈၄ ခုနှစ်ခန့်က ဟသ်တမြို့ ရန်ကုန်ကျောင်းတွင် သီတင်းသုံးခဲ့သော ကျွန်းတောကုန်းဆရာတော်ကြီး မိန့်ကြားဖူးသည်ကို အမှတ်အသားရှိခဲ့ပါသည်။ ထိုတိုင်းတို့၏ တည်ရာနှင့် အပိုင်းအခြားကား ဘင်္ဂလား

၁။ မဟာဗောဓိမဂ္ဂဒီပနီ၊ နှာ - ၇၈၊ ဝါဒတ္တယဝိဘာဝိနီ၊ နှာ - ၄၅

ရှာဖွေခဲ့သူမှာ ထိုခေတ် သုဓမ္မာ (နာယက) ဆရာတော်ကြီးများတွင် တစ်ပါး အပါအဝင်ဖြစ်တော်မူသော အဂ္ဂမဟာလင်္ကာရ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော်ရ သင်္ဂဇာဆရာတော်ကြီးဖြစ်ပေသည်။

## ခြေတော်ရာ၏ သဲလွန်စတစ်ခုကို အမှတ်မထင်ရလိုက်ခြင်း

၁၂၄၀ ခုနှစ်တွင် သင်္ဂဇာဆရာတော်ကြီး ကြွရောက်ခဲ့ခြင်းဖြစ်သည်။ ရဲကျော်သူသံကျောင်းတွင် တည်းခိုပြီး တရားဓမ္မများလည်း ဟောပြောခဲ့သည်။ တစ်နေ့တွင် စစ်တွေမြို့သား ဒါယကာများနှင့် စကားပြောဆိုရင်း ဤသို့ မေးမြန်းခဲ့ပါသည်။ "ငါတို့ ရှေးက ကြားဖူးသည့်အတိုင်း ဒါယကာတို့အား မေးမြန်းအံ့၊ ဒကာတို့၏ စစ်တွေဒေသအတွင်း၌ နရမ်းမဒါး အမည်နှင့် မြစ်တစ်ခုများ ရှိခဲ့လား"ဟု မေးတော်မူသည်။ ဒကာတို့က "အရှင်ဘုရား တပည့်တော်တို့၏ မြို့နယ်တွင်း၌ နရမ်းမဒါးဟူ၍ကား မရှိပါ။ သို့ရာတွင် အမည်ဆင်ဆင်တူသော ရမ်းဒါးမြစ်ဟူ၍ကား တပည့်တော်တို့ ဒေသ၌ အထင်အရှားပင် ရှိနေပါသည်"ဟု လျှောက်ထားကြ၏။ ထိုအခါ သင်္ဂဇာဆရာတော်ကြီးက ပါဠိလို နမ္မဒါမြစ်ခေါ်ကြောင်း၊ သက္ကတ အသံထွက်, ဟိန္ဒီအသံထွက်အားဖြင့် နရမ္မဒါးဟု အသံထွက်ကြောင်း၊ ရခိုင်အသံအားဖြင့် ရမ်းဒါးဟု ခေါ်သည်မှာ သဘာဝကျကြောင်း အဋ္ဌကထာ၌ နမ္မဒါဟု အသံထွက်သော မြစ်တစ်ခုရှိကြောင်း၊ ၎င်းမြစ်၏ကမ်းနဖူး တစ်နေရာ၌ ဘုရားရှင်ခြေတော်ရာချခဲ့ကြောင်း၊ ဤသို့မှန်လျှင် ဤနရမ်းမဒါးဟု ခေါ်သော ရမ်းဒါးမြစ်ကမ်းတစ်နေရာ၌ ဘုရားရှင်၏ခြေတော်ရာ တည်ရှိရာ၏ဟု မိန့်တော်မူခဲ့လေသည်။

## ခြေတော်ရာနှင့်ပတ်သက်၍ ကွင်းဆက်သဲလွန်စ ပေါ်လွင်လာခြင်း

အချို့သောသူတို့ကား ခြေတော်ရာနှင့်ပတ်သက်၍ ယုံကြည်မှုမရှိခဲ့ကြပေ။ ယုံမှားခြင်းသံသယလည်း ရှိကြပေ၏။ အချိန်ကာလ, နေရာဒေသ, စစ်ရေးစစ်ရာစသည့် အခြေအနေပယောဂတို့ကလည်း ပြဋ္ဌာန်းခဲ့ပေမည်။ ဆရာတော်ကြီးက စကားစပ်ရှာ၍ ရမ်းဒါးမြစ်ကမ်းတွင် ဘုရား





ထို့ကြောင့် သုနာပရန္တတိုင်းနှင့် အပရန္တတိုင်းကား အတူတူပင် ဖြစ်ပြီး ၎င်း၏ နယ်နိမိတ်ကို ပိုင်းခြားပြရာ၌ကား ဆရာကြီး ဦးဘသန်း ရေးသားခဲ့သည့် ကျောင်းသုံးမြန်မာရာဇဝင်စာအုပ် စာမျက်နှာ (၂) တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။

"မြန်မာနိုင်ငံရင်းကို ပိုင်းခြားလျက် ဧရာဝတီမြစ်အနောက်ဘက်ကို သုနာပရန္တတိုင်း၊ အရှေ့ဘက်ကို တမ္ပဒီပတိုင်းဟု ခေါ်သည်"ဟု ဆိုထားပါသည်။ ထို့ကြောင့် မြန်မာ့မဏ္ဍလသည် သုနာပရန္တတိုင်းပင်တည်း။

## ဘိုးတော်ဘုရားလက်ထက် ထောက်လှမ်းရှာဖွေခြင်းနှင့် လျှို့ဝှက်ထားခြင်း

၁၁၄၃ ခုနှစ်တွင် အရှေ့ပြည်၌ ဘိုးတော်ဘုရား နန်းတက်လေသည်။ ၁၁၄၅ တွင် အင်းဝမှ အမရပူရမြို့တော်သို့ ပြောင်းရွှေ့စံတော်မူသည်။ နိုင်ငံတော်ကိုလည်း ပြုပြင်စီရင်တော်မူသည်။ သာသနာကိုလည်း ပြုစုခဲ့သည်။ ပြည်တွင်းပြည်ပသို့ ပိဋကတ်တော်များ ပြန့်ပွားစေသည်။ မဇ္ဈိမဒေသတိုင်းကြီး အရပ်ရပ်သို့လည်း လောကီလောကုတ္တရာစာပေကျမ်းဂန်များ ရှာဖွေစုဆောင်းစေသည်။ စစ်ရေး, နိုင်ငံရေးတွင်လည်း ထောက်လှမ်းမှုများ ပြုနေခဲ့သည်။

၁၁၄၄ တွင် အနောက်ပြည်၌လည်း မဟာသမ္မတမင်း နန်းတက်လေ၏။ ထိုအခါ ကျောက်တော်မှာ ဓားမနိုင်တစ်မင်း၊ ရိုးကျွန်းတွင် ကုလားရွှေစာတစ်မင်း၊ ပိန္နဲချောင်းတွင် ကောင်းညွှန့်ရန်တိုင်တစ်မင်း၊ ကျပ်စင်ကျွန်းတွင် ငသံထွေတစ်မင်း၊ တန်းလွဲတွင် ကျော်ထွေးတစ်မင်း၊ မာန်အောင်တွင် သတိုးဖြူတစ်မင်း ပုန်ကန်နေကြ၏။ ၎င်းတို့မှ ဒါးပိုင်ကြီး ငသံထွေနှင့် လေးတောင်စား ထွန်းစံတို့က စစ်ပင့်ချေသဖြင့် ၁၁၄၆ ခုနှစ်တွင် ကြည်းရေစစ်ကြောင်းလေးသွယ်ဖြင့် ချီတက်လာခဲ့ကြောင်း မဇ္ဈိမဒေသအရေးတော်ပုံကျမ်း စာမျက်နှာ (၇) တွင် ဆိုသည်။

"အရှေ့ပြည် ဘိုးတော်ဘုရားကိုလည်း ရခိုင်ဘုရင် ဥဂ္ဂါဗလသီရိသုဓမ္မရာဇာ၏ မြေးတော်ဖြစ်သည်ဟု ရခိုင်တို့ကိုယ်တိုင်က ယုံကြည်မျှော်လင့်သည်က တစ်ကြောင်း၊ တိုင်းပြည်မှ အုံကြွခုခံမှုနည်း၍ နန်းတွင်းသစ္စာခံများကသာ ခုခံကြလေသည်"ဟု ဆရာကြီး ဦးမောင်မောင်တင်ရေးသားသော မဟာမုနိဘုရားကြီးသမိုင်း စာမျက်နှာ (၂၃) တွင်လည်း ၎င်းအတိုင်း ဖော်ပြထားသည်။ အိမ်ရှေ့မင်းသားသည် အလိုတော်ပြည့်ပြီးမှ မဟာမုနိဘုရားရှင်သို့ အဖူးအမျှော်ထွက်တော်မူသည်။ ထိုစဉ်က အိမ်ရှေ့ ဥပရာဇာ မောင်ပါမှာ အသက် ၂၂ နှစ်သာရှိသေးသည်။ အိမ်ရှေ့ဥပရာဇာက မဟာမုနိကို ဖူးမျှော်ပြီးနောက်တွင် ဗိုလ်မင်းသီရိကျော်ထင်အား ပင့်ဆောင်တော်မူရန် အမိန့်တော်ချမှတ်လေသည်။ ထိုအခါ ပြည်သူအားလုံး ဝမ်းနည်းလျက် အရာရာ လျှို့ဝှက်ကြလေကုန်၏။

စန္ဒမုနိအစရှိသော ဘုရားများစွာ၌ သတ္တုကို ကျောက်သားမံသောအတတ်ပညာဖြင့် လျှို့ဝှက်ကြလေ၏။ ရှေးထဲကပင် ပကတိ မှီနေခဲ့သော ခြေတော်ရာကိုလည်း လျှို့ဝှက်ကြကုန်၏။ မူရင်းနေရာ၌ အဆောက်အဦတို့ကို ဖျက်ဆီး၍ ကွယ်ဝှက်ထားလိုက်တော့သည်။ တောင်ဘက်ကြွေတဲမြစ်တစ်ဘက်ကမ်း စစ်တွေကျွန်းပေါ်ရှိ ကျောက်တန်းကြီး၏ တစ်နေရာတွင် ချိုင့်ခွက်တစ်ခုကို မုဆိုးခြေရာဟူ၍ ပြုလုပ်လိုက်ပြီး နတ်ကွန်းနတ်စင်ပါ ဆောက်လုပ်ထားလေ၏။ ဒေသတစ်ခုလုံးကိုလည်း ဩဇာတိက္ကမကြီးသူ တို့က နှုတ်ပိတ်လိုက်လေတော့သည်။ မကြာမီပင် ဘုရင့်စစ်မှုထမ်းတို့ ရောက်လာ၍ မေးမြန်းကြလေသည်။ ထိုအခါ အားလုံးက ဘုရားခြေရာ ဟူ၍ကား မကြားဖူး၊ မုဆိုးခြေရာဟူ၍ကား ကြားဖူးပါသည်၊ ယခုလည်း နတ်ကွန်းနတ်စင်ဖြင့် ကျွန်ုပ်တို့ ကိုးကွယ်လျက်ပင် ရှိပါ၏ဟု ကွယ်ကာသော စကားကို ဆိုကြလေသည်။ ထိုစဉ်ကာလကစ၍ သက်ကြီးစကား သက်ငယ် ကြားပြီး အဆက်ဆက် မုဆိုးခြေရာဟူ၍သာ ပြောဆိုရိုးရှိတော့၏။ ပြောဆိုသည့်အတိုင်းလည်း ယုံကြည်လျက် ရှိခဲ့ကြ၏။ စကားနောက် တရားပါခဲ့ လေပြီတကား။





[မှတ်ရိုးအစဉ်ကား။ ။တစ်ချိန်က စစ်တွေတစ်နယ်လုံးက အလေးဂရုပြုခဲ့ရသော ဆရာတော်ဦးဝါယမထေရ်သည် ၁၂၇၃ တွင် မန္တလေးမှ ရောက်ရှိလာ၍ မြင်ကန်းချောင်းရွာ ဝါးရုံတောကျောင်း၌ သီတင်းသုံးတော်မူ၏။ ထိုစဉ်အခါ ကန်ပြင်ရွာမှ မြေပိုင်ဦးခွေချေ၊ မြင်ကန်ရွာမှ မြေပိုင်ဦးထွန်းပုံနှင့် ဦးသာတိုးတို့သည် ဤသို့လျှောက်ထားကြလေ၏။ "မိုးစည်ကျွန်း၌ရှိသော ခြေတော်ရာကို မကြားဖူးပါ၊ မုဆိုးခြေရာဟူ၍ကား ရှေးအစဉ်အဆက်တို့ ပြောဆိုကြသောစကားကို တပည့်တော်တို့ ကြားဖူးပါသည်။ ယခုအခါ၌ကား မစဲကျွန်း၌ ဘုရားခြေတော်ရာဟူ၍ ပြောဆိုနေကြပါသည်။ သို့ဖြစ်၍ ယခုအခါ ထင်ရှားကျော်ကြားနေပါသည်။ ရှေးရှေးလူကြီးများ လက်ထက်က ဘုရားရှင်၏ ခြေတော်ရာဟု အဘယ့်ကြောင့် မထင်ရှားခဲ့ပါသနည်း"ဟု လျှောက်ထားကြလေသည်။ ထိုအခါတွင် ဆရာတော်က အထက်တွင် ဖော်ပြထားသည့်အတိုင်း ၁၁၄၆ ခုနှစ် မဟာသမ္မတမင်း လက်ထက်မှစ၍ ရှင်းလင်းပြောကြားခဲ့ကြောင်း အမှတ်အသား စကားရှိခဲ့ပါသည်။]

## ရတနာပူရစတုတ္ထနန်းတည် မင်းတုန်းမင်းလက်ထက် ရှာဖွေပုံ

၁၂၁၄ ခုနှစ်တွင် ညီတော် ကနောင်မင်းသားနှင့်အတူ ထီးနန်းကို လုပ်ကြံအောင်မြင်ခဲ့သည်။ အချိန်မှာ ပဲခူးနယ်ကို အင်္ဂလိပ်တို့က သိမ်းပိုက်ကြောင်း ကြေငြာပြီးချိန်ဖြစ်သည်။ သို့သော် အသိအမှတ်မပြုခဲ့။ သက္ကရာဇ် ၁၂၁၈ တွင် မန္တလေးနန်းမြို့သစ်ကို တည်ဆောက်၍ ပြောင်းရွှေ့စံတော်မူသည်။ အင်္ဂလိပ်နယ်ထဲတွင် ရှိနေသော ရွှေတိဂုံဆံတော်ရှင်ကို ထီးတင်နိုင်ခဲ့သည်။ စီးပွားရေးတွင် ထုတ်ကုန်များကို နိုင်ငံခြားသို့ တင်ပို့ရောင်းချခဲ့သည်။ သာသနာရေးတွင် ပိဋကတ်တော်သုံးပုံကို သင်္ဂါယနာတင်နိုင်ခဲ့ပြီး ကျောက်ထက်အက္ခရာ တင်တော်မူသည်။ ပိဋကတ်တော်စာပေသင်ကြားမှုကို နိုင်ငံတော်အဆင့်အတန်းဖြင့် ချီးမြှောက်ခဲ့သည်။ ပရိယတ်စာပေအလွန်ကျယ်ပြန့်ခဲ့သည်။ ၎င်းခေတ်တွင် ပိဋကတ်တော်နှင့် အထောက်အထားများကို တိုက်ဆိုင်ကိုက်ညှိပြီး ခြေတော်ရာကို ရှာဖွေခဲ့ပါသေးသည်။

မင်းကြီးလည်း ငါးလပတ်လုံး ကြံစည်သော်လည်း မပင့်ဆောင်နိုင်သောကြောင့် သိမ်တန်ဆောင်းတော်ကြီးကို လှူဒါန်းထားခဲ့၏။ သင်းကျစ်တော်ပွားနှင့် ရွှေဘုရားငွေဘုရားများကို ပင့်ဆောင်၍ ပြည်တော်ပြန်လေ၏ဟု ဆိုသည်။ ဤတွင် ဘုရားခြေတော်ရာနှင့် ပတ်သက်၍ မကြံစည်ခဲ့သလောဟု မေးဖွယ်ရှိလေပြီ။ ထိုအချိန်က အနော်ရထာမင်း၌ ပိဋကတ်တော် အာဂုံဆောင်သာသနာပြုပုဂ္ဂိုလ်များရှိနေပြီဖြစ်ရာ ပိဋကတ်တော်လာ ဗုဒ္ဓ၏ ဓာတ်တော်, မွေတော်, ဆံတော်, စွယ်တော်တို့နှင့်အတူ ခြေတော်ရာများ အကြောင်းကို ကောင်းစွာ ဆည်းပူးထားပြီးဖြစ်ပေမည်။ အဘယ်လျှင် မကြံစည်ဘဲ ရှိအံ့နည်း။ ပါဒခြေတော်ရာကိုလည်း လျှို့ဝှက်စုံစမ်းရှာဖွေနေခဲ့မည်မှာ ယုံမှားဖွယ်မရှိပေ။ အနော်ရထာမင်းစော အဘယ်ပုံအဘယ်နည်း စုံစမ်းလေ့လာခဲ့သနည်း။ "မင်းကြီးကား ရေထမ်း၍ မိဖုရားကား ဆွမ်းရွက်၍ ရှင်အရဟံကို နေ့တိုင်း မပြတ် လုပ်ကျွေး၏။ အမေးပုစ္ဆာမေးမြန်းဖွယ်ရှိလျှင်လည်း မေး၏။"ဟူသော သာသနာလင်္ကာရစာတမ်းလာ အမတ်ကြီး မဟာဓမ္မသင်္ကြန်၏အဆိုက သက်သေခံနေ၏။ ထို့ပြင် အထောက်အထားတစ်ရပ်မှာ မုံရွေးဇေတဝန်ဆရာတော်ဘုရားကြီး၏ သမန္တစက္ခုဒီပနီတွင်ကား "ပုဂံအနော်ရထာမင်းစော လက်ထက်၌လည်း ဤအရပ်သည်ပင် ဝါဏိဇ္ဇဂါမရွာဖြစ်သည်။ စန္ဒကူးကျောင်းတော်ရာလည်း ဤအရပ်ပင်ဖြစ်သည်"ဟု ရှင်အရဟံ မိန့်တော်မူသောကြောင့်ဟူ၍ ထပ်မံတွေ့ရှိရပြန်လေသည်။ အနော်ရထာမင်းစော တကယ်ပင် မေးမြန်းစုံစမ်းသည် မှန်၏။

## မြေးတော်အလောင်းစည်သူ၏ ဖောင်တော် မိုးစည်ကျွန်းကို ပတ်ခဲ့သည်

ဤတွင် မလ္လာယုကျွန်းဆွယ် မလေးရှားသို့ ရောက်ရှိခဲ့ခြင်းလည်း မှန်ပါသည်။ ယခုဖော်ပြလိုသည်မှာ မေယုမြစ်ဝသို့ ရောက်ရှိခဲ့ကြောင်းကို ဆိုပါမည်။ ပုံပြင်ဒဏ္ဍာရီဆန်လှသော ဖြစ်ရပ်တစ်ခု မေယုမြစ်ဝတွင် ရှိခဲ့လေပြီ။ ရှေးအတိတ်သမိုင်းအခါက အလောင်းစည်သူငယ်သည် ရေကြောင်းခရီးဖြင့် မယူမြစ်ဝသို့ ရောက်ရှိခဲ့လေသည်။ ပင်လယ်ဝအရောက်တွင် နတ်နဂါးတို့ကြောင့် လှိုင်းတံပိုးတို့ အဆမတန် ကြီးမားလေရာ မှူးမတ်





ခြေတော်ရာ ရှိတန်ကောင်း၏ဟု ပြောတော်မူသည်တွင် စစ်တွေမြို့ ရွာပငေါင်းရပ်နေ သူကြွယ်ကြီး ဦးအောင်ဖြူအစရှိသော စစ်တွေမြို့ခံ ဒကာများက ဘုရားခြေရာဟူ၍ကား မကြားဖူးပါဘုရား။ မုဆိုးခြေရာဟူ၍သာ ကြားဖူးပါသည်ဟု လျှောက်ထားကြကုန်၏။ ထိုအခါ သင်္ဂဇာဆရာတော်ဘုရားကြီးက ပြုံးတော်မူပြီးလျှင် အောက်ပါအတိုင်း မိန့်ကြားခဲ့လေသည်။

"ဒကာကြီးတို့ ကြားဖူးသည်မှာလည်း မှန်မှာပဲ၊ စစ်ရေးစစ်ရာ, မင်းရေးမင်းရာတွေကြောင့် ကျားစင်စစ်မှန်လျက် ကြောင်ဖြစ်သွားရတာပဲ" ဟု မိန့်ကြားတော်မူခဲ့ကြောင်း သက်ကြီးစကား သက်ငယ်ကြား အာစရိယပရမ္ပရပြောဆိုအပ်သော စကားတို့ကို မှတ်သားရဖူးပါသည်။

## နမ္မဒါမြစ်ကမ်းခြေ မိုးစည်ကျွန်းထိ ခြေတော်ရာ လာရှာသော သင်္ဂဇာဆရာတော်ကြီး

သင်္ဂဇာဆရာတော်ကြီးသည် စစ်တွေတွင် တရားဓမ္မဟောပြောမှုများ ပြီးသည့်နောက်တွင် သူကြွယ်ကြီး ဦးအောင်ဖြူပင် ခရီးလမ်းညွှန် ဦးစီး ဦးဆောင်ပြုကာ နမ္မဒါမြစ်ကမ်းခြေ မိုးစည်ကျွန်းအရှေ့ဘက်ခြမ်းရှိ သာစည် ထောင့်ရွာ (ရှေးအခါက ပင်လယ် ယခုထက်မြင့်ကာ ရေတက်ရေကျ အားကောင်းပြီး ရေဝဲကြီးသဖြင့် ဝဲကြီးထောင့်ဟု ခေါ်ခဲ့သည်၊) သို့ ကြွရောက်ခဲ့လေသည်။ ထိုသာစည်ထောင့်ရွာကလေး၌ပင် စခန်းချပြီး ရှာဖွေမှုပြုတော်မူပါသည်။ ရွာခံဒေသသားများအနေဖြင့်လည်း လေ့လာရှာဖွေကြလေ၏။ တော၌ ကျင်လည်ကြကုန်သော ငှက်စက်ကြက်တည် သမားများအားလည်းကောင်း၊ ချောင်းနားကမ်းနား သွားလာကြသော တံငါသည်တို့အားလည်းကောင်း စုံစမ်းမှုပြုလေသည်။ သို့သော် ထိုသူတို့ အနေဖြင့်လည်း အတိအကျမဆိုနိုင်ဘဲ ရုံခါခြေရာလိုလို တွေ့ဖူးပါသည်ဟုလည်းကောင်း၊ ရုံခါ ပျောက်၍နေတတ်ပါသည်ဟုလည်းကောင်း ဆိုကြလေသည်။ သင်္ဂဇာဆရာတော်ကြီးကိုယ်တိုင်ပင် နှစ်ရက်သုံးရက်မျှ လိုက်ပါရှာဖွေခဲ့ပါသည်။ လောင်းစင်ရွာဘက်သို့လည်း နှစ်ရက်တိုင်တိုင် ဆွမ်းစား

ကြွတော်မူရင်း စေ့ငုလေ့လာခဲ့ပါသေးသည်။ ထိုသို့ ဆရာတော်ကြီးသည် မြတ်သော ယုံကြည်ချက်ဖြင့် ဤပါဒခြေတော်ရာကြီးကို အထူးပင် ကြိုးစား ရှာဖွေခဲ့ပါသည်။ **ဆရာတော်ဘုရားကြီးက 'ပါဒခြေတော်ရာကို နမ္မဒါ မြစ်ကမ်း၌ အမှန်တကယ် တွေ့ခဲ့ရလျှင် ဗုဒ္ဓခြေတော်ရာ စင်စစ်ကို တွေ့ရပြီဟု မှတ်ယူ ယုံကြည်ပြီးဖြစ်ကြောင်း 'မိန့်မှာခဲ့ပါသည်။** ဆရာတော်ကြီးကား မဖူးတွေ့ခဲ့ရလေ။

[**မှတ်ရိုးအစဉ်ကား**။ ။၁၃၃၀ ပြည့်နှစ် တပို့တွဲလဆုတ် (၁) ရက် ဗုဒ္ဓဟူးနေ့တွင် စစ်တွေမြို့နေ ဦးမောင်စောသာ၏ မေတ္တာရပ်ခံချက်အရ သာစည်ထောင့်ရွာသား အသက် (၇၆) နှစ်ရှိသူ ပန်းချီဆရာ သင်္ဂဇာ ဦးပေါ်ထွန်းအောင်၏ ခြေတော်ရာအကြောင်းပြောပြချက်မှ ဖြစ်ပါသည်။ ၎င်း၏ ပြောပြချက်များကို ငယ်စဉ်အသက် ၁၂ သားခန့်တွင် ဆောင်းတွင်း ကာလများ၌ မီးလှုံရင်း ၎င်းရွာမှ လူကြီးများဖြစ်သော ဦးငမဲနှင့် ဦးလှထွန်း တို့ ကလေးများကို ပြောပြ၍ သိရပါသည်။ ဦးလှထွန်းဆိုသူမှာ စစ်တွေ မြို့မှ သူကြွယ်ဦးအောင်ဖြူနှင့် အမျိုးယောက်ဖတော်သူဖြစ်ပြီး အသက် ၇၂ နှစ်ထိ နေသွားခဲ့ပါသည်။ ဦးငမဲဆိုသူမှာ ဆရာတော်ကြီးအား ဆွမ်း နှစ်ထပ်လုပ်ကျွေးခဲ့သူဖြစ်ပြီး နောင်တွင် သင်ပုန်းတန်း ကန်ပြင်ရွာသို့ ပြောင်းရွှေ့သွားပြီး အသက် ၉၂ နှစ်ထိ နေသွားခဲ့ပါသည်။ သင်္ဂဇာ ဦးပေါ်ထွန်းအောင်၏ မွေးသက္ကရာဇ်မှာ ၁၂၆၃ ခု၊ နယုန်လဆန်း (၈) ရက် စနေနေ့တွင် ဖွားမြင်သူဖြစ်ပါသည်။

**ဗုဒ္ဓခြေတော်ရာကို မဟာမုနိပင့်ရန်လာသောမင်းတို့ ရှာဖွေခဲ့ပြီလော?**

"ရှေးခေတ်ကာလများစွာကပင် မဟာမုနိရုပ်ပွားတော်၏ ဂုဏ် သတင်းကြောင့် ပင့်ဆောင်ကိုးကွယ်လိုသော ဆန္ဒဖြင့် သရေခေတ္တရာ, ပုဂံ, ဟံသာဝတီ, ပဲခူးမင်းများသည် ကြိုးစားအားထုတ်ခဲ့ကြသည်။ ရခိုင်သို့ လည်း စစ်ချီခဲ့ကြလေသည်"ဟု ဆရာကြီး ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) ရေးသားသော မဟာမုနိဘုရားကြီးသမိုင်းတွင် ဆိုပါသည်။





**ဗုဒ္ဓခြေတော်ရာကို အနော်ရထာမင်းစော ရှာဖွေခဲ့သည်**

ပုဂံဘုရင်အနော်ရထာမင်းစောသည် သက္ကရာဇ် ၃၇၉ ခုနှစ်တွင် မင်းပြုသည်၊ တစ်နိုင်ငံလုံးကို အရည်းကြီးအယူဝါဒမှ ဗုဒ္ဓဘာသာသို့ တည် စေခဲ့သည်။ သက္ကရာဇ် ၃၈၈ ခုနှစ်တွင် ယိုးဒယားဇင်းမယ်ကို တိုက်ခိုက် သိမ်းပိုက်ခဲ့သည်။ သက္ကရာဇ် ၄၁၁ ခုနှစ်တွင် တရုတ်ပြည်သို့ ကိုယ်တိုင် ချီတက်၍ ဗုဒ္ဓစွယ်တော်မြတ်ကို ပင့်ဆောင်ရန် သုံးလတိုင် စီမံခဲ့ပြီးနောက် တွင် ကျောက်စိမ်းရုပ်တုတော် (မြဘုရားဆင်းတု) တစ်ဆူ ပင့်၍ ပြည်တော် သို့ ပြန်လေသည်။ တစ်ဖန် သီဟိုဠ်ကျွန်း မာတုသေနမင်းထံသို့ သံတမန် စေလွှတ်၍ ဗုဒ္ဓစွယ်တော်မြတ်ကို တောင်းခံခဲ့သည်။ ရရှိသော စွယ်တော် ပွားကို ရွှေစည်းခုံဘုရားတွင် ဌာပနာခဲ့သည်။ သက္ကရာဇ် ၄၁၈ ခုနှစ်တွင် ပဲခူးဟံသာဝတီကို တိုက်ခိုက်သိမ်းပိုက်ပြီး သက္ကရာဇ် ၄၁၉ ခုနှစ်တွင် သုဝဏ္ဏဘုမ္မိသထုံပြည်ကို ဆက်လက်သိမ်းပိုက်သည်။ ဓာတ်တော်မွေတော် များနှင့် ပိဋကတ်တော်တို့ကို ပင့်ဆောင်လေသည်။ အနော်ရထာမင်းစော နိုင်ငံအရပ်ရပ်သို့ ချီလေတိုင်း ဗုဒ္ဓသာသနာဆိုင်ရာ အမွေအမြတ်များကို အထူးပင် အလေးထား ရှာဖွေလေ့လာကြံဆောင်ကြောင်း တွေ့ရလေသည်။

ဓညဝတီရခိုင်ရာဇဝင်သစ်တွင် ဖော်ပြထားသည်မှာ ပုဂံပြည်ကို အစိုးရသော အနော်ရထာမင်းသည် သူရဲတစ်သိန်းနှင့် ချီလာ၏။ မဟာမုနိ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်မည်ဟု ကြံ၍ ပုဂံပြည်သို့ သွားသော ဗူးရွက် မညိုးလမ်း[၁]ကို ဖောက်တော်မူ၏ဟု ဖော်ပြထားသည့်အပြင် အနော်ရထာ

၁။ ကျောင်းသုံးမြန်မာရာဇဝင် နှာ (၃၉) တွင် မဖဲမြို့မှအမ်းသို့ ကျော်သောလမ်း (ရှေးအခေါ် မုဆိုးကျော်လမ်း) ကို ပြထားသဖြင့် ကွဲလွဲသည်။ ဗူးရွက်မညိုးကျော် လမ်းမှာ မြောက်ဦးနှင့် မဟာမုနိကြားသို့ ပေါက်ရောက်၍ ဖြစ်သင့်သည်။ ရခိုင် ရာဇဝင်တော်ကြီးတွင် မြောက်ဦး ချိတ်ချောင်းဘုရားတွင် လုပ်ကြံခံရသော ရခိုင် ဘုရင်ဥဂ္ဂဗလသီရိသုဓမ္မရာဇာ၏ မိဖုရားကြီး အလောင်းဖုရားကြီး ဦးအောင်ဇေယျ ကို ပဋိသန္ဓေနှင့် လွယ်၍ ၎င်း၏ဇာတိ အရှေ့ပြည်သို့ ပြေးခဲ့သောလမ်းမှာလည်း ဗူးရွက်မညိုးကျော်လမ်းပင် ဖြစ်သည်။

ထိုအခါမှ ကျန်လူများပါ အော်သံကြားရာသို့ တောတိုး၍ ဝင်ရောက်လိုက်လာကြပြီး ဝိုင်းအုံမေးမြန်းကြည့်ရှုကြလေသည်။ ဦးသူတော်ကား ပြန်ကြားပြောဆိုရန် သတိမရတော့ချေ။ အတန်ကြာသောအခါတွင်မှ ခြေတော်ရာသည် “ရုံခါပျောက်သွားတတ်၏”ဟု ကြားဖူးသည်ကို အမှတ်ရလာပြီး ခြေတော်ရာကို လက်နှစ်ဘက်ဖြင့် ဖိကိုင်ထားပြီး “ဤနေရာမှ ငါမထ”ဟု ကြွေးကြော်လေ၏။ ထိုအခါမှ ဦးအောင်ဖြူ, ဦးလှထွန်းနှင့် ရှာဖွေကြသော ရွာသားများ လှိုက်လှဲဝမ်းသာဖြစ်ကြပြီး ပါလာသော ပူဇော်ဖွယ်များဖြင့် ခြေတော်ရာကို အားရပါးရ ဖူးမြော်ကန်တော့ကြလေသတည်း။

[**မှတ်ချက်**။ ။သင်္ဂဇာ ဦးပေါ်ထွန်းအောင်၏ ပြောကြားချက်များနှင့် ဂူတောင်ဆရာတော် ဦးကုဏ္ဍလ၏ မှတ်စုမှ မှတ်တမ်းများကို ကောဇာ ၁၃၃၀ ဝန်းကျင်ခန့်တွင် ရသေ့တောင်မြို့မှ ဆရာဦးအောင်ချမ်းဦးက ကူးယူမှတ်သားထားပြီး ပြန်လည်ရေးသော စာမူ (ဒုတိယစာမူ) မှ ဖြစ်ပါသည်။ ပထမစာမူရှိသေးသော်လည်း ဒုတိယကမ္ဘာစစ်တွင် ပျောက်ပျက်ခဲ့ကြောင်း သိရပါသည်။ ဤစာရေးသားချိန်၌ ဆရာကြီးမှာ အသက် ၈၀ နီးပါးရှိနေပြီဟု မှတ်သားရပါသည်။]

ဤသည်ကား မိုးစည်ကျွန်းတွင် ခြေတော်ရာကြီး ပေါ်ပေါက်လာခြင်း၏ နိဒါန်းအစတည်း။ ဤခြေတော်ရာကြီးကို ရည်မှတ်၍ ရေးသားခဲ့သော လင်္ကာမှတ်တမ်းတစ်ပိုင်းတစ်စကို ဖတ်မှတ်ရဖူးပါသည်။ “ဒီပမည်ထွန်း၊ မိုးစည်ကျွန်းကို၊ ရုံဝန်းပတ်ကာ၊ နမ္မဒါဟု၊ သညာတွင်လစ်၊ ထိုသည့်မြစ်၏၊ ကမ်းရစ်မခြား၊ လက်ဝဲနား၌၊ လှထွားတင့်တယ်၊ လွန်သပ္ပာယ်အောင်၊ ဒီရေမမြုပ်၊ လှိုင်းတစ်ပုတ်တွင်၊ ဖော်ထုတ်သေချာ၊ နတ်မာယာဖြင့်၊ ဖန်လာသောသွင်၊ ထိုကျောက်ပြင်ဝယ်၊ မြတ်ရှင်ဗုဒ္ဓ၊ စိန္တေယျ၏၊ ပါဒစက်ရွှေ၊ လက်ဝဲခြေဖြင့်၊ ပြေပြေပြစ်ပြစ်၊ တံဆိပ်နှိပ်သို့၊ ဖြစ်သည်မကာ၊ သပ္ပာယ်စွတည်း”ဟူ၍ လွန်ခဲ့သော နှစ်ပေါင်း (၇၀) ကျော်ခန့်က ဤကျွန်းကြီးပေါ်တွင် သက်ရှိထင်ရှားရှိခဲ့သည့် ဂူတောင်ရွာသားဦးလှဖြူခေါ်တွင်သည့် လင်္ကာဆရာကြီးတစ်ဦးက ပါဒစက်တော်ရာဘုရားဖူးမှတ်တမ်း ပြုခဲ့ဖူးလေပြီ။





ငယ်သားတို့ ပူပန်ကြကုန်၏။ ထိုအခါ ပဋိသန္ဓေအရင့်အမာလွယ်လျက်ပါလာသော မိဖုရားမှာ မနေသာတော့ဘဲ အလောင်းစည်သူကို လျှောက်ထားရန် ခြေတော်ကို ဆံဖျားဖြင့် ဦးတိုက်၍ နှိုးလေသည်။ နိုးလာသောအခါတွင်ကား အဘယ်ကြောင့်ဟု မပြောနိုင်၊ အလွန်ပင် အမျက်ဒေါသထွက်ပြီး လက်သုံးတော် သံလျက်ဖြင့် ထိုးခုတ်ယောင်ရမ်းမိလေပြီ။ မိဖုရားလည်း ၎င်းဒဏ်ရာဖြင့်ပင် ရေတွင်ကျလေသည်။ မိခင်တို့၏ မေတ္တာစိတ်ကြောင့် ရင်၌ လွယ်ထားသော သန္ဓေသားကို ရေမှာပင် မွေးဖွားခဲ့သော်လည်း သမုဒ္ဒရာပင်လယ်ဝတွင် ဆုံးပါးခဲ့ကြလေသည်။ အလောင်းစည်သူငယ် စက်တော်ခိုရာမှာ နိုးထလာသောအခါတွင်ကား နှောင်းခဲ့ပြီ။ မိဖုရားနှင့် သားတို့ကား နေစရာမရှိသည့် တမလွန်ဘဝမှ နေရာတောင်းခဲ့ကြလေပြီ။ အငူမော် လောင်းချောင်း မယူတောင်တန်းကြီးတို့ကို မိဖုရားအတွက် အပိုင်စား ပေး၍လည်းကောင်း, မိုးစည်ကျွန်း ပဉ္စင်းမော်တွင် သားကြီးကိုလည်းကောင်း, ၎င်းကျွန်းနှင့် အပြိုင်တောင်ဘက်မှ စစ်တွေကျွန်းအောင်နိုင်ချောင်းဝတွင် သားငယ်ကိုလည်းကောင်း အသီးသီး အပိုင်စားပေးရစ်ခဲ့ သော ပုံပြင်ဆန်ဆန်ဖြစ်ရပ်တစ်ခုရှိခဲ့သောကြောင့် ခိုင်လုံသောသက်သေများ ဖြစ်နေ၏။

အဘယ်ကိစ္စအကြောင်းရှိ၍ ဤဝန်းကျင်သို့ လာရောက်ခဲ့သနည်း၊ အဘယ်မှတစ်ဆင့် လာရောက်ခဲ့သနည်း၊ ပုံပြင်ဒဏ္ဍာရီမျှသာလော၊ အမှန်တကယ်လော၊ ဆန်းစစ်အံ့။ အဒူမင်းညို ရေးခဲ့သော ရခိုင်မင်းသမီး ချောင်းတွင် “ဧသည်တစ်ချက်၊ စမ္ဘဝက်၌၊ ဘုန်းသက်စည်ပြုန်း၊ ဆယ်ဟောက်ကြုံးတွင်၊ အဆုံးစွန်မျှူး၊ မင်းဘီလူးကို၊ ကြုံထူးလှည့်ပတ်၊ ပုန်ကန်သတ်၍၊ မတ်အဿယာ၊ မည်သာတစ်ချက်၊ ဝရောင်းငှက်လျှင်၊ သုံးဆက်ရွှေသာ၊ ပဉ္စာမြို့ဟောင်း၊ ကျိန်းပြီးနှောင်းမှ၊ မင်းကောင်းသွေးခဲ၊ မင်းရဲဘယ၊ ပေါက်ညိုမြနှင့်၊ ကြွခဲ့ရွှေပြည်၊ ဆွေနှစ်မည်တွင်၊ မြင်သည်သည်းချာ၊ ရွှေဂူသာနှင့်၊ လက်ျာမင်းနန်၊ နံရိုးမှန်လျှင်၊ တစ်ဖန်၎င်း၊ လောင်းစည်သူခိုင်း၊ အယူလှိုင်း၍၊ တလိန်းတစ်သိန်း၊ ပျူတစ်သိန်းနှင့်၊ အောင်ကိန်းခါကြိမ်၊ ပြက္ခဒိန်

လျှောက်၊ ပရိမ်မြို့သစ်၊ ထောင်လာလှစ်သည်၊ ချစ်၍ပြည်သူ၊ ယူသတည်း လေ”ဟု စပ်ဆိုထားခဲ့သည်။

ထို့တူ ကျောင်းသုံးမြန်မာရာဇဝင်၌လည်း မင်းရိုးမင်းဘီလူးကို သူပုန် အမတ် ဝရောင်းငှက်သတ်၍ မင်းဘီလူးသား မင်းရဲဘာယ ကျန်စစ်သားထံ ခစားသည်။ အခွင့်မသာခဲ့။ ၎င်းသား လက်ျာမင်းနန် လက်ထက်တွင်မှ အလောင်းစည်သူ ရခိုင်ကို တိုက်၍ လက်ျာမင်းနန်ကို နန်းတင်ရကြောင်း ရေးထား၏။ “မဟာမုနိသမိုင်း၌ကား သက္ကရာဇ် ၄၈၀ တွင် အလောင်း စည်သူငယ်သည် လက်ျာမင်းနန်ကို နန်းတင်စေလွှတ်တော်မူသောအခါ တလိမ်းနှင့် ပျူတို့သည် မဟာမုနိရုပ်ရှင်တော်မြတ်ကို ပုဂံသို့ ယူဆောင် ကျဉ်းသော်လည်း မရသဖြင့်”ဟု ဧည့ဝတီရာဇဝင်သစ်၌လည်း တွေ့ရပေ သည်။

ထို့ကြောင့် မယူမြစ်ဝသို့ အလောင်းစည်သူ သွားရောက်ခဲ့ကြောင်း ယုံမှားဖွယ်မရှိနိုင်ပေ။ မိုးစည်ကျွန်းကို ပတ်၍ လားခဲ့ကြောင်း သေချာလှ ပါသည်။ အကြောင်းကိစ္စကိုသာ ၎င်း၏အဘိုး အနော်ရထာကဲ့သို့ပင် ခြေ တော်ရာကို ရှာဖွေခဲ့လေသလောဟု တွေးဆရန်သာ ရှိပေတော့သည်။

### ၁၂၄၂ တွင် ခြေတော်ရာ ပေါ်ပေါက်လာခြင်း

သင်္ဂဇာဆရာတော်ကြီးသည် ဆကလက်ရှာဖွေရန် တိုက်တွန်းခဲ့ရာ **“ကံကောင်းလျှင် သင်တို့ တွေ့ရလတ္တံ့၊ ငါတို့သာ ကံမကောင်း၍ မတွေ့ရပေ**”ဟု မှာကြားခဲ့သည်။ ဤမှာကြားချက်ကို သူကြွယ်ကြီး ဦးအောင်ဖြူတို့ သတိရလျက်ရှိသည်။ နောက်မဆုတ်နှင့် တွေ့ရလတ္တံ့ဟူ သော စကားမှာ ဤကမ်းခြေ၌ ခြေတော်ရာချသည်ကို တစ်ထစ်ကျ ယုံကြည်လျက်ရှိကြောင်း ထင်ရှားလေသည်။ သူကြွယ်ကြီး ဦးအောင်ဖြူ လည်း ခြေတော်ရာအမှန်ပင် ရှိရမည်ဟု ယုံကြည်ကာ သာစည်ထောင့် ရွာရှိ အမျိုးယောက်ဖတော်စပ်သူ ဦးလှထွန်းအား မှာကြားရှာဖွေနေစေခဲ့ သည်။ စုံစမ်းစေခဲ့သည်။ ရံခါတွင်လည်း ကိုယ်တိုင်သွား၍ ရှာလေ၏။ ဤသို့ဖြင့် နှစ်နှစ်ကြာခဲ့လေသည်။





၁၂၄၂ ခုနှစ်က တပေါင်းလရောက်သောအခါ ဦးအောင်ဖြူသည် သာစည်ထောင့်ရွာသို့ တစ်ခေါက်ရောက်ခဲ့ပြန်လေသည်။ ဦးလှထွန်းနှင့် အတူ ရွာသားများ ယုံကြည်လေးစားကြည်ညိုကြသော ဦးကင်းတောင် ပေါ်၌ သီလဆောက်တည်နေထိုင်သူ လူသူတော်ကြီး ဦးရန်အောင်ကို အမှူးပြုခဲ့ကြသည်။ ရွာမှလည်း နီးစပ်ရာနိုးဆော်ခေါ်ယူသည်။ လိုက်ပါသူ များနှင့်အတူ ထီး၊ တံခွန်၊ ကုက္ကား၊ ကြက်ရှာတို့ကို ကိုင်ဆောင်လျက် ကမ်းခြေစပ်၊ ဒီတော ပြူးတော၊ ပြာတော၊ ဇီးတော၊ ဖက်ရံတောများ မကျန် တစ်နေ့ပြီးတစ်နေ့ ပိုက်စိပ်တိုက်ရှာကြသည်။ တစ်နေရာပြီး တစ်နေရာ နားကြရသည်။

တပေါင်းလကား ပူပြင်းလှသည်။ ဒီရေအမြင့်ဆုံးတက်သော လလည်း ဖြစ်ပေသည်။ ရှေးက ‘မြင်းသဘောဖျား’ဟု ခေါ်ကြသည်။ ဤ လပြည့်ကျော်လျှင် ရေပြန်တော့မည်။ ရုက္ခလောကလည်း ရွက်ဟောင်းတို့ ကြွေလေပြီ။ ပရစ်ဖူးတို့ ဝေတော့မည်။ ရာသီစက်ဝန်းကြီး တစ်ပတ်ပြည့် တော့မည်။ နတ်ဆင်းတောင်ထိပ်က ဥဩတွန်သံကြားရပြီ။ ဦးသူတော် ထိုင်နားနေရာမှ ရပ်ကြည့်သည်။ အိပ်မက်ထဲက တောနှင့် ဤနေရာတူနေ သည်။ ရှေ့သို့လျှောက်သွားပြီး ကြည့်သည်။ နောက်ဆက်ပြီး ဝင်သွား သည်။ ကြည့်သည်။ တောင်တန်းကြီးကို တွေ့သည်။ ထပ်၍ရှေ့တိုးသည်၊ ပြန်စဉ်းစားကြည့်သည်။ မှန်နေသည်။ ရှေ့ကိုကျော်ကြည့်သည်။ ကျောက် စွန်းအောက်တွင် ရေပြည်ချိန်ဖြစ်၍ ရေစပ်တွင် လှိုင်းကြက်ခွပ်များ ဦးတိုက် နေကြသည်။ နွယ်များပတ်ခွေနေသည့်ကြားကို ပြန်ကြည့်သည်။ သေချာ သွားတော့သည်။ သစ်ရွက်ခြောက်များကြားမှ တစ်ပိုင်းတစပေါ်နေသော ခြေတော်ရာကြီးကို တွေ့မြင်လိုက်ရပြီ။ ယုံမှားဖွယ်မရှိ။ ဦးသူတော်ကြီးမှာ ပီတိသောမနဿဖြစ်လျက် ခြေတော်ရာကြီးကို မျက်စိမခွါနိုင်ဘဲ “ဆီမီး တိုင် ယူခဲ့၊ ဆီမီးတိုင် ယူခဲ့” တစ်ခဲနက်အသံကြီးဖြင့် အော်နေမိတော့သည်။ စိတ်တွင်လည်း ဘုရားရှင်၏ ခြေတော်ရာစစ်စစ်ကို ငါဖူးတွေ့ရပြီ၊ ငါလူဖြစ် ရကျိုးနပ်လေပြီဟု ဝမ်းသာလုံးဆို့ကာ မျက်ရည်များစို့လျက် မလှုပ်မယှက် တော့ပေ။

(ဤခရီး၌ပင်လျှင် မြတ်စွာဘုရား၏ ခြေတစ်လှမ်းတွင် မည်သို့တိုင်းတာ သတ်မှတ်မည်နည်း။) ရောက်သည်နှင့် ဘုရားရှင်သည် ပဏ္ဍုကမ္ဗလာမြကျောက်ဖြာကြီး၏ အနီး၌ ရပ်တော်မူလေ၏။ ထိုစဉ်ခဏ၌ သိကြားမင်းက ဤသို့ ကြံစည်မိလေသည် "ဘုရားသခင် ကိုယ်တော်မြတ်သည် ငါတို့နတ်ရွာ ဤကျောက်ဖျာကြီးထက်၌ ဝါကပ်တော်မူလိုဟန်ရှိသည်၊ အကယ်၍ စံနေတော်မူအံ့ များစွာသော နတ်ပြဟ္မာတို့အား ဥပကာရ ကျေးဇူးအထူးပင်များပေလိမ့်မည်၊ သို့သော် အလျားယူဇနာခြောက်ဆယ် အနံယူဇနာငါးဆယ် အထုတစ်ဆယ့်ငါးယူဇနာရှိသည်ဖြစ်၍ အလွန်လျှင် ကြီးမားလွန်းလှပြီး ဘုရားရှင်၏နေရာသည် အနည်းငယ်မျှသာဖြစ်၏၊ ထိုကြောင့် အသုံးမဝင်သော နေရာလွတ်ကား အလွန်ပင်များပြားလွန်း၍ အချည်းနှီးဖြစ်ချေတော့မည်"ဟု ကြံမိမှားလေသည်။

[**မှတ်ချက်**။ ။ရမ်းပြဲတောင်ကျောင်းဆရာတော်က တစ်ယူဇနာလျှင် ရှစ်မိုင်ခန့်ယူသည်။[၁] မော်လမြိုင်တောင်ပေါက်ဝေယံဘုံသာဆရာတော်လည်း ရှစ်မိုင်ယူ၏။]

ဘုရားရှင်သည်လည်း သိကြားမင်း၏ အကြံကို သိတော်မူ၍ ကိုယ်တော်၏ နှစ်ထပ်သင်္ကန်းကြီးဖြင့် မြကျောက်ဖျာကြီးတစ်ခုလုံးကို ဖုံးအုပ်၍ ခင်းလေသည်၊ ထိုအချိန်ထိ သိကြားမင်းသည် "သင်္ကန်းတော်ကို ကျောက်ဖြာတစ်ခုလုံး ခင်းထားစေဦးတော့ ကိုယ်တော်တိုင်ကား အနည်းငယ်မျှသော နေရာ၌သာ ထိုင်နေတော်မူပေလိမ့်မည်"ဟူ၍ ရိုးရိုးပင် ကြံစည်စဉ်းစားပြန်လေ၏။ ဘုရားရှင်သည် သိကြားမင်း၏ စိတ်အကြံကို သိတော်မူ၍ အင်းပျဉ် (ထိုင်ခုံ) ငယ်၌ ပံသုကူစုတင်ဆောင်မထေရ်ကြီး တစ်ပါးထိုင်နေတော်မူသည့်ပမာ ပဏ္ဍုကမ္ဗလာမြကျောက်ဖြာကြီးတစ်ခုလုံးကို တင်ပလ္လင်ခွေ၏အတွင်း၌သာ ပြု၍ ထိုင်နေတော်မူလိုက်လေ၏။ ထိုစံနေသည်ကို သိကြားမင်း မြင်သောအခါ ဘုရားသခင်တို့၏ အရာကား

---

၁။ ရမ်းပြဲတောင်ကျောင်းဆရာတော်၏ ဧည့ဝတီရာဇဝင်သစ်၊ နှာ (၂၉၄)





## မိုးစည်ကျွန်းမှ ဘုရားရှင်ခြေတော်ရာ ပမာဏ

ခြေတော်ရာများသည် တစ်ဆူနှင့်တစ်ဆူ အလျားအနံ အဝန်းအားဖြင့် တူညီမည်၊ မတူညီနိုင်ဟူ၍ တထစ်ချ အမှတ်အယူ မရှိသင့်ပေ။

အကြောင်းသော်ကား ဘုရားရှင်သည် ကာလတည်းဟူသော ချိန်ခါ၊ ရာသီ၊ ဥတု၊ နွေ၊ မိုးသဘာဝကို လိုက်လျောစေ၍လည်းကောင်း, ဒေသတည်းဟူသော ရေမြေသယံဇာတ တောတောင် ကျောက်ဆောင် ကျောက်တန်း ပင်လယ်ကမ်းစသည်တို့ကို လိုက်လျောစေ၍လည်းကောင်း, ပယောဂတည်းဟူသော အခြားသော ကြောင်းခြင်းရာ အလုံးစုံတို့နှင့် လိုက်လျောစေ၍လည်းကောင်း သဗ္ဗညုတဘုရားရှင်သည် အနာဂတံဉာဏ်တော်ဖြင့် ရှည်ဝေးသောအနာဂတ်ကာလ၊ ဒေသ၊ ပယောဂများအထိ ဆင်ခြင်တော်မူခဲ့ပေမည်။ တန်ခိုးတော်အားဖြင့်လည်း စီမံတော်မူခဲ့ပေမည်။ ယုံမှားခြင်းကင်းစွာဖြင့်သာ ဖြောင့်မှန်သင့်တင့်စွာသော နှလုံးသွင်းမှုလိုအပ်ပေသည်။

ဤမိုးစည်ကျွန်းရှိ ဘုရားရှင်၏ ခြေတော်ရာပါဒစက်သည်ကား မဇ္ဈိမဒေသရှိရာ မြောက်ဘက်သို့ ခြေတော်ဦးတည့်လျက်ရှိပြီး အလျားအားဖြင့် သုံးဆယ့်နှစ်လက်မ (၃၂") ဗျက်အားဖြင့် တစ်ဆယ့်ငါးလက်မ (၁၅") စောက်အားဖြင့် သုံးဒသမနှစ်ဆယ့်ငါးလက်မ (၃.၂၅") ရှိပေသည်။ သီဟိုဠ်ပါဒနှင့် အတိုင်းတော်များ ကိုက်ညီလျက်ရှိပေသည်။ ခြေတော်ရာများနှင့် ပတ်သက်၍ ပြည်တွင်းမှသည် ပြည်ပနိုင်ငံများအထိ အလိုတော်ပြည့်ဆရာတော်ကြီးသည် ကြွရောက်လေ့လာခဲ့ရာတွင် အထူးအားဖြင့် ယိုးဒယားနိုင်ငံ ဇင်းမယ်ဒေသ ခြေတော်ရာသို့လည်းကောင်း၊ လောနိုင်ငံ မဲ့ဆာဒေသ ခြေတော်ရာသို့လည်းကောင်း၊ သီရိလင်္ကာနိုင်ငံ သုမနတောင်ထိပ်ရှိ ခြေတော်ရာသို့လည်းကောင်း သွားရောက်၍ သုတေသနပြုလေ့လာခဲ့ပါသည်။ သီဟိုဠ်နိုင်ငံ သုမနတောင်ထိပ်ရှိ ခြေတော်ရာကား ပိဋကတ်တော်လာအရ ထင်ရှားအပေါ်လွင်ဆုံး အထောက်အထား အပြည့်စုံဆုံး ပါဒစက်တော်ရာ ကြီးတစ်ဆူ ဖြစ်ပေသည်။ ဤစက်တော်ရာနှင့် ထိုစက်တော်

ရာတို့ အရွယ်အစား အလျားအနံ အဝန်းအစောက်မှစ၍ အထူးတူညီမှုကိုကား အလိုတော်ပြည့်ဆရာတော်ကြီးက ဝိသေသထား၍ မိန့်ကြားသည်ကို စာပြုသူ ကောင်းစွာ မှတ်မိပါသည်။

စင်စစ်အားဖြင့် ခြေတော်ရာတို့သည် အရွယ်အစားပမာဏ တူညီချင်မှ တူညီမည်ဖြစ်သော်လည်း "ခြေတော်ရာသုံးဆူစလုံး အရွယ်အစားပမာဏ တူညီနိုင်သည်"ဟု ယူဆမည်ဆိုလျှင် ဤပါဒစက်တော်ရာသည် ဘုရားရှင်ကိုယ်တိုင် ထားရစ်ခဲ့သော ခြေတော်ရာစင်စစ်ဧကန်ဖြစ်ပေမည်။ ထပ်လောင်းအတည်ပြုရန် ရှိပါသေးသည်။ ထိုအချက်မှာ ခြေတော်ရာနှင့် ပတ်သက်၍ ပြဆိုကုန်သော သာရတ္ထသင်္ဂဟာအစရှိကုန်သော ကျမ်းဂန်တို့၌ လက်ဝဲခြေတော်ရာများကိုသာ ပြဆိုသည်ဖြစ်ရာ သီဟိုဠ်ခြေတော်ရာသည်လည်းကောင်း၊ ဤခြေတော်ရာသည်လည်းကောင်း လက်ဝဲပါဒခြေတော်များသာ ဖြစ်ကြပေသည်။

## ဖဝါးအတိုင်းတော်နှင့် ပတ်သက်၍ ကျမ်းဂန်များမှ ပြသောပမာဏ

ဗုဒ္ဓဘုရားရှင်၏ ဖဝါးတော်ကို အရှည်အတိုင်းအတာပမာဏအားဖြင့် ဖော်ပြထားပုံကို မဟာမုနိသွန်းလုပ်ပုံစကေးမှတ်တမ်းဖြစ်သည့် "သတ္တုရူပပိသုက (သတ္တုရူပပကာရဏလည်းဆို၏)"ကျမ်းမှ ကူးယူထားချက်များ ရှိပါသည်။ လက်သစ်အစုတစ်ဆယ့်ခြောက်ပါးတွင် ဖော်ပြထားသည်မှာ "ပါဒပဏှိ- ခြေဖနှောင့်သည်၊ ပဉ္စင်္ဂုလံ- လက်ငါးသစ်၊ ပါဒပိဋ္ဌာယာမံ- ခြေဖမိုးတော်အလျားကား၊ ဆင်္ဂုလံ- လက်ခြောက်သစ်၊ ပါဒင်္ဂုလံ- ခြေချောင်းတော်သည်ကား၊ ဒွင်္ဂုလံ- လက်နှစ်သစ်၊ အယံ- ဤဆိုအပ်ခဲ့ပြီးသော စံနစ်သည်၊ သောဠသင်္ဂုလရာသိ- လက်သစ်အစုတစ်ဆယ့်ခြောက်ပါးတည်း"ဟုလည်းကောင်း၊ ထွာလတ်တစ်ဆယ့်ခြောက်ပါးအစုတွင် ဖော်ပြထားသည်မှာကား "ပါဒါ- ဖြေဖဝါးတော်အလျားကား၊ ဝိဒတ္ထိ- တစ်ထွာတည်း"ဟုလည်းကောင်း ပြ၏။ ဤတွင် ဘုရားရှင်၏ ကိုယ်တော်တစ်ထွာကိုသာ ဆိုပေ၏။ လက်သစ်တော်မှာလည်း ဘုရားရှင်၏ လက်ချောင်းတော်များနှင့်သာ ဆို၏။





သမန္တစက္ခုဒီပနီကျမ်းတွင် ဘုရားရှင်၏ မဟာပုရိသလက္ခဏာများကို ပြဆိုရှင်းလင်းခန်းတွင် ပါရှိသည်မှာကား "ဒီဃပဏှိ- မြတ်စွာဘုရား၏ အထွာတော်အားဖြင့် တစ်ထွာနှင့်သုံးသစ်"ဟု ပြဆိုပါသည်။ ၎င်းပြင် ဖဝါးတော်ကို လေးစုစု နှစ်စုကား ဖဝါးဦး၊ တစ်ခုကား ဖမျက်မြင်းခေါင်း၏တည်ရာ၊ တစ်ခုကား ရွှေကျင်ဖုကဲ့သို့ အလျားရှည်သော ဖနောင့်တော်လည်းရှိတော်မူ၏"ဟု ပြဆိုထားပါသည်။

လောကီဗေဒင်ကျမ်းတစ်ခုဖြစ်သော ဇနမပတ္တိကျမ်းတွင် ပြဆိုထားသည်ကား "သတ္တင်္ဂုလဆာယာ- ခုနစ်ဖဝါးရှိသောအရိပ်သည်၊ အတ္တပါဒဆာယာသဒိသံ- မိမိကိုယ်ရပ်ဖဝါးနှင့် တူသည်၊ ဘဝတိ- ဖြစ်၏၊"ဟူလို။ ဆိုလိုရင်းမှာ ခြေတော်ဖြင့် ခုနစ်ဖဝါးတော်သည် ဉာဏ်တော်နှင့် ညီ၏ဟုဆိုထားပေသည်။

ဖော်ပြခဲ့သည့်အတိုင်းအတာအားဖြင့်ကား သိသင့်ပေသည်။ သို့သော် ဤစကေးအားဖြင့် ဖော်ပြချက်များကို တစ်ခုသောပုံသေယူနစ်တစ်ခုဖြင့် ကိန်းသေချ၍ လှေနံဓားထစ် တွက်ချက်ခြင်းကား ဘုရားရှင်တို့အား မသင့်လျော်ပေ။

## သိကြားမင်းကိုယ်တိုင် ခန့်မှန်းတွက်ချက်ရာ မှားယွင်းခဲ့ခြင်း

မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်သည်မှ ခုနစ်ဝါမြောက်တွင် မယ်တော်မိနတ်သားကို အမှူးထား၍ အဘိဓမ္မာတရားကို ဟောကြားအံ့သောငှာ တာဝတိံသာသို့ ကြွတော်မူခဲ့၏။ ထိုစဉ်က ဘုရား၏ ကိုယ်တိုင်းတော်နှင့် ပတ်သက်၍ သိကြားမင်းကြံစည်အောက်မေ့ မှားယွင်းခဲ့ဖူးလေပြီ။ ဘုရားသည် ရှေးရှေးဘုရားတို့ကဲ့သို့ပင် သာဝတ္ထိမှ ယုဂန္ဓိုရ်တောင်ထိပ်သို့ ညာခြေတစ်လှမ်း လှမ်းပြီးသည့်နောက် ဘယ်ခြေတစ်လှမ်းတွင် တာဝတိံသာ ရောက်လေသည်။

ညင်သာစွာ ဖိနှိပ်ရေးခြစ်ကူးယူခြင်းဖြင့် မိမိနှင့်ကံပါရမီတူညီသော စက်လက္ခဏာတို့ကို ဖူးမြင်ပူဇော်ရခြင်း။

၂။ သုံးနှစ်ပြည့်တိုင်း (သို့မဟုတ်) ကုသိုလ်အထူးအမြတ်များ ပြုလုပ်အမျှပေးဝေတိုင်း သဘာဝမဟုတ်ဘဲ ထူးခြားသော လှိုင်းတံပိုးများပေါ်လာပြီး စိမ်းညို့လှသော အရောင်ဖြင့် မြွေအသွင်ကြီးမားရှည်လျားသော ကြောတန်းကြီးကို ပကတိအတိုင်းပင် ပရိသတ်တို့ တွေ့မြင်ကြရခြင်း။

၃။ ဝါတွင်းကာလများတွင် ကိုယ်ဟန်အလွန်အလျားရှည်၍ အရောင်အဆင်း ထူးခြားသော အဆိပ်ပြင်းမြွေနဂါးမျိုးတို့ ခြေတော်ရာအတွင်း ရောက်ရှိလာပြီး ရက်သတ္တပတ်လုံး အစာရေစာ မစားဘဲပူဇော် ဥပုသ်ပြုကာ ပျောက်ကွယ်သွားလေ့ရှိခြင်း။

၄။ ရံခါရံခါတွင် ဖားများပါ အတူရောက်ရှိဥပုသ်ဆောက်တည်နေကြခြင်း။

၅။ ခြေတော်ရာမှာ ဘူမိသက်တမ်း အလွန်ရင့်ကျက်၍ ခက်မာသောကျောက်သားပြင်တွင် သဘာဝအတိုင်း ချောမွေ့နူးညက်စွာ ဖြစ်တည်နေသော်လည်း ပျော့ပြောင်းသော ရွှံ့မြေပေါ်တွင် နင်းနှိပ်ထားသည့်ပမာ ဘေးပတ်လည်တွင် အံထွက်လျှံကျနေပုံမှာ လူတို့ဖန်တီးတုပ၍ ဖြစ်နိုင်ဖွယ်ရာ မရှိခြင်း။

၇။ ဒီရေပြည့်ချိန်တွင်ဖြစ်စေ၊ ထူးကဲဒီရေတက်ချိန်ဖြစ်စေ၊ မုန်တိုင်းကြီးများကြောင့် လှိုင်းကြီးနေချိန်တွင်ဖြစ်စေ ခြေတော်ရာကြီးအောက်လှိုင်းတစ်ပုတ်စာ လှိုင်းတစ်ပြန်စာခန့် ရောက်လျှင် လှိုင်းချိုး၍ဦးခိုက်ခြင်း။

၇။ မိုးတွင်းတစ်ရာသီလုံး သည်းထန်သော မိုးများ အကြိမ်ကြိမ်ရွာသွန်းသော်လည်း ခြေတော်ရာအတွင်း ရေတင်နေသည်ကို မတွေ့မြင်ဖူးခဲ့ခြင်း။





မကြံစည်အပ်၊ မကြံစည်ရာ။ အစိန္တေယျပေတည်းဟု များစွာချီးမွမ်းပူဇော်လေ၏။[၁] ဤသည်ကို ထောက်ဆ၍ ဘုရားသခင်၏ ကိုယ်အတိုင်းတော်များသဘောကို နားလည်သင့်ပေသည်။ အဘယ်လျှင် လှေနံဓားထစ်၍သင့်အံ့နည်း။ အကယ်၍ လှေနံဓားထစ်တိုင်းတာသိရှိလိုအံ့။ အောက်တွင်ဖော်ပြထားသောပုဏ္ဏားအား ဘုရားရှင် မိန့်ကြားခဲ့သောစကားကို သတိပြုသင့်ပေသည်။

## မြတ်စွာဘုရား၏ အရပ်တော်ကို ဝါးဖြင့်တိုင်းတာသူ

ထိုအခါက ရာဇဂြိုလ်ပြည်သား ပုဏ္ဏားတစ်ဦးသည် "ဘုရား၏အတိုင်းအရှည်ပမာဏကို တိုင်းတာခြင်းငှာ မစွမ်းနိုင်"ဟူ၍ သတင်းရသည့်အတွက် ကိုယ်တွေ့ တိုင်းတာခဲ့ဖူးပါသည်။

မြတ်စွာဘုရားရှင် ရာဇဂြိုလ်ပြည်တွင်းသို့ ဆွမ်းခံကြွတော်မူစဉ်ထိုပုဏ္ဏားသည် အတောင်ခြောက်ဆယ်ရှိသော ဝါးတစ်လုံးကို ယူဆောင်၍မြို့တံခါးသို့အဝင်တွင် ထိုဝါးကို ကိုင်လျက် ဘုရားအနီးသို့ကပ်၍ ရပ်လေ၏။ ထိုအခါ ဝါးသည် မြတ်စွာဘုရား၏ ပုဆစ်ဒူးတော်မျှလောက်သာရောက်လေသည်။

နောက်တစ်နေ့တွင်လည်း ပုဏ္ဏားသည် ထိုဝါးမျိုးကို နှစ်ပြန်ဆက်၍ယခင်နေ့နည်းတူ ပြုပြန်လေ၏။ ထိုအခါ ပုဏ္ဏားသည် ဘုရားကို ဝါးနှစ်ပြန်အထက် ခါးတော်မျှလောက်သာ ထင်မြင်မှန်းဆလျက်ရှိစဉ် ဘုရားရှင်က"ပုဏ္ဏား အသင် အဘယ်အမှုကို ပြုသနည်း"ဟု မေးတော်မူလေသည်။ပုဏ္ဏားက ရိုးသားစွာပင် ဖြေသည်မှာ 'အရှင်ဘုရား၏ အတိုင်းအရှည်ပမာဏကို ယူနေပါသည်'ဟု ဖြေလေ၏။ ထိုအခါ ဘုရားရှင်က ပုဏ္ဏားကိုမိန့်သည်မှာ "ပုဏ္ဏား သင်သည် အကယ်၍ စကြဝဠာတိုက်၌ အပြည့်ရှိသော ဝါးတို့ကို ဆက်၍လာစေကာမူ ငါဘုရား၏ အတိုင်းအရှည်ပမာဏကို ယူခြင်းငှာ စွမ်းနိုင်လိမ့်မည်မဟုတ်၊ငါဘုရားသည် လေးအသင်္ချေနှင့်

---
၁။ မဟာဗုဒ္ဓဝင် တတိယတွဲ၊ နှာ (၅၃၅)

ကမ္ဘာ တစ်သိန်းကာလပတ်လုံး သူတစ်ပါးက ငါဘုရား၏ အတိုင်း ပမာဏကို ယူနိုင်လောက်အောင် ပါရမီဖြည့်ကျင့်ခဲ့သည်မဟုတ်။ ပုဏ္ဏား ငါဘုရားသည် အတုမရှိသောပုဂ္ဂိုလ်၏။ မနိုင်းမယှဉ်အပ်သောပုဂ္ဂိုလ်သာ ဖြစ်ပေ၏"[၁]ဟု မိန့်တော်မူပြီးလျှင် ဓမ္မပဒကျမ်းလာ အောက်ပါဂါထာကို ဟောတော်မူလေသည်။

နိဗ္ဗုတေ- ကိလေသာအပူခပ်သိမ်း အေးငြိမ်းတော်မူပြီးကုန်သော၊ အကုတောဘယေ- ကြောင့်ကြပူဆွေး ဘေးမရှိကုန်သော၊ တာဒိသေ- ထိုသို့ရှုအပ် ကျေးဇူးမြတ်နှင့် ပြည့်စုံတော်မူကြကုန်သော၊ တေ- ထိုဘုရား ပစ္စေကဗုဒ္ဓါအရိယာသူမြတ်တို့ကို၊ ပူဇယတော- သဒ္ဓါကော်ရော် ပူဇော်သောသူ၏၊ ပုညံ- ကုသိုလ်ကောင်းမှုကို၊ ဣမေတ္တံ- ဤကောင်းမှုကား ဤမျှအကျိုးရှိ၏၊ ဤကောင်းမှုကား ဤမျှအကျိုးရှိ၏ဟူ၍၊ ကေနစိ အပိ- ပြဟ္မာနတ်လူ သုံးဘုံလူတွင် တစ်ဆူတစ်ယောက်မျှသော်လည်း၊ သင်္ခါတုံ- အတိအကျ ရေတွက်၍ပြခြင်းငှာ၊ န သက္ကာ- မတတ်နိုင်သည်သာတည်း။[၁] ဟူ၍ ဖြစ်သည်။

## မိုးစည်ကျွန်းဘုရားရှင်၏ ခြေတော်ရာကို ရွှေကျင်သာသနာပိုင်ဖူးမြော်ခြင်း

ဤဘုရားရှင်၏ ခြေတော်ရာကို ယုံကြည်စွာ ဖူးမြော်ခဲ့သော သာသနာဝင် ထေရ်ကြီးတစ်ပါးမှာ ဒုတိယမြောက် ရွှေကျင်သာသနာပိုင် ဆရာတော်ကြီး ဖြစ်ပါသည်။ မင်းတုန်းမင်း၏ မိဖုရားခေါင်ကြီး သီရိပဝရ တိလောက မဟာရာဇိန္ဒာဓိပတိ ပဒုမာရတနာဒေဝီက ကျောင်းဆောက် လှူဒါန်း ကိုးကွယ်ခဲ့သောကြောင့် မဟာဝိသုဒ္ဓါရာမတိုက် ဆရာတော်ဟု ခေါ်တွင်ပါသည်။ ၎င်းတိုက်ကိုလည်း မယ်တော်တိုက်ဟု ခေါ်တွင်ပါ သည်။ ရာဇာဓိ ရာဇဂုရုဘွဲ့တံဆိပ်တော် နှစ်ကြိမ်ဆက်ကပ်ခြင်းခံရသော ရဟန်းပညာရှိ ပုဂ္ဂိုလ်ကြီးဖြစ်ပါသည်။

---

၁။ ဒီဃနိကာယ်အဋ္ဌကထာ၊ နှာ (၂၅၄) သောဏဒဏ္ဍသုတ်အဖွင့်ကို ကိုးကားသော မဟာဗုဒ္ဓဝင် စတုတ္ထတွဲ၊ နှာ (၅၅၉)





၁၂၆၀ ခုနှစ်တွင် ၎င်းဆရာတော်ကြီးသည် ရခိုင်ပြည်နယ် ရသေ့ တောင်မြို့နယ် မယုကမ်းအောင်ဆိပ်ကျောင်း သိမ်သမုတ်ရာသို့ ကြွရောက် ချီးမြှင့်တော်မူပြီးနောက် ထိုသံဃာပရိသတ်ဖြစ်သော ဒေသခံဆရာတော် ကြီးများ လိုက်ပါလျက် မိုးစည်ကျွန်းခြေတော်ရာကို သွားရောက်ဖူးမြော် ခဲ့ပါသည်။ ဆရာတော်ကြီးသည် မှန်ဘီလူးကိုကိုင်ကာ စေ့စေ့စပ်စပ် ဖူးမြင် တော်မူကြောင်း မျက်မြင်သဘာဝယုတ္တိများ၊ ပိဋကတ်တော်လာ အာဂမ ယုတ္တိများနှင့်တကွ နှီးနှောဆက်စပ်မှုပြုကြောင်း၊ အထူးထူးလေ့လာစဉ်းစား တော်မူပြီးနောက် **"ဤခြေတော်ရာသည် ဘုရားသခင်၏ ခြေတော်ရာပင် ဟုတ်ပေမည်"**ဟု မိန့်ကြားတော်မူခဲ့ကြောင်း အမှတ်အသား ရှိပါသည်။

## အကျော်ဒေးယျကမ္မဋ္ဌာန်းဆရာတော်ကြီးတစ်ပါး၏ မှတ်ချက်

၁၂၉၇ ခုနှစ်က အထူးပင် ကျော်စောကိတ္တိရှိတော်မူသော ဆရာ တော်ကြီးတစ်ပါးဖူးမြော်ခဲ့ဖူးပါသည်။ ထိုခေတ်က ဝိပဿနာကမ္မဋ္ဌာန်းကို မြန်မာပြည်တွင် စဦးဆုံး ထူထောင်ပြသခဲ့သောဆရာတော် ဦးတိက္ခိန္ဒြိယ ထေရ်ဖြစ်ပါသည်။ ဝိပဿနာကျမ်းများစွာကိုလည်း ပြုစုခဲ့သောဆရာတော် ကြီးပင်။ ထိုအချိန်က ဆရာတော်ကြီးကိုယ်တိုင် မင်းပရိသတ်အများ အပြားပင် လိုက်ပါလျက် နှစ်ထပ်သင်္ဘောကြီးဖြင့် လာရောက်ဖူးမြော်ခဲ့ ပါသည်။ စစ်တွေမြို့မှ ပရိသတ်များအပြင် ဘုရားပွဲကာလလည်းဖြစ် ကြောင်း သိရပါသည်။ ခြေတော်ရာရှိရာ၌ ကောင်းစွာအချိန်ယူဖူးမြော်ပြီး နောက် ရင်ပြင်ပေါ်၌ မင်းပရိသတ်များကို အောက်ပါအတိုင်း မိန့်ကြား ခဲ့ကြောင်း မှတ်သားဖူးပါသည်။ မိန့်ကြားချက်မှာ "ဒါယကာတို့ သင်တို့ သည် ဤခြေတော်ရာ၌ သံသယမရှိကြကုန်လင့်၊ ဤခြေတော်ရာသည် ဘုရားသခင်၏ ခြေတော်ရာ စင်စစ်ပင်ဖြစ်သည်"ဟူ၍တည်း။

## ဧဉဝတီပြည် မိုးစည်ကျွန်းခြေတော်ရာကြီး၏ တန်ခိုးဂုဏ်တော်များ

၁။ ယုံကြည်သော သဒ္ဓါတရားဖြင့် ကောင်းစွာ နှလုံးသွင်းထား၍ ခြေတော်ရာ ကျောက်သားပြင်တွင် စာကူးစက်ဖယောင်းစက္ကူကို

သို့သော်လည်း ဒေသခံတို့က ရှိပြီး အဆောက်အဦနှင့် အထောက်အထား များကို ဖျောက်ဖျက်လိုက်ရလေသည်။ ၎င်းပြင် ခြေတော်ရာဟူသော အမည်နာမကိုပင် မုဆိုးခြေရာဟု သမုတ်လိုက်ပြီး နေရာကိုလည်း ကြွေတဲ မြစ်တစ်ဘက်ကမ်း စစ်တွေကျွန်းပေါ်မှ ကျားမသောက်ရွာအနီး ကျောက် တန်း ကျောက်ငုတ်တစ်နေရာမှ ချိုင့်ခွက်တစ်ခုကို ပြောင်းလဲပြုလုပ်ထား လေသတည်း။ ၁၁၈၅ ခုနှစ် အင်္ဂလိပ်မြန်မာစစ်ပွဲဖြစ်သည်အထိ ရခိုင်တွင် ချင်းပုံ့ထကြွမှုရှိနေခဲ့သည်။ သက်ဆိုင်ရာဘုရင့်တပ်များက ဤဒေသသို့ လာရောက်တိုက်ခိုက် ရှင်းလင်းမှုများရှိခဲ့သည်။ ဒေသခံများ ထွက်ပြေး တိမ်းရှောင်နေထိုင်ခဲ့ရသဖြင့် ရပ်ရွာခြောက်ခြားနေခဲ့သည်။ ၁၁၄၆ ထိ နှစ်ပေါင်း ၁၀၀ နီးပါးမှာ ခြေတော်ရာကို ထိမ်ဝှက်ထားသောကာလများ ဖြစ်ရာ ပြုစုသူကင်းဝေးခဲ့ခြင်း၊ ရှေးထုံးအစဉ်အဆက်မှတ်တမ်းများ ပျောက် ပျက်ခဲ့ခြင်း၊ ရှေးရိုးအစဉ်စကားနှင့် သိမှီသူအစဉ်အဆက်ပြတ်တောက်ခြင်း တို့ကြောင့် သမိုင်းကွင်းဆက်ခါးပြတ်ခဲ့ရပြန်လေသည်။

## သီပေါမင်း ပါတော်မူကာလ တွေ့ရှိရသောအခြေအနေ

သင်္ဂဇာဆရာတော်ကြီး ကြွရောက်လာပြီးနောက်ပိုင်းတွင် ခြေတော် ရာကို တွေ့ရှိခဲ့သဖြင့် ခြေတော်ရာကို ပြုစုခဲ့ကြသည်။ ၁၂၄၂ ခုနှစ်မှစ၍ သူကြွယ်ကြီး ဦးအောင်ဖြူက ဒကာပြု၍ အနံ့ခြောက်တောင်ပတ်လည်ရှိ သွပ်မိုးအုတ်တိုက်ဂူငယ်တစ်ခုကို တည်ဆောက်ခဲ့သည်။ သိမှီသမျှတွင် ဦးဆုံးအဆောက်အဦဖြစ်ပါသည်။ ဘုန်းကြီးတည်းခိုရန် လူတည်းခိုရန် ဇရပ် များလည်း ဆောက်လုပ်ခဲ့ကြောင်း သိရသော်လည်း မတွေ့ရှိတော့ချေ။ ယခု ဆိပ်ခံတံတားသို့ သွားသောစင်္ကြန်လမ်းမှာကား ၎င်းအချိန်ကပင် ရှိနေ ခဲ့ပြီး သူကြွယ်ကြီး ဦးအောင်ဖြူ လှူဒါန်းခဲ့ကြောင်း သိရပါသည်။ သောက်ရေ ကန်မှာ စစ်တွေမြို့ ရွှေပြားရပ်မှ ဒါလုဦးဖဦးထွန်းအောင် တူးဖော်လှူဒါန်း ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ သုံးနှစ်ခန့်မျှထိ လုပ်ဆောင်တိုးတက်ခဲ့ပါ သည်။ သို့သော်လည်း ၁၂၄၄ နောက်ပိုင်းတွင်ကား ခြေတော်ရာနှင့် ပတ် သက်၍ ဆောင်ရွက်ချက်များ အထောက်အထားများ မတွေ့ရပြန်တော့ပေ။





စ။ ကုသိုလ်ကောင်းမှုရှိသူတိုင်း ခိုင်မြဲစိတ်ကြံ အဓိဋ္ဌာန်ဖြင့် ယုံကြည် ချက် တစ်ခုကို အဓိဋ္ဌာန်ပြုပါက အောင်မြင်ရခြင်းစသည့် အံ့ဖွယ် ဂုဏ်တော်များနှင့် ပြည့်စုံလှပေသည်။

## ဘုရားရှင်၏ ခြေတော်ရာ စင်စစ်ဖြစ်သည်ဟု ယုံကြည်ရခြင်း

ကျမ်းဂန်နှံ့စပ်ကျေပွန်၍ ပညာရှိကြကုန်သော ဆရာတော်ကြီးများ အနေဖြင့်လည်းကောင်း၊ လူပညာရှင်များအနေဖြင့်လည်းကောင်း နက်နဲစွာ လေ့လာကြကုန်၏။ ဖူးမြော်ကြကုန်၏။ အကြောင်းယုတ္တိများ စွာဖြင့် ဆင်ခြင်ကြကုန်၏။ နိုင်ငံများစွာအထိ လေ့လာကြကုန်၏။ ဆရာ တော်ကြီးကိုယ်တိုင်လည်း သွားရောက်လေ့လာခဲ့၏။ သီဟိုဠ်နိုင်ငံရှိ ပါဒ ခြေတော်ရာနှင့် အရွယ်ပမာဏ အဝန်းအစောက်မှစ၍ အလွန်ပင် တူညီ ကြောင်း အမိန့်ရှိပါသည်။ ဤအချက်မှာ အလွန်လျှင် အဓိကကျသော အချက်ကြီးတစ်ခုဖြစ်ပါသည်။ ၎င်းပြင် မိုးစည်ကျွန်းခြေတော်ရာ၌ ဖိနှိပ် အားကြောင့် ရွှံ့မြေပမာ ကျောက်သားတို့ အံ၍လျှံတက်နေသော ပုံသဏ္ဍာန် အတိုင်းပင် ခြေတော်ကို တွေ့ရ၏။ ခြေတော်ရာ၏ ဘေးဘက်များ၌ ပကတိကျောက်သားပြင်မှာ လျှံထွက်မို့မောက်လျက် တွေ့ရပေမည်။ လူတို ဖန်တီးခဲ့အံ့။ ဤသို့သော ပကတိသဘာဝကို ကြံစည်နိုင်မည်မဟုတ်ချေ။ ကြံစည်သည်ရှိအံ့၊ ဤမျှအလွန် ကြီးမားကျယ်ပြန့်လှသော ကျောက်ဖြာ တစ်ပြင်လုံးကို အနည်းငယ်မျှ မို့မောက်နေသော ခြေတော်ရာ နှုတ်ခမ်း သားအောက်ရောက်အောင် မည်သို့ ထုဆစ်နိုင်မည်နည်း။ ထိုသို့ထုဆစ် ထားသော အနေအထားလည်း မရှိချေ။ စင်စစ် ဤပါဒခြေတော်ရာကြီး သည်ကား တန်ခိုးရှင်တစ်ဦးကသာ စီရင်ဖန်ဆင်းနိုင်ပေမည်။ ထိုတန်ခိုးရှင် သည်ကား ဘုရားသခင်မှလွဲ၍ အခြားမရှိနိုင်တော့ပေ။

(က) ဤခြေတော်ရာသည် အလွန်သက်တမ်းရင့်သော ဘူမိကျောက်ဖြာ ကြီးပေါ်တွင် ပကတိသဘာဝအနေအထားအတိုင်း ရှိနေသော်လည်း ပျော့ပြောင်းသော ရွှံ့သားပြင်ပေါ်တွင် နင်းနှိပ်ထားသည့်ပမာ ဘေးတွင် အံ့ထွက်လျှံကျနေသည်ကို တွေ့မြင်နေရခြင်း။

(ခ) ဤခြေတော်ရာသည် အလွန်နက်ရှိုင်းသော ပင်လယ်ဝမြစ်ကမ်းခြေတွင် တည်ရှိပြီး ဒီလှိုင်းပုတ်ရာကမ်းစပ်တွင် တည်ရှိနေပုံမှာ ပိဋကတ်ကျမ်းဂန်လာ ရေးသားဖော်ပြချက်များနှင့် တစ်ထပ်တည်း ကိုက်ညီခြင်း။

(ဂ) ဤခြေတော်ရာသည် ထူးခြားသော အံ့ဖွယ်သဘာဝများ တန်ခိုးများ ဒိဋ္ဌတွေ့မြင်ရသောကြောင့် တန်ခိုးတော်ရှင် မြတ်စွာဘုရား၏ ဂုဏ်တော်နှင့် ကိုက်ညီခြင်း။

(ဃ) ဤခြေတော်ရာသည် ခက်မာသော ဘူမိကျောက်သားပြင်တွင် ချောမွေ့နူးညက်စွာ ဖြစ်တည်နေပုံမှာ လူတို့ဖန်တီးတုပ၍ ဖြစ်နိုင်ဖွယ်ရာ မရှိခြင်း။

စသည့် အထက်ပါယုတ္တိကြီးများက ခိုင်မာစွာ ထောက်ထားသက်သေခံသောကြောင့်သာလျှင် မင်းနှင့်ပြည်သူ လူရှင်ရဟန်းပညာရှိအပေါင်းတို့ ကြည်လင်ညွတ်နူး ရွှင်မြူးဝမ်းမြောက်သဒ္ဓါပေါက်ခဲ့ခြင်းဖြစ်ပေမည်။

## အဘယ့်ကြောင့် ဘုရားရှင်၏ ခြေတော်ရာ တိမ်မြုပ်နေခဲ့သနည်း

ဘုရားသခင် ပရိနိဗ္ဗာန်ပြုသည်မှ နှစ်ပေါင်း ၂၀၀၀ ခန့်ထိ ခြေတော်ရာသည် ပင်လယ်ပြင်၌သာ ရှိနေခဲ့မည်။ ဒီလှိုင်းများတက်လာချိန်တွင် ခြေတော်ရာကို ရေတို့ ပိတ်ဖုံးသွားပြီး ဒီရေကျသွားချိန်တွင် ပြန်၍ပွင့်လေသည်။ ဤသည်ကို ရည်ရွယ်၍ ပိဋကတ်စာပေတို့၌ "တံ ဝီစီသု အာဂတာသု ပိဓိယတိ၊ ဂတာသု ဝိဝရိယတိ၊ မဟာသက္ကာရပတ္တံ အဟောသိ" ထိုခြေတော်ရာသည် လှိုင်းတံပိုးတို့ တက်လာကုန်သည်ရှိသော် ပိတ်လေ၏။ ကျကုန်သည်ရှိသော် ပွင့်လေ၏။ ကြီးစွာသော ပူဇော်သက္ကာရသို့ ရောက်သည်ဖြစ်၏ဟူ၍တည်း။ သာရတ္ထသင်္ဂဟကျမ်းကို ညွှန်းသော အိန္ဒိယကြေးမုံကျမ်း စာမျက်နှာ ၁၂၈ တွင်လည်းကောင်း၊ သမန္တစက္ခုဒီပနီ စာမျက်နှာ ၅၄၆ တွင်လည်းကောင်း တွေ့ရှိရပါသည်။





ထိုသို့တစ်ချိန်က ပင်လယ်ရေပြင်ထဲတွင် ရှိနေခဲ့ကြောင်း သက်သေရှိပါသည်။ ယခုတိုင် ခြေတော်ရာအနီး ၎င်းထက် မြင့်သောနေရာတွင် ရှေးက ရေလှိုင်းရိုက်ထားသောအရာအတိုင်း ကျောက်နံရံကြီးကို တွေ့နေရပါသေးသည်။ ထိုအချိန်က ဝေသာလီမြို့ ကျောက်လှေခါးသင်္ဘောဆိပ်၌ ပင်လယ်ကူးရွက်သင်္ဘောတို့ဖြင့် စည်ကားခဲ့ပေမည်။ နောင်လေးမြို့ခေတ်ကုန်ဆုံးပြီး မြောက်ဦးခေတ်အစတွင်ကား စစ်တွေကျွန်းကြီးနှင့် မိုးစည်ကျွန်းကြီးတို့ တောင်ဘက်မြောက်ဘက် ကပ်လျက် ပေါ်နေခဲ့လေပြီ။ စစ်တွေကျွန်းပေါ်၌ လူမနေသေးခင် ၎င်းအထက်ဘက် မိုးစည်ကျွန်းကြီးတွင်ကား မင်းဗာဘုရင်လက်ထက် ဥတ္တရာမခုရအောင်သာမြို့ဟု တည်ရှိခဲ့ပြီ။ ထိုအချိန်၌ ဝေသာလီကျောက်လှေခါးကြီး ကုန်းပေါ်သို့ ရောက်ခဲ့လေပြီ။

ပင်လယ်ရေ နိမ့်ဆင်းသွားသောကြောင့် ဂစ္ဆပနဒီမြစ်ဝှမ်းလည်း ဖို့ချမြင့်တက်လာခဲ့ပြီး ကစ္ဆပကျောက်လိပ်တို့ မြေတွင် ကိန်းအောင်းငုတ်လျှိုးသွားခဲ့ကြသည်။ ၎င်းနောက်လည်း မြောက်ဦးရွှေနန်းကို စွန့်ခွါသွားခဲ့ပြီး ဟံသာဝတီ၊ အင်းဝရွှေနန်းဆီသို့ ထွက်ခွါလာခဲ့သော ဗားမဲ့ဆရာတော်၏ လှေလျှင်ငယ် စစ်တွေကျွန်းထိပ်အရောက် အင်းအတတ်ဖြင့် ဖောက်ထွင်းဖြတ်သန်းသွားခဲ့ရာ ကစ္ဆပနဒီမြစ်ကြီးသည်ပင် သဘာဝမဟုတ်ဘဲ ၎င်းနေရာမှ ရေကြောင်းပြောင်းလဲသွားခဲ့ပြန်လေသည်။

ထိုကာလများသို့ ရောက်မှသာ ခြေတော်ရာသမိုင်းသည် စာပေမှတ်တမ်းပေါ်သို့ ရောက်ရှိလာခဲ့သည်။ ခြေတော်ရာမရှိခဲ့သည်ကား မဟုတ်ပေ။ ခြေတော်ရာ ရုပ်ကြွင်းသက်သေနှင့် ပထဝီဝင်သမိုင်းသက်သေကား လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကပင် ရှိနှင့်ခဲ့လေပြီ။

## မဟာသမ္မတမင်းနောက်ပိုင်းကာလ အခြေအနေ

၁၁၄၆ ခုနှစ် မဟာသမ္မတမင်း နောက်ပိုင်းကာလ မဟာမုနိကို ပင့်ဆောင်ခြင်းနှင့်အတူ ခြေတော်ရာအား လာရောက်ရှာဖွေခဲ့လေသည်။

တော်ကြီး အကြောင်းသင့်ခဲ့သည်။ ထိုစဉ်က ဒ. က. စ မှူးဖြစ်သူ ဗိုလ်မှူးချုပ် ဖုန်းဆွေနှင့် ပထမဆုံး သွားရောက်ဖူးမျှော်ခဲ့ပြီး ပဏာမ လေ့လာဆန်းစစ်မှုပြုခဲ့ပါသည်။ ၎င်းနောက်ပိုင်းတွင် ပါဒသုတေသနပြုလုပ်နိုင်ခဲ့ပြီး အတည်ပြုနိုင်သောကြောင့် ဆရာတော်ကြီးသည် ကြီးမားသောမြော်မြင်မှုသတိတရားဖြင့် ထိုစဉ်က တိုင်းမှူးဖြစ်သူ ဗိုလ်ချုပ်မောင်ဦး (ယခုပြည်ထဲရေးဝန်ကြီး) မှအစပြု၍ အာဏာပိုင်တို့အား ဖော်ထုတ်ညွှန်ပြသြဝါဒပြုခဲ့ပါသည်။ ဗုဒ္ဓဘာသာဝင်ပြည်သူလူထုအပေါင်းအား ညီမျှသော မေတ္တာစေတနာ ထားရှိခဲ့ပေပြီ။ ရေခြား မြေခြား ဘာသာခြားတို့အပေါ်တွင်လည်း ကြီးစွာသော သက်သေဖြင့် သာကီမျိုးတို့၏ ကမ္ပည်းမော်ကွန်းတစ်ခု ထိုးပြခဲ့ခြင်းသာ မဟုတ်ပါလော။ ဘုရားရှင်ကိုယ်တော်တိုင်ကလည်း နောင်လာနောက်သားတို့၏ ပစ္စုပ္ပန်လောကနှင့် သံသရာ နှစ်ဖြာသောအကျိုးငှာ ထားရစ်ခဲ့သော လူသားအားလုံးအတွက် အမွေသာဖြစ်ပေသည်။ တောင်းခံသူ (သို့မဟုတ်) တစ်စုံတစ်ဦးအတွက် ထားရစ်ခဲ့သောအရာမဟုတ်ပေ။ ထို့အတူ ဘုရား၏ ဂုဏ်တော်ကျေးဇူးတော်မြတ်တို့သည်လည်း မတိမ်မမြုပ်စကောင်းပေ။ သတိကြီးစွာထားရှိသင့်ကြပေသည်။ ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင်ကလည်း မှာထားခဲ့သည်။ "ပုညံ ဘိက္ခဝေ မာ ဘာယိတ္ထ၊ ပုညံ ဘယတော သုံခံ ဘယတိ နာမ" ရဟန်းတို့ ကုသိုလ်ကို ပြုရန် မကြောက်ကြကုန်လင့်၊ ကုသိုလ်ပြုရန် ကြောက်သောပုဂ္ဂိုလ်သည် ချမ်းသာကိုကြောက်သည်မည်၏ဟူ၏။ ဘုရားရှင်က ကျွန်ုပ်တို့ကို အကျိုးရှိစေချင်၍ သတိပေးဆုံးမတော်မူခဲ့လေသတည်း။

## အလိုတော်ပြည့်ဆရာတော်ကြီးကိုယ်တိုင် ဦးစီးတည်ဆောက်ပြုပြင်ခဲ့သည်

ထိုမှစ၍ ပါဒခြေတော်ရာကြီးနှင့် လျောက်ပတ်တင့်တယ်ကြည်ညိုဖွယ်ဖြစ်သော ဂန္ဓကုဋီပြာသာဒ်တော်ကြီးကို တိုင်းမှူးဗိုလ်ချုပ်မောင်ဦးကိုယ်တိုင် ကမကထပြု၍ ဆရာတော်ကြီးကိုယ်တိုင် ဦးစီးတည်ဆောက်ပေးခဲ့သည့်အပြင် ရေကြောင်းမှလည်း သင်္ဘောရေယာဉ်များ ဆိုက်ကပ်နိုင်





## ဒုတိယကမ္ဘာစစ်မတိုင်မီကာလ တွေ့ရှိရသောအခြေအနေ

ထပ်မံတွေ့ရှိရသည်မှာ ၁၂၉၅ ဒုတိယကမ္ဘာစစ် မဖြစ်မီကာလ ဖြစ်ပါသည်။ ဆရာတော်ဦးအာလောက ဦးဆောင်ခဲ့သည်ဟု ဆိုပါသည်။ ၎င်းခေတ်တွင် သာစည်ထောင့်ရွာအပါအဝင် ခုနစ်ရွာခန့်မှ ကိုယ်စားပြုသူများဖြင့် အကျိုးတော်ဆောင် ဖွဲ့စည်းဆောင်ရွက်ခဲ့လေရာ သွပ်ပြားမိုးပျဉ်ကာ အတောင်နှစ်ဆယ်ကျော်ရှိ သိမ်တန်ဆောင်းတစ်ခု ဆောက်လုပ်ခဲ့ကြောင်းနှင့် ၁၂၉၈ ခုတွင်မှလည်းကောင်း သိမ်တန်ဆောင်းအတွင်း၌ တမံ သလင်းခင်းခဲ့ကြောင်း သိရပါသည်။ ဒကာများမှာ စစ်တွေမြို့ ပွဲစားကြီး ဦးတက်တိုးဖြစ်ကြောင်း သိရပြီး ခြေတော်ရာကို သံကွန်ခြာဖြင့် ကာရံခဲ့ ကြောင်း သိရသော်လည်း ဒကာကိုကား မသိရတော့ပေ။ စစ်တွေမြို့မှ ဖြစ်နိုင်ကြောင်း ပြောပြပါသည်။ ထိုစဉ်က ကပ်ချောင်းရွာမှ ဦးမောင်မြဦး ဆိုသူကလည်း သစ်သားဖြင့် ဖောင်တော်တံတားရှည်တစ်ခု ထိုးခဲ့ဖူး ကြောင်းနှင့် မကြာခင်ကာလမှာပင် ပြိုလဲသွားခဲ့ကြောင်း သိရပါသည်။ ၎င်းအခါက ဘုရားပွဲများ ကျင်းပပြုလုပ်ခဲ့ကြောင်းနှင့် ဘုရားပွဲတော်ရက်မှာ တပို့တွဲလဆန်း (၁၂/၁၃/၁၄) ရေတက်ရက်များတွင် ဖြစ်ကြောင်း မှတ်သားရသဖြင့် ဒုတိယကမ္ဘာစစ် မတိုင်မီက စည်းကားခဲ့ဖူးကြောင်း ခန့်မှန်းတွက်ဆရသည်။

## ဒုတိယကမ္ဘာစစ်အတွင်းကာလအခြေအနေ

ကောဇာသက္ကရာဇ် ၁၃၀၃ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာခဲ့ရာ ဂျပန်ခေတ်တွင်လည်းကောင်း အင်္ဂလိပ်ခေတ်တွင်လည်းကောင်း စစ်မီးတောက်မီးလျှံများ ဝါးမျိုခဲ့လေသည်။ ဂျပန်စစ်သင်္ဘောကြီးများ မေယုမြစ်ဝသို့ ရောက်ရှိခဲ့ပြီး အငူမော်တွင် ကမ်းတက်ကြရာ မိုးစည်ကျွန်းကြီးမှာ ဂျပန်တို့၏ အရေးပါသောနေရာဖြစ်ခဲ့ပေသည်။ အင်္ဂလိပ်တို့ လေယာဉ်ပုံး၊ စက်အမြောက်တို့ဖြင့် ကွက်စိပ်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဘုရားတန်ဆောင်း အဆောက်အဦနှင့်တကွ အားလုံးသောကောင်းမှုများ အစအနပင် မကျန်

အောင် ပျက်စီးပြုန်းတီးခဲ့လေသည်။ အင်္ဂလိပ်တို့ ပြန်ဝင်လာသောအခါတွင်လည်း ပစ်ခတ်တိုက်ခိုက်မှုများ အထူးများပြားခဲ့လေသည်။ စစ်လမ်းကြောင်းကြီးပင်။ ပြည်သူတစ်ရပ်လုံးမှာလည်း ချောင်းကြိုချောင်းကြား၊ မြောင်းကြိုမြောင်းကြား။ ဆွေမျိုးမိဘပျက်စီးကြသူကလည်း အများအပြား။ အရပ်တစ်ပါး ရောက်သွားကြသူများလည်း မရှားပေ။ စစ်၏ အနိဋ္ဌာရုံများကြောင့် သာသနိကအဆောက်အဦများ ပျက်စီးပျောက်ကွယ်သွားပြီး ၎င်းနေရာတို့၌ တောခြုံများသာ ကြီးစိုးမင်းမူပြန်လေတော့သည်။

## ဒုတိယကမ္ဘာစစ်အပြီးကာလ အခြေအနေ

ဒုတိယကမ္ဘာစစ်ကြီးပြီးနောက်တွင် ရွာပေါင်းတစ်ဆယ့်ခြောက်ရွာထိ စုစည်းဆောင်ရွက်လာခဲ့ကြောင်း သိရှိရပါသည်။ တန်ဆောင်းကိုလည်း အလျား ၃၆ တောင်ထိ တိုးချဲ့တည်ဆောက်ခဲ့ပါသည်။ သစ်သားအဆောက်အဦ ဖြစ်ပါသည်။ သို့သော်လည်း ထိုကာလ ဆောင်ရွက်ခဲ့သမျှ ၁၃၃၀ ပြည့် ကဆုန်လတွင် ရခိုင်ပြည် ခြောက်ခြားလောက်အောင် တိုက်ခတ်သွားခဲ့သော ဆိုင်ကလုန်မုန်တိုင်းကြီးကြောင့် အစအနမကျန် ပြိုပျက်လွင့်ပါးပျောက်ကွယ်သွားခဲ့ပြန်ပါသည်။ ထိုကဲ့သို့သော သဘာဝဘေးအန္တရာယ်များ ပြင်းထန်သောရာသီဥတုများကလည်း ခြေတော်ရာကြီး၏ သမိုင်းကွင်းဆက်များကို ပျောက်ပျက်တိမ်ကောစေခဲ့သည်များလည်း ရှိခဲ့ပါသည်။

## လွတ်လပ်ရေးရပြီးသော်လည်း ရောင်စုံသောင်းကျန်းသူတို့ကြား

မုန်တိုင်းကြောင့် ပျက်စီးခဲ့ပြီးနောက် ပြန်လည် ထူထောင်ရန်အတော်ပင် ခက်ခဲသွားလေသည်။ သို့သော်လည်း ကြံစည်ကြိုးစားနေခဲ့ကြပါသည်။ဤအချိန်တွင် စစ်တွေမြို့အတိုင်းအတာဖြင့် ဆောင်ရွက်နိုင်သည့်အခြေ အနေတစ်ခု ပေါ်ပေါက်လာခဲ့ပါသည်။ ထိုသူမှာ စစ်တွေမြို့မော်တော်ယာဉ်အသင်း မန်နေဂျာဖြစ်သူ ဦးမောင်စောသာ ဖြစ်ပါသည်။ ၎င်းရောက်ရှိ ခဲ့ပြီးနောက်ပိုင်း ၁၃၃၀ ပြည့်နှစ် ပြာသိုလတွင် အကျိုးတော်ဆောင်များ ဖွဲ့စည်းမှုပြုလုပ်ခဲ့ပါသည်။ အဖွဲ့သစ်၌ အဖွဲ့ဝင်များအဖြစ်





စစ်တွေမြို့မှ ဒကာများ ပါဝင်လာခဲ့ပါသည်။ ဤအကြိမ်တွင် ဦးမောင်စောသာ၏ ဆောင်ရွက်နိုင်မှုကြောင့် စစ်တွေမြို့မှ အားပေးကူညီမှု ရရှိခဲ့ပြီးလေဘေးကြောင့် ပျက်စီးသွားသော တန်ဆောင်း ပြန်လည်ဆောက်လုပ်ရေးမှာ ပြန်လည်အသက်ဝင်လာကာ ဆောက်လုပ်ပြီးစီးခဲ့လေသည်။ ရေကန်ကိုလည်း မူလအလျှုရှင် ဒါလှဦးအဆက်အနွယ်များနှင့် ဆက်သွယ်၍ ကန်ကို ပြန်လည် တူးဖော်နိုင်ခဲ့ပေသည်။ သို့သော်လည်း ဦးမောင်စောသာမှာ သွေးတိုးရောဂါ ဖြင့် ရုတ်တရက် ကွယ်လွန်ခဲ့ပြန်လေသည်။ ခြေတော်ရာသမိုင်းကား ရှည်လျားဝေဝါးလှပေသည်။

လွတ်လပ်ရေးရပြီးခေတ်တစ်လျှောက်တွင် အလံနီ၊ အလံဖြူကွန်မြူနစ်တို့ကလည်း သောင်းကျန်းခဲ့ပြန်ပြီ။ နိုင်ငံရေး၊ ဘာသာရေးတို့တွင် အယူအစွဲလွန်ဝါဒများ လွှမ်းမိုးနေခဲ့ပြီး ဒေသခံတို့အတွက် အလွန်အကျိုးနည်းစေခဲ့ပေသည်။ ၎င်းနောက်ပိုင်းများတွင်လည်း နယ်စပ်ဒေသကုလားဆိုးများ သောင်းကျန်းခဲ့ခြင်းနှင့် နယ်စပ်ဒေသ လူဝင်မှုကြီးကြပ်ရေးကိစ္စများကြောင့်လည်း ဒေသခံတိုင်းရင်းသားတို့အတွက် လွန်စွာနစ်နာခဲ့ရပေသည်။ ဘာသာရေး၊ သာသနာရေးနှင့် ဒေသဖွံ့ဖြိုးတိုက်ရေးတို့မှာ အလွန်ပင် နည်းပါးနေခဲ့ပြီး ခရီးလမ်းပန်းများလည်း အလွန်ပင် ခက်ခဲကာ ကျဉ်းမြောင်းသော ရပ်ဝန်းတစ်ခုဖြစ်နေခဲ့ပေသည်။ ထို့ကြောင့်လည်း ခေတ်အဆက်ဆက် အခြေအနေများနှင့် လိုက်လျောစွာပင် ပါဒခြေတော်ရာကြီးမှာလည်း မထင်မရှား ဆိတ်ဆိတ်ပင် ကိန်းဝပ်စမွာယ်နေခဲ့လေသည်။ ထုတ်ဖော်မည့်သူလည်း မရှိခဲ့ချေ။ ထိုက်တန်စွာ ပူဇော်မှုလည်း မပြုနိုင်ခဲ့ပေ။

## အလိုတော်ပြည့်ဆရာတော်ကြီးက ဗုဒ္ဓ၏ အမွေအနှစ်ဖြစ်၍ ဖော်ထုတ်ခဲ့သည်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ တာဝန်ယူသည့်ကာလ ရန်ကုန်-စစ်တွေ လမ်းမကြီး ဖွင့်လှစ်ပြီးနောက်ပိုင်းမှသာ အကြောင်းအမျိုးမျိုး၊ တိုက်ဆိုင်မှုအမျိုးမျိုးကြောင့် အလိုတော်ပြည့်ဆရာ

ခရိုင် မဟာဇိုးမြို့မှ ဖြစ်ပါသည်။ ဦးမောင်ယဉ်ဖြူ+ဒေါ်မဲတူမိသားစုနှင့် ဦးအကျန်မောင်မိသားစု၏ ကောင်းမှုတော်ကြီးဖြစ်ပါသည်။

(၈) **ကုသိနာရုံကျောင်း**။ ။ပရိနိဗ္ဗာန်စံတော်မူဘုရား ကိန်းတော်မူသည့် ကုသိနာရုံကျောင်းတော် အလှူရှင်မှာ အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ်မှ ဦးဖိုးစိန်+ဒေါ်ရွှေရွှေဖြစ်ပါသည်။ ငွေကျပ်သိန်း (၂၅၀) ကုန်ကျခံ လှူဒါန်းတည်ဆောက်ခဲ့ပါသည်။ ၂၀၀၈ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် ပြီးစီးပါသည်။ ကွန်ကရစ်လောင်း အမိုးခုံး အဆောက်အဦဖြစ်ပြီး ဗုဒ္ဓဂယာအဆောက်အဦနှင့် ပုံစံတူ တည်ဆောက်ထားပါသည်။ နတ်တောင် တောင်ဦးထိပ်တည့်တည့်တွင် တည်ရှိနေပြီး မြစ်တွင်းမှ လှမ်းမျှော်ဖူးမြင်နိုင်ပါသည်။

(၉) **ဖွားတော်မူခန်း** (သံဝေဇနိယလေးဌာနဖြစ်သည့် ဖွားတော်မူခန်း အင်္ဂတေရုပ်လုံးသရုပ်ဖော်ထားသောပုံကို တန်ဆောင်းဆောက်လုပ်ထားခြင်းဖြစ်ပါသည်)။ ။၂၀၀၈/၀၉ တွင် တည်ဆောက်ပြီးစီးခဲ့ပါသည်။ အလှူရှင်မှာ ရန်ကုန်မြို့မှ ဦးတင်မောင်အေး+ဒေါ်အေးအေးမြင့်မိသားစုဖြစ်ပြီး ငွေကျပ်သိန်း (၅၀) လှူဒါန်းတည်ဆောက်ခဲ့ပါသည်။ နတ်ဆင်းတောင်အခြေ အရှေ့တောင်ထောင့်တွင် တည်ဆောက်ထားပါသည်။

(၁၀) **နမ္မဒါနဂါးတန်ဆောင်း**။ ။မူလခြေတော်ရာအနီး ကျိုးပျက်နေသော အင်္ဂတေရုပ်လုံးကြွများကို နတ်ဆင်းတောင်စေတီတက်လမ်းလှေခါး၏ ဘေး ဖွားတော်မူခန်း တန်ဆောင်းကြားတွင် ပြောင်းရွှေ့ထားခဲ့ရာ ၎င်းရုပ်လုံးကြွများကို မွန်းမံပြင်ဆင်ပြီး တန်ဆောင်းပါ ဆောက်လုပ်လှူဒါန်းထားခြင်း ဖြစ်ပါသည်။ အလှူရှင်မှာ စစ်တွေမြို့မှ ကုန်သည်ကြီး ဦးစံထွန်းဖြူ+ဒေါ်ဦးသိန်းညွန့်မိသားစုကောင်းမှု ဖြစ်ပါသည်။





သော ကွန်ကရစ်ဆိပ်ခံတံတားကြီးကိုလည်း တည်ဆောက်ပေးခဲ့သည်။ ထို့ပြင် စေတီ၊ ဓမ္မာရုံ၊ ဂေါပကရုံး၊ မီးစက်၊ ကျောင်းဆောင်များ၊ သံဝေဇနိယလေးဌာနဖြစ်သည့် ဖွားတော်မူခန်း၊ ပွင့်တော်မူရာဗောဓိပင်နှင့် ရွှေပလ္လင်အောင် မြင်ခန်း၊ ပဉ္စဝဂ္ဂီရဟန်းငါးပါးကို တရားဦးဟောတော်မူခန်း၊ ကုသိနာရုံတွင် ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူခန်း၊ ဘုရားဆင်တုတော်များ စသည်ဖြင့် အဆောက်အဦများကို တည်ဆောက်ခဲ့ရာ ၂၀၀၈ ခုနှစ်ထိ ငွေကျပ်သိန်း (၂၀၀၀) ကျော်ခဲ့ပေပြီ။ အဆောက်အဦများအလိုက် အောက်ပါအတိုင်း ဖြစ်ပါသည်။ ၎င်းပြင် နှစ်စဉ်ဗုဒ္ဓါဘိသေကပူဇော်ပွဲများကို ခမ်းနားကြီးကျယ်စွာ ကျင်းပပြုလုပ်ပေးခဲ့သည်မှာလည်း ယခုနှစ် ၂၀၀၉ နှစ်ထိ ၁၀ နှစ် ဆယ်မိုးတိုင်ခဲ့ပေပြီ။

(၁) **နတ်ဆင်းတောင်စေတီ**။ ။နတ်ဆင်းတောင်နှင့် နတ်ဆင်းတော်စေတီမှာ ရန်ကုန်-စစ်တွေ လမ်းမကြီးပေါ်ရှိ မင်းချောင်းတံတားပေါ်မှ လှမ်းမျှော်ကြည့်သည်နှင့် ပထမဆုံး ဖူးမြင်သည်မှာ ဤနတ်ဆင်းတောင်နှင့် စေတီပင်။ နတ်ဆင်းတောင်၏ တောင်ခုလတ်တွင် တည်ထားသော မြေပေါက်စေတီဖြစ်ပြီး ဉာဏ်တော် (၁၁) ပေ ရှိပါသည်။ အလှူရှင်များမှာ မောင်တောမြို့ ကုန်သွယ်လယ်ယာ ဒိုင်မှူး ဦးခင်မောင်၊ စက်ရုံမှူး ဦးသန်းစိန်၊ စက်ရုံမှူး ဦးအောင်ကျော်ငြိမ်း၊ သိုလှောင်ရုံမှူး ဦးလှသိန်းတို့မှ စုပေါင်းကောင်းမှုအလှူတော်ဖြစ်ပါသည်။ ၂၀၀၁/ ၀၂ တွင် တည်ဆောက်ပြီးစီးပြီး စုစုပေါင်း ငွေကျပ်သိန်း (၂၀) ကုန်ကျခဲ့ပါသည်။

(၂) **ဂန္ဓကုဋိပြာသာဒ်တော်အာရုံခံတန်ဆောင်း**။ ။၂၀၀၂ ခုနှစ် ဖေဖော်ဝါရီလ (၇) ရက်တွင် အုတ်မြစ်ချ၍ စတင်တည်ဆောက်သည်၊ အလျား ပေ (၈၀) ရှိပြီး အနံ (၄၅) ပေ ရှိသည်၊ ပြာသာဒ်တော်အမြင့် (၂၁) ပေဖြစ်သည်။ ပြာသာဒ်တော်မှာ ကွန်ကရစ်ပုံသွင်း မြန်မာမှုပြာသာဒ်တော်ဖြစ်သည်။ အတွင်းတော်တွင် ကွန်ကရစ်

ကြေွပြားခင်းထားပြီး ပါဒခြေတော်ရာကျောက်သားပြင်ပေါ်၌ သံကွန်ခြာကာရံ၍ ကြေးပြာသာဒ်ငယ် တင်ထားသည်။ အလှူတော်ငွေ ကျပ်သိန်း ၇၅၀ ကုန်ကျခဲ့ပြီး ၂၀၀၄ ခုနှစ် ဧပြီလ (၉) ရက်တွင် ပြီးစီး၍ ထီးတော်ကြီးကို တင်လှူပူဇော်ခဲ့သည်။

(၃) **သံဃာများအဆောင်**။ ။၂၀၀၂ ခုနှစ်တွင် ဂန္ဓကုဋီတော်နှင့်အတူ တည်ဆောက်ခဲ့သည်။ အလျား ၃၅ ပေ၊ အနံ ၂၄ ပေ ရှိပြီး သံဃာများ နားနေရန် စင်္ကြန်နှင့် ရေအိမ်ကုဋီ အိပ်ခန်း ဧည့်ခန်းပါရှိသည်။ သွပ်မိုးအာစီအဆောက်အဦးဖြစ်သည်။ အလှူရှင်မှာ ဦးကျော်မြင့်ချေ + ဒေါ်နန်းကြူကြူ ကုန်သည်၊ သင်ပုန်းတန်းရွာ၊ ရသေ့တောင်မြို့နယ်ဖြစ်သည်။ ငွေကျပ်သိန်း (၄၀) လှူဒါန်းတည်ဆောက်ခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ပြီးစီးခဲ့ပါသည်။

(၄) **ဓမ္မာရုံကြီး**။ ။ဓမ္မာရုံကြီးမှာ အလျား ၈၄ ပေ၊ အနံ ၂၄ ပေ၊ အမိုးဘုံနှစ်ဆင့်ဖြစ်သည်။ အတွင်းကြေွပြားခင်းထားပြီး သံဃာနှင့် လူပရိသတ် (၅၀၀) ဆန့်သည်။ ငွေကျပ်သိန်း (၂၀၀) လှူဒါန်း တည်ဆောက်ခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် ပြီးစီးအောင်မြင်ခဲ့သည်။

(၅) **ပဋ္ဌဝဂ္ဂီတရားဦးဟောခန်း (သံဝေဇနီယလေးဌာနဖြစ်သည်)**။ ။ပလ္လင်တော်အမြင့် ၄ ပေ၊ ဆင်းတုတော်ကြီး၏ ဉာဏ်တော်အမြင့် ၇ ပေ ရှိပြီး အာရုံခံရင်ပြင်တမံသလင်းအဝိုင်းပုံ ကြေွပြားခင်းထားသည်။ ရခိုင်ရှေးရိုးအနုပညာလက်ရာဖြစ်ပြီး သဘာဝအတိုင်း ဟင်းလင်းဖွင့် အပူဇော်ခံ ထားရှိသည်။ ၂၀၀၄ ခုနှစ်တွင် တည်ဆောက်၍ ၂၀၀၅ ခုနှစ်တွင် ပြီးစီးသည်။ အလှူငွေကျပ် (၁၀) သိန်းကို လမင်းရေထွက်ပစ္စည်းလုပ်ငန်း၊ ဧရာဝတီတိုင်းမှ မတည်လှူဒါန်းခဲ့သည်။

(၆) **မောစိပင်နှင့်ရွှေပလ္လင်အောင်မြင်တော်မူခန်း (သံဝေဇနီယလေးဌာနဖြစ်သည်)**။ ။၂၀၀၅ ခုနှစ်တွင် ဆက်လက်တည်ဆောက်ခဲ့သည်။





အလှူရှင်မှာ ရန်ကုန်မြို့မှ ငွေပင်လယ်ငါးမုန့်လုပ်ငန်းပိုင်ရှင် ဦးကိုကိုလွင်+ဒေါ်သန်းသန်းရှိန် မိသားစုက ငွေကျပ်သိန်း (၄၀) ဖြင့် လှူဒါန်းတည်ဆောက်ခဲ့သည်။ ပလ္လင်တော်အမြင့် ၆ ပေ၊ ဆင်းတု တော်ကြီးဉာဏ်တော် (၁၈) ပေရှိသည်။ ကျောက်ဆစ်မဟာရာမ် အနိမ့်လေးဘက်ကာရံထားသည်။ ရခိုင်ရှေးရိုးအနုပညာ လက်ရာပင် ဖြစ်သည်။ ၂၀၀၅ ခုနှစ်မှာပင် ပြီးစီးခဲ့သည်။ သဘာဝ အတိုင်း ဟင်းလင်းဖွင့် အပူဇော်ခံထားရှိသည်။

(၇) **ပရိနိဗ္ဗာန်စံတော်မူယွန်းပုံသွင်းဆင်းတုတော်ကြီး (သံဝေဇနီယလေးဌာနဖြစ်သည်)**။ ။၂၀၀၆ ခုနှစ်ကပင် စတင်ဆောင်ရွက်ခဲ့ရသည်။ ၂၀၀၉ ခုနှစ် ဇန်နဝါရီလတွင်မှ ပလ္လင်တော်အရောက် အခမ်းအနားဖြင့် ပူဇော်နိုင်ခဲ့သည်။ အနောက်ဘက်သို့ မျက်နှာမူကာ သလွန်ညောင်စောင်းပေါ်တွင် လျောင်းလျက် အနေအထားဖြင့် အာယုသင်္ခါရ လွှတ်တော်မူပြီးစ ပကတိအနေအထားအတိုင်းပင် ဖြစ်သည်။ ဦးတော်မှ ခြေဖျားအထိ အလျား ၉ ပေနှင့် ခါးစောင်းတော်အမြင့် ၄ ပေရှိသည်။ ဆင်းတုတော်ကြီးမှာ အလွန်ပင် သပ္ပာယ်၍ အနုပညာ လက်ရာမြောက်လှပြီး ဖူးမြင်ရသူတိုင်း ဆို့နင့်သောခံစားမှုနှင့် သတိသံဝေဂတရားကို တစ်ပြိုင်တည်း ခံစားရသည်။ မြန်မာရှေးရိုး ပုဂံခေတ် ယွန်းအတတ်ပညာနှင့် ပျောက်ကွယ်လုနီးပါးရှေးကျသော မံဘုရားပုံသွင်းအတတ်ပညာတို့ဖြင့် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမှ ပရိနိဗ္ဗာန် စံတော်မူဆင်းတုတော်ကြီးကို ပုံတူကူးယူထားခြင်းဖြစ်ပါသည်။ ယွန်းပညာအရ သစေးသရိုးများ ခြောက်သွေ့ခိုင်မာသည်အထိ မြေအောက်ခန်းတွင် တစ်နှစ်ကြာသိုမှီးထားခဲ့ရသည်။ ပုဂံမြို့ ဝင်းဘရားသားကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့ပြီး ငွေကျပ်သိန်း (၂၀၀) တန် အနုပညာအမွေအနှစ်တစ်ခုဖြစ်သည်။ ခရီးမိုင်ပေါင်းများစွာကို ဖြတ်သန်းပင့်ဆောင်ခဲ့ရသည်။ ဤဆင်းတုတော်ကြီး၏ အလှူရှင်များမှာ စစ်တကောင်းဒေသ ဖလောင်းချိုင်

## လာရောက်လှူဒါန်းထားပြီး ဆက်လက်တည်ဆောက်မည့် အဆောက်အဦများ

(၁) **ဉာဏ်တော်လေးဆယ့်ငါးပေထိုင်တော်မူ**။ ။ဖော်ပြပါ ဉာဏ်တော် (၅၄) ပေရှိ ထိုင်တော်မူဆင်းတုတော်ကြီးကို အဆိုကျော် ရတနာက အလှူဒကာမ ပြုထားပြီးဖြစ်ပါသည်။ ကုန်ကျငွေ ခန့်မှန်း တွက်ချက်ဆဲဖြစ်ပြီး ရှေ့ပြေးလုပ်ငန်းများအား ၂၀၀၉ နှစ်အတွင်း စတင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၂) **အောင်ခြင်းရှစ်ပါးတစ်ဆူ**။ ။၎င်းတစ်ဆူကို ရုပ်ရှင်သရုပ်ဆောင် သူထူးစံက အလှူဒကာ ပြုထားပြီးဖြစ်ပါသည်။ တည်ထားရမည့် ဉာဏ်တော်အရွယ်အစားနှင့် မြေနေရာများ အကွက်ချစီစဉ်တွက်ချက်ဆဲဖြစ်ပါသည်။ ၂၀၁၀ ခုနှစ်တွင်မှ စတင်ဆောင်ရွက်မည် ဖြစ်ပါသည်။

(၃) **မဟာဗောဓိစေတီ**။ ။အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမှ မဟာဗောဓိစေတီကို ပုံစံတူ ဉာဏ်တော်တူ တည်ဆောက်မည်ဖြစ်ရာ ခန့်မှန်းတန်ဘိုးငွေကျပ်သိန်း (၁၅၀၀) ကို လှူဒါန်းထားပြီးဖြစ်ပါသည်။ စီမံချက်ရေးဆွဲလျက်ရှိပါသည်။ ဗိသုကာအင်ဂျင်နီယာနှင့် မြန်မာမှု ဗိသုကာများ ရွေးချယ်ထားဆဲဖြစ်ပါသည်။

(၄) **မိုးရေလှောင်မြေသားရေကန်**။ ။ဦးတင်မောင်ဆွေ ဇနီး ဒေါ်မိုးမိုး မိသားစုမှ အလှူငွေကျပ် သိန်း (၁၀၀) လှူဒါန်းထားပြီး စတင်တူးဖော်ဆဲဖြစ်ပါသည်။ ကန်နေရာမှာ ထပ်မံလှူဒါန်းသည့် ဝတ္တကမြေတွင် တည်ဆောက်လျက်ရှိပြီး အနီးကျေးရွာများပါ သောက်သုံးသွားနိုင်မည့် ကန်တစ်ခုဖြစ်ပါသည်။

(၅) **ရေဝေကွန်ကရစ်ကန်**။ ။သာသနိကပရိဝုဏ်အတွင်းရှိ အဆောက်အဦများအား ရေဖြန့်ဖြူးပေးဝေရန်အတွက် နတ်ဆင်းတောင်ကြောပေါ်တွင် မြေမြုပ်၍ တည်ဆောက်သွားမည့်ကွန်ကရစ် ရေဝေကန်





(၁၂) **ဂေါပကရုံး**။ ။နှစ်ထပ် သွပ်မိုး အုတ်စီ အဆောက်အဦဖြစ်ပါသည်။ မူလအဆောက်အဦအား ကုန်သွယ်လယ်ယာစက်ရုံးမှူး ဦးသိန်းစိန် မိသားစုမှ ငွေကျပ် (၁၀) သိန်းဖြင့် မွန်းမံပြင်ဆင်ခဲ့ပါသည်။

(၁၃) **နမ္မဒါမြစ်ကမ်းနဖူးမှ ဆရာတော်ကြီး နားနေဆောင်**။ ။လေသာဆောင် အိပ်ခန်းရေချိုးခန်းကုဋီများ ပါဝင်သောကြွပြားခင်း အာစီအဆောက်အဦဖြစ်ပါသည်။ အလှူရှင်မှာ စစ်တကောင်းဒေသ၊ ဖလောင်းချိုင်ခရိုင် မဟားဖိုးရွာမှ ဦးမောင်ယဉ်ဖြူနှင့် ဇနီး ဒေါ်မဲတူ မိသားစုမှ လှူဒါန်းငွေကျပ်သိန်း (၅၀) ဖြင့် ၂၀၀၇ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ၎င်းနှစ်မှာပင် ပြီးစီးခဲ့ပါသည်။

(၁၄) **ယခင်သဘော်ဆိပ်ခံတံတား**။ ။၎င်းတံတားမှာ ဂန္ဓကုဋီပြာသာဒ်တော်ကြီး တည်ဆောက်စဉ်ကပင် ပထမဆုံး တည်ဆောက်ခဲ့သော သစ်သား ဆိပ်ခံတံတားနေရာတွင် ကွန်ကရစ်တိုင် ကွန်ကရစ်ယက်မများ စိုက်ထူကာ သစ်သားကြမ်းခင်းသည့် ဆိပ်ခံတံတားကို ငွေကျပ် (၁၅၈) သိန်း အကုန်အကျခံပြီး တည်ဆောက်ခဲ့ပါသည်။ သို့သော်လည်း ၂၀၀၇ ခုနှစ် အကတ်စ်မုန်တိုင်းတွင် ပျက်စီးသွားခဲ့ပါသည်။

(၁၅) **နမ္မဒါနဂါးနှင့်ခြေတော်ရာ ပြတော်မူကြီး**။ ။ဉာဏ်တော် (၂၇) ပေရှိ ရပ်တော်မူကွန်ကရစ်လောင်းဘုရားကြီးဖြစ်ပါသည်။ မြစ်ကမ်းထိပ်တွင် ရပ်နေဟန်ဖြစ်ပါသည်။ နမ္မဒါနဂါးကြီးက ခြေတော်ရာဂန္ဓကုဋီတိုက်၏ အရှေ့တောင်ထောင့်မှ ရေပေါ်တွင် ခေါင်းပိုင်ဖော်လျက်မော့ဖူးနေပုံဖြစ်ပါသည်။ သဘာဝသရုပ် ပေါ်လွင်လှသည့် ရခိုင်ရှေးမူ ဟန်ဖြစ်ပါသည်။ ၂၀၀၆ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ၂၀၀၈ တွင် ပြီးစီးခဲ့ပါသည်။ ဘုရားဒကာမှာ ဦးကျော်မြင့်ချေ ဇနီး ဒေါ်နန်းကြူကြူ မိသားစု သင်ပုန်းတန်းရွာဖြစ်ပါသည်။ အလှူငွေကျပ်သိန်း (၈၀) လှူဒါန်းတည်ဆောက်ခဲ့ပါသည်။

(၁၆) **သင်္ဘောဆိပ်စံတံတားသစ်**။ ။၂၀၀၈ခုနှစ်တွင် တည်ဆောက်၍ ၂၀၀၈ ခုနှစ်တွင် ပြီးစီးခဲ့ပါသည်။ နှစ်ထပ်သင်္ဘောများ ရေတက်ချိန် ရေကျချိန် နှစ်ချိန်လုံးတွင် ဆိုက်ကပ်နိုင်ပြီး သင်္ဘောပေါ်ထပ်မှ လည်းကောင်း၊ အောက်ထပ်မှလည်းကောင်း တိုက်ရိုက် တက်နိုင် ဆင်းနိုင်သော အင်ဂျင်နီယာဒီဇိုင်းရေးဆွဲတည်ဆောက်ထားပါ သည်။ ဆိပ်ခံခုံ အလျား ၄၃ ပေခွဲ၊ အကျယ် ၁၃ ပေ ရှိပါသည်။ ချည်းကပ်တံတား အလျားပေ ၇၀ ရှည်ပြီး အနံ ၉ ပေခွဲကျယ်ပါ သည်။ ခံနိုင်ဝန် တန် ၂၀ ရှိသော လက်ရှိတံတားသစ်ကြီးကို အလှူငွေကျပ်သိန်း ၂၀၀ ကျော် လှူဒါန်းတည်ဆောက်ခဲ့ပါသည်။ အလှူရှင်မှာ (GOLD UNIJEWELLERY CO,LTD) ပိုင်ရှင် ဦးချောင်းနှင့် ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေစင် မိသားစု ကောင်းမှုဖြစ်ပါသည်။

(၁၇) **အတွင်းစည်းမဟာရာမ်**။ ။အတွင်းစည်းမဟာရာမ်ကို အုတ်မြစ်ချ ကွန်ကရစ်တိုင်ထူ၍ သံဆူးကြိုးတန်း ကာရံထားပေသည်။ ဤ ကောင်းမှု၏ ပင်မအလှူရှင်မှာ အနောက်မြောက်တိုင်းမှူး ဗိုလ်ချုပ် မြင့်စိုး ဇနီး ဒေါ်ခင်မြဦး မိသားစုဖြစ်ပြီး ငွေကျပ် သိန်း (၃၀) လှူ ဒါန်း ဆောက်ရွက်ခဲ့ပါသည်။ နောင်တွင် မောင်တောမြို့မရဲစခန်းမှူး ရဲအုပ်ညီလွင်စိုးနှင့်ဇနီး မိသားစုမှ ငွေကျပ် (၁၀) သိန်း၊ ဘူးသီး တောင်မြို့မရဲစခန်းမှူး ရဲအုပ်သက်စိုးနှင့်ဇနီး မိသားစုမှ ငွေကျပ် (၁၀) သိန်း ထပ်မံလှူဒါန်းပြီး တိုးချဲ့ဆောင်ရွက်ခဲ့ကြပါသည်။

(၁၈) **ရေကန်သစ်ထပ်မံတူးဖော်ခြင်း**။ ။ရှေးယခင်ရှိပြီးသောက်ရေကန်၏ အောက်မှဆင့်၍ သုံးရေကန်တစ်လုံးကို ၂၀၀၄ ခုနှစ်တွင် ထပ်မံ တူးဖော်ပေးခဲ့ရာ ၂၀၀၄ ခုနှစ်ပင် ပြီးစီးခဲ့ပါသည်။ ရေကန်နှစ်ကန် စလုံးကို ကန်ဘောင်အတိုင်း အုတ်တံတိုင်းများကိုပါ ပြန်လည်ကာရံ ပေးခဲ့ရာ ငွေကျပ် (၁၀) သိန်း ကုန်ကျခဲ့ပါသည်။

(၁၉) **သရက်တောကမ္မဋ္ဌာန်းကျောင်း**။ ။သောက်ရေကန်နှစ်ဆင့်၏ အထက် နတ်ဆင်းတောင် အရှေ့ဘက်တောင်ခြေတွင် တည်ရှိပါ





သည်။ ပင်မအိပ်ဆောင်ကို ပျဉ်စီပျဉ်ကာပြီး ရေချိုးခန်းနှင့် ရေအိမ် ကုဋ္ဋိကို အုတ်ခင်းအုတ်ကာ ကြွေပြားကပ်ထားပါသည်။ သွပ်မိုး အဆောက်အဦဖြစ်ပြီး ၂၀၀၈ ခုနှစ်တွင် တည်ဆောက်ပြီး ၂၀၀၉ ခုနှစ်တွင် ပြီးစီးခဲ့ပါသည်။ အလှူရှင်မှာ စစ်တွေမြို့ စူပါဟက်အီလက် ထရောနစ်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင် ဦးလှစိန်မောင်+ ဒေါ်အေးကြည် မိသားစုဖြစ်ပြီး ငွေကျပ် (၁၅) သိန်း မတည်လှူဒါန်း ခဲ့ပါသည်။

(၂၀) **သံပန်း၊ သံတံခါး၊ မှန်တံခါး**။ ။ဗုဒ္ဓဘုရားရှင်၏ ခြေတော်ရာ ကိန်းဝပ် စမ္ပာယ်သည့် ကျောင်းဆောင်၌ သံပန်း၊ မှန်တံခါးတို့ကို ၁၃၇၀ ခုနှစ် ပြာသိုလပြည့်နေ့ (၁၀. ၁. ၂၀၀၉) တွင် လှူဒါန်းပြီးစီးခဲ့ ပါသည်။ အလှူရှင်မှာ ရန်ကုန်မြို့ ဦးနိုင်ဦး + ဒေါ်သီတာကျော် သမီး-မမေပြည့်ဝန်းသော်၊ မအိဝေဇင်ဖြိုး၊ သား-ဇော်မိုးလွင် မိသားစုတို့ ဖြစ်ပါသည်။

အထက်ဖော်ပြခဲ့သော သာသနိကအဆောက်အဦများမှာ ဆရာ တော်ကြီး သာသနာပြုခဲ့သည့် ၂၀၀၀ ပြည့်နှစ်မှသည် ယခု ၂၀၀၉ နှစ် ဆန်းထိ ဆယ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များဖြစ်ပြီး ကာလ တန်ဖိုး ငွေကျပ်သိန်းပေါင်း (၂၀၀၀) ကျော် လှူဒါန်းမှုအစုစု၏ ကောင်းမှု အဖို့ဘာဂအား သာဓုအနုမောဒနာပြုနိုင်ရန် မှတ်တမ်းတင်အပ်ပါသည်။

လူများလည်း မြင်နေရသည်။ ယောက်ျားပေါင်လုံးလန့်တုတ်ခိုင်သော အကောင်ကြီး လူးလွန့် တွန့်လိမ်ပြီး ရေထဲမှာ တဝုန်းဝုန်းကစားနေသည်ကို အားလုံးမှင်တက်မိပြီး ကြည့်နေမိကြသည်။ အားလုံးပါးစပ်အဟောင်းသားနှင့် ကြက်သေသေနေပါသည်။ တစ်မိနစ်ကျော်မည်ထင်သည်။ တစ်ဖြေးဖြေးမြစ်အောက်ဖက် ရေနက်ရာသို့ ရောက်ရှိပျောက်ကွယ်သွားမှ လှိုင်းများလည်း ငြိမ်သက်သွား ပါသည်။ ကျနော်လည်း ဓာတ်ပုံရိုက်ရန် သတိမရလိုက်ပါ။ အဆင့်ဆင့် အော်သံကြားပြီးလာကြည့်သူများဖြင့် ဆိပ်ကမ်းတစ်ခုလုံး ဆူညံသွားပါ တော့သည်။ အံ့သြမဆုံး ပြောမဆုံးဖြစ်ကြရသည်။ ဆရာတော်ကြီးရှိရာ ရှမ်းမဆောင်သို့ ရောက်၍ နဂါးပေါ်သည်ကို မြင်လိုက်ရကြောင်း ပြန်လည်လျှောက်ထားရာ ဆရာတော်ကြီးလည်း ဤအဆောင်မှ လှမ်းမြင်နေရကြောင်း၊ ရေထဲက ဖြစ်၍ နဂါးဟုခေါ်ကြောင်း မေတ္တာပို့ပေးကြဟု မှာကြားခဲ့ပါသည်။ အကောင်မှာ လူကြီးပေါင်လုံးခန့်ရှိပြီး ခေါင်းမှာ မြွေခေါင်းကဲ့သို့ ဖြစ်သော်လည်း နှုတ်ခမ်းဖျား ရှူးမနေပါ။ မေးနှင့်ပုံစုံမျိုးဖြစ်ပါသည်။ လှိုင်းရိုက်သည့်အားမှာ မော်တော်ကြီးတစ်စီးဖြတ်မောင်းသွားသည့် အနေအထားလောက်ကြီးပါသည်။

## စာရေးသူကိုယ်တိုင် တွေ့ကြုံခဲ့ပုံ

စာရေးသူတွေ့ကြုံခဲ့ရသည်က ဘုရားပွဲကာလတော့မဟုတ်ပါ။ အလှူကို ကြွလာရင်း ဖြစ်ပါသည်။ ၂၀၀၈ ခုနှစ်က ဖြစ်ပါသည်။ ကုသိနာရုံကျောင်းကို ဆောက်ပြီးနေပါပြီ။ အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားတွင် နေသော ကျောင်းဒကာတို့ ဇနီးမောင်နှံမှာ အားလပ်ရက် တစ်ခုကြုံကြိုက်ပြီး မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့ပါသည်။ ထို့အတွက် ဆရာ တော်ဘုရားကြီးက ကုသိနာရုံကျောင်းကို ရေစက်ချပေးနိုင်ရေးအတွက် အစီအစဉ်များချပေးပြီး ခြေတော်ရာသို့ ကြွခဲ့ကြပါသည်။ စာရေးသူလည်း ဆရာတော်ကြီးနဲ့အတူ ပါလာခဲ့ပါသည်။ ခြေတော်ရာသို့ရောက်ပြီးနောက် တစ်နေ့နံနက်ပိုင်းတွင် ရေစက်ချအခမ်းအနားကို သိုက်မြိုက်စွာ ပြုလုပ်ပေးခဲ့ပါသည်။ ၎င်းတို့မှာလည်း ယခုရေစက်ချမှပင် ကုသိနာရုံကျောင်းကို မြင်တွေ့





ဖြစ်ပါသည်။ ၎င်းကန်အပါအဝင် ရေတင်စက် ရေပိုက်များ အပါအဝင် ဆောင်ရွက်နိုင်ရန် လှူဒါန်းခဲ့ပါသည်။ အလှူရှင်များမှာ ရန်ကုန်မြို့မှ ဦးတင်မောင်အေး+ဒေါ်အေးအေးမြင့် မိသားစုဖြစ်ပြီး အလှူငွေကျပ် သိန်း (၃၀) လှူဒါန်းခဲ့ပါသည်။

(၆) **အကျွတ်အလွတ်စေတီ**။ ။နတ်တောင်အထွတ်တွင် တည်ထားသွားမည် ဖြစ်ပါသည်။ အလှူရှင်မှာ စစ်တွေမြို့မှ ဦးမောင်စိန်+ဒေါ်လှနုတို့အား အမှူးထား၍ သား ကိုအောင်နိုင် ဇနီး မခင်ထွေး၊ သမီးခိုင်ငြိမ်းငြိမ်းသော်တို့မှ လှူဒါန်းထားပါသည်။

(၇) **အင်းပေါက်ဝစေတီ**။ ။သဘော်ဆိပ်ခံတံတားလမ်းထိပ်မုခ်ဦးအနီးတွင် တည်ဆောက်ထားသော စေတီဖြစ်သည်။ အလှူရှင်မှာ အင်းပေါက်ဝ ကုမ္ပဏီပိုင်ရှင် ဗိုလ်မောင်ကြီး မိသားစုဖြစ်ပါသည်။ ဉာဏ်တော် (၉) ပေ ရှိပြီး အရှေ့ဘက်လှည့် တစ်ဝဂူစေတီ ဖြစ်သည်။ ၂၀၀၉ ခုနှစ် မတ်လတွင် တည်ထားခဲ့ပြီး ၎င်းနှစ်တွင် ထီးတော်တင် ရေစက်ချခဲ့သည်။

(၈) **သဘော်ဆိပ်မုခ်ဦးပြာသာဒ်**။ ။အလှူရှင်မှာ ရန်ကုန်မြို့ ဦးသိန်းဝင်းဇော်+ ဒေါ်တင်လတ်မင်း (ရွှေဗျိုင်းဖြူကုမ္ပဏီလီမိတက်) မိသားစုဖြစ်ပါသည်။

(၉) **ဓောင်းတန်းမုခ်ဦး**။ ။ အလှူရှင်မှာ မန္တလေးမြို့ ကိုငယ်လေးနှင့်ဇနီး မိသားစု ဖြစ်ပါသည်။

(၁၀) **ဓောင်းတန်း၊ နတ်လမ်း (၁၈) ခန်း**။ ။အလှူရှင်များမှာ ရန်ကုန်မြို့မှ အလိုတော်ပြည့်ဆရာတော်ကြီး၏ တပည့်ဒကာ/ဒကာမများ ဖြစ်ပါသည်။

## မျက်မြင်ကိုယ်တွေ့ကြုံဖူးသူတို့၏ ထူးဆန်းသောဖြစ်ရပ်များ

### ဖြူချောင်းရွာသား လယ်သမားသားအဖတို့၏ လွန်ခဲ့သော နှစ်သုံးဆယ်က အဖြစ်

လွန်ခဲ့သောနှစ် ၃၀ ကျော်က ဖြစ်ပါသည်။ မှတ်မှတ်ရရ ၁၃၃၇ ခုနှစ် ပြာသိုလဆုတ်ပက္ခ ၁ ရက် ၂ ရက်ဖြစ်သည်။ ဖြူချောင်းရွာတွင် လယ်လုပ်စားသူ ဦးအောင်ကျော်ဝေနှင့် သားဖြစ်သူ ဦးကျော်ဝေတို့ သားအဖ ညနေပိုင်းတွင် သမ္ဗန်တစ်စီးဖြင့် ထွက်လာခဲ့ကြသည်။ကိစ္စမှာ နဂါးမောက်ရွာသို့ စပါးကြိတ်ဆုံသွားဝယ်ရန် ဖြစ်သည်။ သိမ်ချောင်းပြတ် ခေါ် သော နေရာအရောက်တွင် နေလည်း ဝင်ခဲ့၍ ရေလည်း စောင့်ရင်း ၎င်းသိမ်ချောင်းပြတ်သိမ်ပျက်ကြီးအနီးမှာပင် ထိုးဝါးစိုက်ထားပြီး နားနေခဲ့ သည်။ ရေတက်လာမှ ၎င်းရေစီးနှင့် လိုက်ရန်ဖြစ်သည်။ ပတ်ဝန်းကျင်တစ်ခု လုံးမှာလည်း ရေစစ်ချိန်ဖြစ်၍ လှိုင်းလေမရှိ တိတ်ဆိတ်ငြိမ်သက်၍ နေတော့သည်။ သားဖြစ်သူ ဦးကျော်ဝေက လှေဦးပိုင်းမှာ အိပ်မှေးနေပြီ ထင်သည်။

ထိုအခိုက်တွင် လှိုင်းတစ်လုံး ဝုန်းကနဲ ရိုက်သဖြင့် သမ္ဗန်မှာ နှစ်ပေ ကျော် သုံးပေလောက် မြောက်တက်သွားသည်။ ထပ်ဆင့်၍လည်း ထိုလှိုင်း မျိုး သုံးကြိမ်ခန့် ဝင်ရောက်လာရာ ရေစစ်နေသော သိမ်ပျက်အနီးပြတ် တက်မှာ ရေဝင်ပြီး ပြည့်သွားတော့သည်။ ထိုအခါ ခြေတော်ရာရှိရာ ၎င်း သိမ်ပျက်တည်ရှိသည့် ကျောက်တန်းအခြေသို့ ဖြန်းကနဲ ရိုက်လိုက်သော လှိုင်းသံပြင်းပြင်းကိုပါ ကြားလိုက်ရသည်။ အသံလာရာ ထိုခြေတော်ရာ သိမ်ပျက်ဆီသို့ ကြည့်လိုက်သောအခါတွင်ကား သိမ်အိုကြီးတစ်ခုလုံး လင်း၍နေသည်ကိုသာ မြင်ရပါတော့သည်။ လှိုင်းဆောင့်လိုက်ကတည်းက လန့်နိုးလာခဲ့သော သားဦးကျော်ဝေက “အို့ . ဘာလဲ” “အို့ . ဘာလဲ”ဟု တအံ့တသြ ရေရွတ်ရင်း လင်းထိန်နေသော သိမ်အိုကြီးကိုသာ စူးစူးရဲရဲ ကြည့်နေမိကြပါသည်။





ဆယ်မိနစ်ဆယ့်ငါးမိနစ်ခန့်လောက် ကြာမည်ထင်ပါသည်။ ၎င်း နောက် အလင်းရောင် တစ်စတစ်စ မှိန်ပြီး ပျောက်ကွယ်သွားချိန်တွင်ကား လှိုင်းများလည်း ငြိမ်သက်လျက်ရှိနေပြီး သိမ်ချောင်းပြတ်တက်တွင်လည်း ရေများစစ်နေကြောင်းကိုသာ တွေ့ရလေတော့သည်။ ရေနတ်နဂါးတို့ လာ ရောက်ဖူးမြော်ခဲ့လေသည်လော မပြောတတ်နိုင်တော့ပေ။ ဤအဖြစ်ကား မိုးစည်ကျွန်းတွင် ယခုတိုင် ပြောစမှတ်ပြုကြဆဲ။ အဖဖြစ်သူ ဦးအောင် ကျော်ဝေကား သေဆုံးသွားခဲ့လေပြီ။ သားဖြစ်သူ ဦးကျော်ဝေကား ဖြူချောင်းရွာတွင် သက်ရှိထင်ရှားရှိဆဲ၊ ကြုံတိုင်း ပြောပြနေဆဲဖြစ်ပါသည်။

### စစ်တွေမှ ကိုအောင်နိုင် တွေ့ကြုံခဲ့ရပုံ

၁၃၆၅ ခုနှစ် ပြာသိုလပြည့်နေ့ ခြေတော်ရာဘုရားပွဲမှာ ဖြစ်သည်။ ပရိသတ်များစွာကြားတွင် ပြောမဆုံးအောင်ဖြစ်ခဲ့ရသည်။ မျက်မြင်ကိုယ် တွေ့ ကြုံခဲ့ရသူမှာ စစ်တွေမြို့ ကျောင်းတက်လမ်းရပ်ကွက် ကုန်သည် လမ်း၌ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်ပိုင်ရှင်ဖြစ်သည်။ ထိုစဉ်က ဂျင်မာဆယ့် ရှစ်ကောင်တပ်ထားသော ဆယ်တောင်ကျော် ငါးဖမ်းစက်လှေ ဖြင့် သူငယ်ချင်း များစုပြီး ခြေတော်ရာသို့ ဘုရားပွဲလာကြခြင်းဖြစ်သည်။ ခြေတော်ရာကမ်း ခြေအရောက်တွင် ကမ်းခြေ၌ လှေဦးထိုးပြီးရပ်ပေး သည်။ သူငယ်ချင်းများ ရှေ့က တက်ကြသည်။ ထိုအောင်နိုင်၏ စက်လှေ မောင်းသမားမှာ မင်းဂံမှ မောင်သန်းထွန်းဆိုသူဖြစ်သည်။ သူ့ကို စက်လှေ စောင့်ခိုင်းထားပြီးမှ ပစ္စည်းများယူပြီး ကိုအောင်နိုင် နောက်မှ တက်လိုက်ခဲ့ သည်။ အချိန်မှာ နံနက် ကိုးနာရီခန့်ရှိပါပြီ။ ထိုစဉ် ရေလှိုင်းများ တဘုန်း ဘုန်းရိုက်ပြီး လှိုင်းခပ်လာသဖြင့် အခြားမော်တော်တစ်စီး ကမ်းကပ်လာ သည်ထင်ပြီး နောက်လှည့် ကြည့်မိသည်။ တစ်စီးမှမတွေ့သဖြင့် တွေဝေပြီး ကြည့်နေစဉ်မှာပင် စက်လှေအပေါ် မှာ အစောင့်ထားခဲ့သော မောင်သန်းထွန်း အော်သံ ကြားရပါတော့သည်။ စက်လှေမှ ဝါးတစ်ပြန်ခန့်တွင်ကား ရေများ ဘောင်ဘင်ခတ်၍ နေပါသည်။ မောင်သန်းထွန်းမှာ ရေထဲကို လက်ညှိုး ထိုးပြီး ‘မြွေကြီး၊ မြွေကြီး’ဟု ကြုံးအော်နေပါတော့သည်။ ကမ်းစပ်ပေါ် မှ

အခိပ္ပာယ်မှာ စကြာဝတေးမင်း၏ အသုံးအဆောင်အခြွေအရံ ပရိသတ်များနှင့် စကြာဝဠာကြီး၏ ပဓာနကျ၍ ထင်ရှားသောအစိတ်အပိုင်း များသာ ဖြစ်ကြသည်။ ၎င်းစက်လက္ခဏာတို့သည် ဗုဒ္ဓဘုရားရှင်၏ ဖဝါးပြင်၌ စကြာရတနာအဝန်းကို တန်ဆာဆင်လျက် ဖော်ပြတည်ရှိနေကြသည်။ ဘုရားရှင်က အကျိုးထူးဝိသေသ ထားရှိ၍ ခြေတော်ရာတွင် တွေ့မြင်စေချင်မှသာ လူတို့ပူဇော်ဖူးတွေ့ကြရသည်။ ဘုရားရှင်အဓိဋ္ဌာန်ပြုချထားအပ်သော ခြေတော်ရာများတွင် ဇမ္ဗူဒိပ်ကျွန်း သုနာပရန္တတိုင်း နမ္မဒါမြစ်ကမ်း တစ်ဆူ၊ ဇမ္ဗူဒိပ်ကျွန်း သုနာပရန္တတိုင်း သစ္စဗန္ဓတောင်ထိပ် တစ်ဆူ၊ လင်္ကာဒီပ သီဟိုဠ်ကျွန်း သမန္တကူဋတောင်ထိပ် တစ်ဆူ၊ ဤသုံးဆူစလုံးသည် လက်ဝဲဘက်ခြေတော်ရာ ပါဒစက်မျဉ်းချည်းသာ ဖြစ်ကြပါသည်။ ဤအချက်ကား အထူးမှတ်သားအပ်ပေသည်။

ဗုဒ္ဓဘုရားရှင်၏ ခြေဖဝါးတော်နှစ်ဘက်၌ ထင်သည့် (၁၀၈) ကွက်သော စက်လက္ခဏာတို့သည် လောကသုံးပါးကို ကိုယ်စားပြုသရုပ်ဖော်လျက် တည်ကုန်၏။ ၎င်းတို့တွင် စက်လက္ခဏာ (၅၉) ပါးသည် ဩကာသလောကကို သရုပ်ဖော်ကိုယ်စားပြုလျက်တည်နေ၏။ စက်လက္ခဏာ (၂၁) ပါးသည် သင်္ခါရလောကကို သရုပ်ဖော်ကိုယ်စားပြုလျက် တည်နေ၏။ စက်လက္ခဏာ (၂၈) ပါးသည် သတ္တလောကကို သရုပ်ဖော်ကိုယ်စားပြုလျက် တည်နေ၏။ ထိုလောကသုံးပါးကိုယ်စားပြုကြကုန်သော စက်လက္ခဏာတို့သည် ဗုဒ္ဓဘုရားရှင်၏ ဖဝါးတော်၌ ထင်ကုန်၏။ ထို့ကြောင့် ဗုဒ္ဓဘုရားရှင်သည် လောကသုံးပါးအထက်၌ လွန်မြောက်သောပုဂ္ဂိုလ်ဖြစ်သည်ဟူလို။ ထိုလောကသုံးပါး၏ အထွဋ်၌ ဖြစ်သောပုဂ္ဂိုလ်ဖြစ်သည်ဟူလို။ ထိုလောကသုံးပါး၏ ပူဇော်ကိုးကွယ်ရာပုဂ္ဂိုလ်ဖြစ်သည်ဟူလို။[၁]

၁။ ပါထေယျဝဂ္ဂလက္ခဏသုတ်၊ မဇ္ဈိမပဏ္ဏာသကျမ်း ဗြဟ္မာယုသုတ်၊ သီလက္ခန်ကျမ်း အမ္ဗဋ္ဌသုတ်၊ မဟာဝဂ္ဂကျမ်း မဟာပဓာနသုတ်၊ မဟာသုဒဿနသုတ်၊ သုတ္တနိပါတ် ပါရာယနသုတ်၊ ဇိနလက္ခဏဒီပနီ။





ဖူးပြီး ၎င်းတို့ မထင်မှတ်သော အဆောင်အဦမျိုးဖြစ်နေရာ ဇနီး မောင်နှံနှစ်ယောက်လုံး ဝမ်းမြောက်ဝမ်းသာ ရှိနေခဲ့ပြီး ဝန်းကျင်သဘာဝ တောတောင်ရေမြေ၏ ဆိတ်ငြိမ်အေးချမ်းမှုမှာ ရှုမျှော်ခစားမဆုံး ရှိနေကြပါသည်။

၎င်းနေ့ ညနေချမ်းရောက်သောအခါ မြစ်ကမ်းထိပ်ရှိ ဆရာတော်ကြီး ကျောင်းဆောင် လေသာခန်းတွင် ၎င်းတို့ဇနီးမောင်နှံနှစ်ယောက်နှင့် ဘုန်းကြီးတို့ ဆရာတပည့် စကားပြောနေကြပါသည်။ အချိန်မှာ ညနေချမ်းဖြစ်ပြီး ရေပြည့်နေချိန်ဖြစ်ပြီး ပြန်မကျသေးပါ။ ဆရာတော်ကြီးက မြစ်ပြင်ဘက် ကျောပေးထားပြီး ဆက်တီပေါ်မှာ ထိုင်နေပါသည်။ ကိုဖိုးစိန်နှင့် ဒေါ်ရွှေရွှေက ရှေ့ခပ်လှမ်းလှမ်းတွင် ကြမ်းပေါ်မှာ ထိုင်နေသဖြင့် မြစ်ဘက်ကို မြင်နေရပါသည်။ ဘုန်းကြီးက ဆရာတော်ကြီး ညာဘက်ခြေရင်းနားမှာ ဘေးတိုက်အနေအထားဖြင့် စကားပြောနေကြပါသည်။ ထိုစဉ်မှာပင် ဆရာတော်ကြီးမှာ လှိုင်းသံများကို နားစွင့်ရင်း စကားကို ဖြတ်လိုက်ပြီး တောင်ဘက် မြစ်ဝဘက်သို့ လှည့်ကာ ‘ငြိမ်ငြိမ်နေ၊ ငြိမ်ငြိမ်နေ’ ‘ကြည့်၊ ကြည့်’ဟု ပြောပါသည်။ ထိုအခါမှပင် စာရေးသူလည်း ရေပြည့်ချိန် လှိုင်းငြိမ်နေရမည့်အစား သဘာဝမဟုတ်ဘဲ လှိုင်းများခပ်သည်ကို သတိပြုမိပြီး မြစ်ပြင်ကို စောင့်ကြည့်နေပါတော့သည်။ အမေရိကန်က ဇနီးမောင်နှံကတော့ ဒီတိုင်းသာ ကြောင်ပြီးကြည့်နေပါသည်။ ကြည့်နေဆဲမှာပင် လှိုင်းများ ပိုထလာပြီး တောင်ဘက်မြစ်ဝဘက် မျက်စိအောက်မှာပင် ဘွားကနဲပေါ်လာသော ရေလှိုင်းမဟုတ်သည့် ကွေးကွေးသဏ္ဍာန်ကြီးတစ်ခုကို အားလုံးပင် မြင်လိုက်ကြရပါတော့သည်။ ဆရာတော်ကြီးက “အေး အေး အဲဒါမင်းတို့ အလျှူရှင်တွေကို ပြတာကွ”ဟု အမိန့်ရှိပါသည်။ ၎င်းတို့ဇနီးမောင်နှံက “ဆရာတော် အဲဒါ နဂါးပေါ်တာလားဘုရား”ဟု မေးနေပါတော့သည်။ ဆရာတော်ကြီးကား ပြုံး၍သာ နေပါတော့သည်။ ဒကာမကြီးက ကင်မရာသွားယူပြီး စောင့်ကြည့်နေပါသေးသည်။ နောက်ထပ်ပေါ်မလာခဲ့တော့ပါ။

## ၂၀၀၄ ခုနှစ် ဂန္ဓကုဋိပြာသာဒ်တော်ကြီးထီးတော်တင်ပွဲတွင် ပေါ်သောနဂါး

ထိုနှစ်က ဂန္ဓကုဋိပြာသာဒ်တော်ကြီးကို တည်ဆောက်ပြီးစီးခဲ့သည့်နှစ်ဖြစ်ပါသည်။ နိုင်ငံတော်မှ ဧည့်သည်တော်များ တက်ရောက်ကြပြီး ခြိမ့်ခြိမ့်သဲ ကျင်းပသောပွဲကြီးဖြစ်သည်။ ဇာတ်ပွဲနှင့် ပြန်/ဆက်မှ ပြသသောရုပ်ရှင်ပွဲအပြင် ရန်ကုန်မှ အဆိုကျော်များ ဆင်းလာပြီး စတိတ်ရှိုး ပါသည်။ ရသေ့တောင်တစ်နယ်လုံးမှ တက်ရောက်သဖြင့် ပရိသတ်မှာ ကြိတ်ကြိတ်တိုး၍ နေတော့သည်။ ဘုရားဘက်တွင် အခမ်းအနားကျင်းပနေပြီး ခြေတော်ရာ ရွာဘက်သွားလမ်းကွင်းပြင်တွင် ပွဲခင်းပြုလုပ်ပေးထားပြီး စစ်တွေမှ ပြည်နယ်အဆင့်မှ ဦးစီးခင်းကျင်းရောင်းချသော ဈေးပွဲတော်ကိုလည်း ခင်းကျင်းရောင်းချလျက်ရှိသေးသည်။ ထိုဈေးပွဲတော်တွင် ပြည်နယ်တာဝန်ခံအဖြစ် ပါလာသော ပြည်နယ်သမမှ ဦးစီးအရာရှိ ဦးစန်ရွှေနှင့် ပြည်နယ်မှ ပြန်/ဆက်ရုပ်ရှင်အဖွဲ့မှ တာဝန်ခံ ဦးသိန်းထွန်းတို့နှစ်ဦးမှာ ထိုနေ့နံနက်က အခမ်းအနားကျင်းပရာ အနီးကမ်းနားဘက်တွင် ရှိနေခဲ့ပေသည်။ ဦးစန်ရွှေက ပြန်လည်ပြောပြခဲ့ရာ ထိုနေ့နံနက် ၈ နာရီခန့်တွင် ရဟတ်ယာဉ်ဆင်းလာခဲ့ပြီးနောက် ထီးတော်ရေစက်ချမင်္ဂလာအခမ်းအနားကို ခြေတော်ရာဂန္ဓကုဋီသစ်အတွင်းမှာပင် ပြုလုပ်ခဲ့ပါသည်။ နံနက် ၉ နာရီခန့်တွင် ပြီးစီးသဖြင့် ၎င်းထီးတော် စိန်ဖူးတော်များကို ပန်းရထားရှိရာနေရာသို့ ပြောင်းရွှေ့နေဆဲ အချိန်ဖြစ်သည်။ ၉ နာရီကျော်ကျော်လောက်တွင် ဖြစ်ပါသည်။ ဧည့်သည်တော်များနှင့် ဆရာတော်ကြီးများမှာ ပြာသာဒ်တော်အတွင်း ရှိနေချိန်ဖြစ်ပြီး ပန်းရထားအနီးတွင်လည်း စုရုံးနေရာယူနေကြချိန်ဖြစ်ပါသည်။ ပြာသာဒ်တော်ကြီး၏ တောင်ဘက်ကမ်းနားလူအုပ်အတွင်းမှ 'နဂါးပေါ်တယ်၊ နဂါးပေါ်တယ်'ဟု စီတန်းဆူညံသွားပြီး လူများ အုတ်အုတ်ကျက်ကျက် ဖြစ်ကာ တိုးဝှေ့ကုန်ကြပါသည်။ ဦးစန်ရွှေနှင့် ဦးသိန်းထွန်းတို့ မြစ်လယ်သို့ ကြည့်လိုက်ရာ လှိုင်းများလည်း ပေါ်နေပြီး ရေသံများ ဆူနေပါသည်။ ရေလယ်တွင်ကား မဲနက်ချောပြောင်နေသော ရှည်လျားသည့်





အကောင်ကြီး နှစ်ကောင်၏ သဏ္ဌာန်ကို မြစ်လယ်တွင် ပေါ်လောကြီးစင်းလျက် တွေ့နေရပေသည်။ လှိုင်းနှင့်အတူ အလိုက်သင့်ပေါ်လျက်ရှိရာ စိတ်မှန်းဖြင့် လူတစ်ဆက်ခန့်ရှိမည်ထင်ပါသည်။ ပေါ်နေသော ကျောအလျားမှာ ပေ ၂၀ ကျော် ၃၀ လောက် အရှည်ကြီးဖြစ်ပါသည်။ ခေါင်းကိုပီးပြင်စွာ မမြင်ရသော်လည်း မြွေဦးခေါင်းနှင့်ပုံစံအတူလောက်ပင် ဖြစ်ပါသည်။ ထန်းပင်လုံး ပျော့ပျော့ကြီး ရေတွင် အလိုက်သင့် မျောနေသလိုဖြစ်ပါသည်။ မြောက်ဘက်ကို ဦးလှည့်နေပြီး တစ်မိနစ်နှစ်မိနစ်ခန့်အကြာတွင် မြင်ကွင်းမှ ပျောက်ကွယ်သွားခဲ့ပါသည်။ ပရိသတ်ကြီးကား ပြောမဆုံးအောင် ဖြစ်ခဲ့ပြီး ဒေသတစ်ခုလုံးသို့ ထိုသတင်းဟိုးဟိုးကျော်သွားခဲ့ပေသည်။ ထိုအကြောင်း အရာများကို ယခုဘူးသီးတောင်တွင် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ဆဲဖြစ်သူ ဦးစန်ရွှေက ၎င်း၏မှတ်တမ်းဒိုင်ယာရီပါအတိုင်း ပြန်လည်ပြောပြခဲ့ခြင်း ဖြစ်ပါသည်။

### ဗုဒ္ဓဘုရားရှင်၏ ဖဝါးပြင်၌ (၁၀၈) ကွက် စက်လက္ခဏာများရှိရခြင်းမှာ

မဟာပုရိသလက္ခဏာကျမ်း၌ မြတ်စွာဘုရား၏ လက္ခဏာတော်နှင့်တကွ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာသာဝကစသည်တို့၏ လက္ခဏာတော်များကို ဖော်ပြသောဂါထာပေါင်း (၁၀၁၆) ဂါထာရှိကြောင်းဆိုပါသည်။ ဖဝါးတော်ပြင်မှ စက်လက္ခဏာများသည် မဟာပုရိသလက္ခဏာသုံးဆယ့်နှစ်ပါးအနက် တစ်ပါးသာလျှင် ဖြစ်ပါသည်။ စက်လက္ခဏာဟူသည်မှာ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ညီညာပြည့်ဖြိုးသော ဖဝါးတော် နှစ်ဘက်တို့၏ အလယ်၌ လှည့်ဘီးသဏ္ဌာန်အကန့်အရေးပေါင်း တစ်ထောင်၊ ပုန်တောင်း အကွပ်တို့နှင့်တကွ ဝန်းဝိုင်းသောအရေးကြောင်းတို့ဖြင့် ပြည့်ဝန်းပီပြင် ပေါ်လွင်ထင်ရှားစွာ တည်ရှိသော စကြာရတနာပုံတော်ဖြစ်ပါ သည်။ ထို စကြာရတနာကို အပြင်ဘက်မှ ဝန်းရံလျက် ၁၀၈ ပါးသော စက်လက္ခဏာများက တည်ရှိနေပေသည်။ သို့သော် ယင်းလက္ခဏာတော်များသည်ကား ဗုဒ္ဓ၏ ဖြစ်တော်စဉ်၊ ဖြစ်တော်ပေါင်း မဟုတ်ချေ။

| | | |
|---|---|---|
| ၅၁။ သုဒဿန | သုဒဿနတောင် | Sudassana Mountain |
| ၅၂။ နေမိန္ဓရ | နေမိန္ဓရတောင် | Nemindhara Mountain |
| ၅၃။ ဝိနတက | ဝိနတကတောင် | Vinataka Mountain |
| ၅၄။ အဿကဏ္ဏ | အဿကဏ္ဏတောင် | Assakanna Mountain |
| ၅၅။ အနောတတ္တ | အနောတတ်အိုင် | The Lake.(Anotatta) |
| ၅၆။ ကဏ္ဏမုဏ္ဍ | ကဏ္ဏမုဏ္ဍအိုင် | The Lake.(Kannamunta) |
| ၅၇။ ရထကာရ | ရထကာရအိုင် | The Lake.(Rathakara) |
| ၅၈။ ဆဒ္ဒန္တ | ဆဒ္ဒန်အိုင် | The Lake.(Saddanta) |
| ၅၉။ ကုဏာလ | ကုဏာလအိုင် | The Lake.(Kunala) |
| ၆၀။ မန္ဒာကိနီ | မန္ဒာကိနီအိုင် | The Lake.(Mandakini) |
| ၆၁။ သီဟပ္ပတ | သီဟပ္ပတအိုင် | The Lake.(Sihappata) |
| ၆၂။ သုပဏ္ဏရာဇာ | ဂဠုန်ငှက်မင်း | The Garuda King. |
| ၆၃။ သံသုမာရ | မိကျောင်းမင်း | The Crocodile King. |
| ၆၄။ ဓဇပဋာက | တံခွန်ကုက္ကား | The Streamers. |
| ၆၅။ သုဝဏ္ဏသိဝိကာ | ရွှေသံလျင်း | The Golden Shawl. |
| ၆၆။ သုဝဏ္ဏဝါလဗီဇနီ | ရွှေဖြင့်ပြီးသောယပ် | The Whisk made of Gold. |
| ၆၇။ ကေလာသပဗ္ဗတ | ကေလာသငွေတောင် | The Mount Kalasa. |
| ၆၈။ သီဟရာဇ | ကေသရာဇာခြင်္သေ့မင်း | The Lion King. |
| ၆၉။ ဗျဂ္ဃရာဇာ | ကျားမင်း | The Tiger King. |
| ၇၀။ ဝလာဟကအဿ | မြင်းပျံ | The Noble Steed Born Among Clood. |





ထိုစက်လက္ခဏာတို့သည် ဘုရားလောင်းကို ဖွားတော်မူကာစကပင် ပါရှိခဲ့ခြင်းဖြစ်ပေသည်။ ပုဏ္ဏားတော်တစ်ရာ့ရှစ်ဦးအနက် ရှစ်ယောက်သော ပုဂ္ဂိုလ်တို့သည်သာ ဘုရားအလောင်း၏ မြတ်သောလက္ခဏာတော်တို့နှင့် ပြည့်စုံခြင်းကို ကြည့်ရှု၍ နိမိတ်ဖတ်ကြားလျှောက်ထားနိုင်သည်။ သို့တိုင် ပထမဆုံး ပုဏ္ဏားမှသည် သတ္တမပုဏ္ဏားတိုင် လောက၌ ဘုရားသော်လည်းကောင်း၊ စကြာဝတေးမင်းသော်လည်းကောင်း ဖြစ်မည်ဟု အနေကံအားဖြင့်သာ ဖတ်ကြားနိုင်ခဲ့လေသည်။ ကောဏ္ဍညနွယ်ဖွား သုဒတ္တပုဏ္ဏားငယ်တစ်ဦးလျှင်သာ "ဘုရားစင်စစ်ဧကန်ဖြစ်လတ္တံ့"ဟု ဧကန်အားဖြင့် တစ်ခွန်းတည်း ဆိုနိုင်လေသည်။ အဘယ့်ကြောင့်ဆိုနိုင်ခဲ့လေသနည်း၊ အကြောင်းမှာ ဘုရားလောင်း၏ ခြေတော်ပြင်လက္ခဏာ အစဉ်ဝယ် စကြာဝတေးမင်း၏ ပုံပါရှိခဲ့လေပြီ။ ထို့ကြောင့် စကြာဝတေးမင်းထက် မြတ်သည်ကား လောကသုံးပါးတွင် ဘုရားသာလျှင် ဖြစ်သတည်း။

## (၁၀၈) ပါးသော စက်လက္ခဏာတော်များ

| | | | |
|---|---|---|---|
| ၁။ | သတ္တိ | လှံမ | The Large Spear. |
| ၂။ | သိရိဝစ္ဆ | အိမ်မွန် | The Royal Manson. |
| ၃။ | နန္ဒိယာဝဋ္ဋ | ဇလပ်ပန်း | The Wax Flower. |
| ၄။ | သောဝတ္ထိက | လည်ရေးသုံးဆင့် | The Three Regular Lines. |
| ၅။ | ဝဋံသကာ | ဦးဆောက်ပန်း | The Ornament Head Band. |
| ၆။ | ဝဍ္ဎမာန | ထမင်းပွဲ | The Table Laid. |
| ၇။ | ဘဒ္ဒပီဌ | ရွှေသလွန် | The Royal Cot. |
| ၈။ | အင်္ကုသ | ချွန်းတောင်း | The Javelin |
| ၉။ | ပါသာဒ | ပြာသာဒ် | The Multi Tiered Root. |
| ၁၀။ | တောရဏ | တံခါးတိုင် | The Archway. |

| | | | |
|---|---|---|---|
| ၁၁။ | သေတစ္ဆတ္တ | ထီးဖြူ | The White Parasol. |
| ၁၂။ | ခဂ္ဂ | သံလျက် | The Royal Acimitar. |
| ၁၃။ | တာလဝဏ္ဋ | ထန်းရွက်ယပ် | The Palmyra Fan. |
| ၁၄။ | မယူရဟတ္ထ | ဒေါင်းမြီးယပ် | The Peacock Feathers Fan. |
| ၁၅။ | စာမရီဟတ္ထ | စာမရီသားမြီးယပ် | The Antelope Tail Whisk. |
| ၁၆။ | ဉဏှိသ | သင်းကျစ် | The Frontilet. |
| ၁၇။ | မဏိ | ပတ္တမြား | The Ruby. |
| ၁၈။ | ပတ္တ | သပိတ် | The Alms Bowl. |
| ၁၉။ | သုမနဒါမ | မြတ်လေးပန်းဆိုင်း | The Jasmins Garlamt. |
| ၂၀။ | နီလုပ္ပလ | ကြာညို (အပြာရောင်) | The Blue Lotus. |
| ၂၁။ | သေတုပ္ပလ | ကြာဖြူ | The White Lotus. |
| ၂၂။ | ရတ္တုပ္ပလ | ကြာနီ | The Red Lotus. |
| ၂၃။ | ပဒုမ | ပဒုမ္မာကြာ | The Sacred Lotus. |
| ၂၄။ | ပုဏ္ဍရိက | ပုဏ္ဍရိက်ကြာ | The White Lotus. |
| ၂၅။ | ပုဏ္ဏဃဋ | ရေပြည့်အိုး | The Pot Full of Water. |
| ၂၆။ | ပုဏ္ဏပါတိ | ရေပြည့်ဖလား | The Cup Full of Water. |
| ၂၇။ | သမုဒ္ဒ | သမုဒ္ဒရာလေးစင်း | The Oceans. |
| ၂၈။ | စက္ကဝါဠ | စကြာဝဠာ | The Universe. |
| ၂၉။ | သိနေရုပဗ္ဗတ | မြင့်မိုရ်တောင် | The Meru Mountain. |
| ၃၀။ | သူရိယမဏ္ဍလ | နေဝန်း | The Sun. |





| | | | |
|---|---|---|---|
| ၃၁။ | စန္ဒမဏ္ဍလ | လဝန်း | The Moon. |
| ၃၂။ | နက္ခတ္တ | နက္ခတ်တာရာ | The Planets. |
| ၃၃။ | ဇမ္ဗူဒီပ | ဇမ္ဗူဒိပ်တောင်ကျွန်း | The South Land. |
| ၃၄။ | ပုဗ္ဗဝိဒေဟ | အရှေ့ကျွန်း | The East Land. |
| ၃၅။ | ဥတ္တကုရု | မြောက်ကျွန်း | The North Land. |
| ၃၆။ | အပရဂေါယာန | အနောက်ကျွန်း | The West Land. |
| ၃၇။ | စက္ကဝတ္တိ | စကြာမင်း | The Universal Monarch. |
| ၃၈။ | သင်္ခ | ခရုသင်း | The White Conch Shell. |
| ၃၉။ | မစ္ဆယုဂ | ရွှေငါးကြင်းအစုံ | The Pair of Golden Fish. |
| ၄၀။ | စက္ကဝုဓ | စကြာလက်နက် | The Tool of Wheel. |
| ၄၁။ | လဝဏသီတ | ဆားငံရေသီတာ | The Salt River. |
| ၄၂။ | ဉစ္ဆုသီတ | ကြံရည်သီတာ | The Canejice River. |
| ၄၃။ | သုရာသီတာ | သေရည်သီတာ | The Liguor River. |
| ၄၄။ | သာစိသီတာ | ရေချမ်းသီတာ | The Cool-water River. |
| ၄၅။ | ဒဓိသီတာ | နို့ဓမ်းမလိုင်သီတာ | The Milk Cream River. |
| ၄၆။ | ဒုဒ္ဓသီတာ | နို့ရည်သီတာ | The Milk River. |
| ၄၇။ | ဇလသီတာ | ရေချိုသီတာ | The Sweet water River. |
| ၄၈။ | ယုဂန္ဓရ | ယုဂန္ဓိုရ်တောင် | Yugandhara Mountain |
| ၄၉။ | ဤသန္ဓရ | ဤသန္ဓရတောင် | Isandhara Mountain |
| ၅၀။ | ကရဝိက | ကရဝိကတောင် | Karavika Mountain |

ရပေသည်။ (အာ, သော, မာ, ၀) ပုဂံရွှေစည်းခုံမှစ၍ (ဗု,ဒ္ဓ,ဂု,ဏ) မဟာမုနိဘုရားကြီးတိုင် (ကြစ္စေ၀၊ အဌဝီသာနံ စေတိယာနံ အဟံ ၀န္ဒာမိ သဗ္ဗဒါ) ဟူ၍ နှစ်ကျိပ်ရှစ်ဆူသော ဘုရားတို့တွင် အပါအဝင် တွေ့ရလေသည်။ ထို့အတူပင် (အာ,သော,မာ,၀၊ သိကြားအက္ခရာ၊ လက်ဖွဲ့စာဟု၊ နာနာ၀ါဒ၊ သမိုက်ကြသား၊ ပုဂါမ်ရွှေဘုံ၊ ရွှေစည်းခုံမှတည့်) အစချီ၍၊ အဆုံးချတွင် (ရှင်ချစ်ဘုရား၊ သက်တော်ပွားဟု၊ ကိုးစားညွှတ်ခ၊ ဘွဲ့ဗု,ဒ္ဓနှင့်၊ ဂု,ဏ,ခရာ၊ လေးလုံးစာဖြင့်၊ ကိုးဖြာဂုဏ်လှိုင်၊ ထွတ်ဦးကိုင်သည့်၊ ရခိုင်ဘုရားကြီး၊ အသီးသီးတိ၊ စောထီးထွဋ်ထိပ်၊ နှစ်ကျိပ်ရှစ်ပါး၊ ကိုယ်တော်စားတို့၊ သိကြားအက္ခရာ၊ တံဆိပ်စာကို၊ သဒ္ဓါညွှတ်နူး၊ ရှိဦးညွှတ်လျှိုး၊ ကျွန်ရှိခိုးသည်) အစ ရှိသည်ဖြင့် ဖွဲ့စီသော စာမအက္ခရာများနှင့်တကွ ရေးသားခဲ့သော ရှေးခေတ် လင်္ကာစကားပြေရော နှစ်ကျိပ်ရှစ်ဆူ ဘုရားရှိခိုးတွင်လည်း တစ်ဆယ့်လေး ဆူမြောက်တွင် တွေ့ရပြန်သည်။

ထိုထိုသို့သော "အာ,သော,မာ,၀-အစရှိသည်ဖြစ်သော အက္ခရာ လေးလုံးလေးလုံးစီဖြင့် မှတ်သော ဗန္ဓ (၂၈) ရပ်ကို ပုဂံရွှေစည်းခုံစသော နှစ်ကျိပ်ရှစ်ဆူသောဘုရားတို့၌ သိကြားမင်းဆက်ကပ်သော တံဆိပ် (၂၈) ပါးဟူ၍ ရှေးသူတော်ကောင်းတို့ မှတ်သားဆောင်ရွက်ကြသည်။ ဤရှိခိုးဂါထာများဖြင့် သက်ဆိုင်ရာဒေသများတွင် ဘေးအန္တရာယ်ကင်းငြိမ်း၍ ဘုန်းကြီးသက်ရှည်ရှိကြောင်းကိုလည်း ပြောဆိုကြသည်"ဟူ၍ မဟာမုနိ ရုပ်ရှင်တော်ဘုရားကြီးသမိုင်းတွင် ဆရာကြီး ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)က ထည့်သွင်းရေးသားဖော်ပြထားပေသည်။

ရေကြောင်းခရီးတွင်လည်း ရှေးခေတ်အခါ ရွက်လှေသင်္ဘောကြီးများ ခေတ်ကပင် ရွက်တိုင်ထိပ်မှ ကုက္ကလံခေါ် လေကြောင်းရပ်ညွှန်းအလံငယ်တွင် ဒေသအလိုက် သက်ဆိုင်ရာစာမတံဆိပ်များ ရေးထိုး၍ အကျိုးကျေးဇူးအထူးကို ခံစားခဲ့ကြလေသည်။





| | | | |
|---|---|---|---|
| ၇၁။ | ဥပေါသထ | ဥပေါသထဆင် | The NobleWhite Elephant. |
| ၇၂။ | ဗာသုကီနာဂရာဇာ | နဂါးမင်း | The Dragon King. |
| ၇၃။ | ဟံသရာဇာ | ရွှေဟင်္သာမင်း | The Golden King. |
| ၇၄။ | ဥသဘရာဇာ | နွားလားဥသဘ | The Noble Bull. |
| ၇၅။ | ဧရာဝဏ | ဧရာဝဏ်ဆင်မင်း | The Eravana. |
| ၇၆။ | သုဝဏ္ဏမကာရ | ရွှေမကာရ်း | The Golden Leviathan. |
| ၇၇။ | သုဝဏ္ဏနာ၀ါ | ရွှေလှေ | The Royal Barge. |
| ၇၈။ | စတုမုခ | မျက်နှာလေးပါး | The Four Faces. |
| ၇၉။ | သဝစ္ဆရမေနု | နွားသားအမိ | The Cow And Her Calf. |
| ၈၀။ | ကိံပုရိသ | ကိန္နရာ | The Kinnara Mythical Male Bird. |
| ၈၁။ | ကိံပုရိသီ | ကိန္နရီ | The Kinnary Mythical Female Bird. |
| ၈၂။ | ကရဝိက | ကရဝိက်ငှက်မင်း | The Karawaik Bird King. |
| ၈၃။ | မယူရရာဇာ | ရွှေဥဒေါင်းမင်း | The Peacock King. |
| ၈၄။ | ကောဉ္စရာဇာ | ကြိုးကြာငှက်မင်း | The Crone King. |
| ၈၅။ | စက္ကဝက္ကရာဇာ | စက္ကဝက်ငှက်မင်း | The Ruddy Goose. |
| ၈၆။ | ဇ၀ဉ္ဇိကရာဇာ | ဇီဝဇိုးငှက်မင်း | The Pheasant Partiridge. |
| ၈၇။ | စာတုမဟာရာဇိကာ | စတုမဟာရာဇ်နတ်ပြည် | The Celeshial Abodest. |
| ၈၈။ | တာဝတိံသာ | တာဝတိံသာနတ်ပြည် | The Celeshial Abodest. |
| ၈၉။ | ယာမာ | ယာမာနတ်ပြည် | The Celeshial Abodest. |
| ၉၀။ | တုသိတာ | တုသိတာနတ်ပြည် | The Celeshial Abodest. |

| | | |
|---|---|---|
| ၉၁။ နိမ္မာနရတီ | နိမ္မာနရတီနတ်ပြည် | The Celeshial Abodest. |
| ၉၂။ ပရနိမ္မိတဝသဝတ္တီ | ပရနိမ္မိတဝသဝတ္တီနတ်ပြည် | The Celeshial Abodest. |
| ၉၃။ ဗြဟ္မပါရိသဇ္ဇာ | ဗြဟ္မပါရိသဇ္ဇာဗြဟ္မာပြည် | Brahma Plane. |
| ၉၄။ ဗြဟ္မပုရောဟိတာ | ဗြဟ္မပုရောဟိတာဗြဟ္မာပြည် | Brahma Plane. |
| ၉၅။ မဟာဗြဟ္မာ | မဟာဗြဟ္မာပြည် | Brahma Plane. |
| ၉၆။ ပရိတ္တာဘာ | ပရိတ္တာဘာဗြဟ္မာပြည် | Brahma Plane. |
| ၉၇။ အပ္ပမာဏာဘာ | အပ္ပမာဏာဘာဗြဟ္မာပြည် | Brahma Plane. |
| ၉၈။ အာဘဿရာ | အာဘဿရာဗြဟ္မာပြည် | Brahma Plane. |
| ၉၉။ ပရိတ္တသုဘာ | ပရိတ္တသုဘာဗြဟ္မာပြည် | Brahma Plane. |
| ၁၀၀။ အပ္ပမာဏာသုဘာ | အပ္ပမာဏာသုဘာဗြဟ္မာပြည် | Brahma Plane. |
| ၁၀၁။ သုဘကိဏှာ | သုဘကိဏှာဗြဟ္မာပြည် | Brahma Plane. |
| ၁၀၂။ ဝေဟပ္ဖလာ | ဝေဟပ္ဖလာဗြဟ္မာပြည် | Brahma Plane. |
| ၁၀၃။ အသညသတ္တာ | အသညသတ်ဗြဟ္မာပြည် | Brahma Plane. |
| ၁၀၄။ အဝိဟာ | အဝိဟာဗြဟ္မာပြည် | Brahma Plane. |
| ၁၀၅။ အတပ္ပါ | အတပ္ပါဗြဟ္မာပြည် | Brahma Plane. |
| ၁၀၆။ သုဒဿာ | သုဒဿာဗြဟ္မာပြည် | Brahma Plane. |
| ၁၀၇။ သုဒဿီ | သုဒဿီဗြဟ္မာပြည် | Brahma Plane. |
| ၁၀၈။ အကနိဋ္ဌာ | အကနိဋ္ဌဗြဟ္မာပြည် | Brahma Plane. |





## ဗုဒ္ဓဘုရားရှင်၏ ဖဝါးတော်မှ (၁၀၈) ကွက် စက်လက္ခဏာတို့ကို ဤမိုးစည်ကျွန်း ပါဒခြေတော်ရာ၌ မည်ကဲ့သို့ ပူဇော်ဖူးမြင်ကြမည်နည်း

ရှေ့တွင် ဖော်ပြခဲ့သည့်အတိုင်း သိရှိနားလည်ပြီးမှသာလျှင် ဗုဒ္ဓဘုရားရှင်၏ လောကသုံးပါးထက် မြင့်မြတ်လဗသော 'တိလောကဂ္ဂ'ဂုဏ်တော်၊ လောကသုံးပါးမှ လွန်မြောက်တော်မူသော 'တိလောကန္ဒဂူ'ဂုဏ်တော်၊ လောကသုံးပါးကို အကြွင်းမရှိ သိမြင်တော်မူသော 'လောကဝိဒူ' ဂုဏ်တော် အစရှိသော ဂုဏ်တော်တို့ကို နှလုံးသွင်း၍ ဖူးမြင်ကြရာသည်။

ထို့အတူ (၁၀၈) ကွက်သော စက်လက္ခဏာတို့ကို အစဉ်အတိုင်း မြင်လာစေရန်အတွက် "မုနိသကျ၊ ဂေါတမ၏၊ ပါဒမြတ်ကျော်၊ ဖဝါးတော်မှာ၊ ထွန်းပေါ်ကျစ်လစ်၊ တစ်ရာ့ရှစ်ကို၊ စင်စစ်ကောင်းထွေ၊ လှည့်လည်ရေအံ့"ဟူသော ရှေးရိုးအစဉ် ခြေတော်ရာဘုရားရှိခိုးကြီးဖြင့် အောက်မေ့ပူဇော်ကန်တော့၍လည်း ဖူးမြင်ကြရာ၏။

ဘုရားအဖြစ်၌ ဦးစွာပထမဆုံး ကပ်လှူခဲ့သော ယနာန္နိ့ဆွမ်း၊ ရေချမ်း၊ ပန်းစသည်တို့ကို လှူဒါန်းဆက်ကပ်ပူဇော်ပြီးလျှင် ဤခြေတော်ရာကို ဘုရားရှင်ထံမှ တောင်းခံလျက် စောင့်ရှောက်လာခဲ့ကြကုန်သော နမ္မဒါနဂါးမင်းနှင့်တကွ အလုံးစုံသော အနန္တသတ္တဝါဝေနေယျအပေါင်းတို့အား ပတ္တိဒါနပေးဝေမျှ၍လည်း ပူဇော်ရာ၏။ အဓိဋ္ဌာန်ပြုရာ၏။

ဤသို့ယုံကြည်သဒ္ဓါတရားဖြင့် နှလုံးသွင်း ကောင်းစွာထားရှိသော သူများကမူ နူးညံ့သော စာကူးစက္ကူများကို ခြေတော်ရာ၏ ကျောက်သားပြင်ဝယ် ဖိကပ်ထားပြီးလျှင် ကောင်းမွန်သော ခဲသားများဖြင့် ရေးခြစ်ကူးယူခြင်းဖြင့် မိမိနှင့် ပါရမီကံတူညီသော စက်လက္ခဏာတို့ကို ဖူးမြင်ပူဇော်လျက် ရှိကြပေသည်။ အသိဦးက အကျိုးထူးရစမြဲ။

### နှစ်ကျိပ်ရှစ်ဆူဝင် မဟာပါဒခြေတော်ရာကြီးဘုရားရှိခိုး

ဤပါဒခြေတော်ရာ၏ ဘုရားရှိခိုးနှင့် စပ်လျဉ်း၍ မင်းတိုင်ပင်အမတ် မဟာဇေယျရာဇသင်္ကြန်၏ လျှောက်စာတွင် ပါဝင်ကြောင်း လေ့လာသိရှိ

## နိဂုံး

### သစ္စဗန္ဓရသေ့ တောင်းပန်၍ ထားခဲ့သော ခြေတော်ရာအနုမာန

ခြေတော်ရာနှင့်ပတ်သက်၍ ထူးခြားသော အချက်တစ်ချက်အား မဟာမုနိဘုရားကြီးသမိုင်းစာမျက်နှာ (၃၁) ၌ တွေ့ရှိရပါသည်။ ဤအချက်သည် လွန်စွာအရေးပါပြီး ပိဋကတ်တော်၌ ကွင်းဆက်ပြတ်နေသော သုတ္တန်များရှိနိုင်ကြောင်းကိုလည်း သတိပြုမိစေသည်။ ဘုရားသခင်၏ ဒေသစာရီ ခရီးကိုလည်း မိမိဒေသအလိုက် သမိုင်းအလိုက် ဆွဲယူရေးသားထားခြင်းများကိုလည်း တပေါင်းတရုံးတည်း ညီညွတ်စေကြောင်းကိုလည်း တွေ့ရပြန်သည်။ ၎င်းအပြင် အရေးကြီးဆုံးအချက်ကား အထက်ပါ ပါဒခြေတော်ရာ၊ သစ္စဗန္ဓတောင်းပန်၍ ချခဲ့သော ခြေတော်ရာကိုလည်း ညွှန်ပြနေကြောင်း သုံးသပ်ရပေသည်။ ၎င်းအချက်ကို တင်ပြလိုပါသည်။

၎င်းမဟာမုနိသမိုင်းတွင်လည်း ဆရာကြီး ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) က အောက်ပါအတိုင်း ရေးသားဖော်ပြထားပါသည်။ "မန္တလေးမြို့ အင်းခန်းကျောင်းတိုက် ရွှေကျင်နိကာယ သာသနာပိုင်ဆရာတော်ဘုရားကြီး သက်တော် ၉၇ နှစ်ကို (၉. ၇. ၁၉၈၂) ရက်နေ့တွင် ဖူးမြော်ရာ မဟာမုနိရုပ်ရှင်တော်နှင့်ပတ်သက်၍ ဤသို့တစ်မျိုးမှတ်သားရလေသည်။ ဗုဒ္ဓမြတ်စွာဘုရားသည် ပုဏ္ဏောဝါဒသုတ်လာ ပုဏ္ဏမထေရ် တောင်းပန်ပင့်ဖိတ်သဖြင့် ကျောင်းတော်ရာသို့ ကြွချီလာရာ လမ်းခရီး၌ စန္ဒသူရိယမင်း တောင်းပန်ပင့်ဖိတ်သဖြင့် ဓညဝတီပြည် သီရိဂုတ္တတောင်၌ ရပ်တန့်နားနေပြီးနောက် စန္ဒသူရိယမင်း ကိုးကွယ်ရန် ကိုယ်စားတော်ပေး၍ ဗုဒ္ဓမြတ်စွာဘုရားသည် အရှေ့အရပ်သို့ မျက်နှာမူလျက် တင်ပလ္လင်ခွေ ထိုင်ပြရာ





### သိကြားမင်း ဆက်ကပ်သော
### (နံ, ဍ္ဍံ, ဂုံ, ဏာ)
### စာမ တံဆိပ်တော်ရ
### မိုးစည်ပါဒခြေတော်ရာဘုရားရှိခိုး

နန္ဒိတံ နာဂရာဇူဘိ၊ တရင်္ဂဘယဝဇ္ဇိတံ။

ဂုဟာနဇ္ဇာ သဏ္ဌပေတံ၊ ဏမေ ပါဒဝဠဥ္ဇနံ။

ပုညေနာနေန သဗ္ဗမ္ပိ၊ သမိဇ္ဈတု ယထိစ္ဆိတံ။

နာဂရာဇူဘိ- နမ္မဒါမြစ်တွင် ဝင်စံပျော်ပါး နတ်နဂါးတို့သည်၊ နန္ဒိတံ- နှစ်သက်မြတ်နိုး မွေ့လျော်ကိုးကွယ်အပ်သော၊ ဂုဟာနဇ္ဇာ- ခက်ခဲလုံခြုံစွာသော နမ္မဒါမြစ်ကမ်း၌၊ တရင်္ဂဘယဝဇ္ဇိတံ- လှိုင်းတံပိုးဘေးမှ ကင်းရှင်းလှစွာသော၊ သဏ္ဌပေတံ- မြတ်စွာဘုရားသည် ကောင်းစွာ ချထားတော်မူအပ်သော၊ ပါဒဝဠဥ္ဇနံ- ပါဒသိင်္ဂါ ရွှေသားခြေတော်ရာကို၊ ဏမေ[၁]- ရှိခိုးပါ၏ဘုရား၊ အနေန ပုညေန- ဤသို့ရှိခိုးရသော ကောင်းမှုကြောင့်၊ သဗ္ဗမ္ပိ- အလုံးစုံသောတောင်းဆုသည်လည်း၊ ယထိစ္ဆိတံ- အလိုရှိတိုင်း၊ သမိဇ္ဈတု- ကောင်းစွာပြည့်စုံပါစေသတည်း။

[**မှတ်ချက်**။ ။ဝိသေသအရပ်၊ အနောက်အရပ်၊ ဝိသေသအချိန် ညနေ သုံးနာရီနှင့် ၆ နာရီ ဝိသေသအမှတ်အသား (နံ,ဍ္ဍံ,ဂုံ,ဏာ) ဝိသေသ အောင်မြေ၊ အောင်မြင်ခြင်း။ ဉာဏ်ရှိတိုင်း အထူးထူးပြုလုပ်ပူဇော်၍ ခြေတော်ရာအား ရည်မှတ်ရှိခိုး၍ ဗုဒ္ဓဘုရားရှင်၏ ဂုဏ်တော်ကို အောက်မေ့အပ်သည်။]

၁။ ဗုဒ္ဓဂုဏတံဆိပ်တော်အရ 'ဏမေ'ဟု 'ဏ'ကြီးဖြင့် ရေးသည်။

## အလို့တော်ပြည့်ဆရာတော်ကြီး

### စီကုံးရေးထိုးသော ညေဝတီပြည် ရသေ့တောင်မြို့နယ် မိုးစည်ကျွန်း ဗုဒ္ဓပါဒခြေတော်ရာမော်ကွန်း

ချေမ်းသာမြေ၊ ရခိုင်ပြည်၏၊ ရွှေပြည်ညေ၊ တိုင်းရက္ခ၌၊ အနောက်တောင်ရိပ်၊ သမုဒ်ထိပ်မှ၊ စီးဆင်းဝင်လာ၊ နမ္မဒါဟု၊ နာမလျှမ်း ပြောင်၊ ထိုကျောက်ဆောင်၌၊ နမ္မဒါနဂါး၊ တောင်းပန်ငြား၍၊ သနားငဲ့ညှာ၊ ကရုဏာပီတိ၊ မေတ္တာရှိလျက်၊ ဇိနုတ္တရဟု၊ ဓမ္မရာဇ်မှန်ကူ၊ စံမတူသည့်၊ သယမ္ဘူဂိုဏ်း၊ တုနှိုင်းမမြင်၊ ဘုရားရှင်သည်၊ မဏိသေလ၊ နာမထွန်းပြောင်၊ ဤကျောက်ဆောင်၌၊ တစ်ရာ့ရှစ်ကွက်၊ စက်လက္ခဏာ၊ ပြည့်စုံစွာဖြင့်၊ လက်ဝဲခြေတော်၊ ချသော်ခဏ၊ အနန္တစကြာဝဠာ၊ သတ္တရမ္မာန်၊ သီတာခုနှစ်တန်၊ ခပင်းဥသုံ၊ ခြိမ့်ခြိမ့်တုန်သည်၊ ဗုဒ္ဓတေဇာနုဘော်တည်း။

သုခနိဗ္ဗာန်၊ ရောက်ရန်မှန်သား၊ မဂ္ဂင်ဖောင်ဦး၊ လင်းယာဉ်မှူးသို့၊ ကျေးဇူးတော်ရိပ်၊ နှုတ်တံဆိပ်ဖြင့်၊ ဗျာဒိတ်နှိပ်သော်၊ ကိုယ်ပွားတော်ဟု၊ မဟာမုနိ၊ တန်ခိုးရှိသား၊ ကြီးဘိတေဇော်၊ ရုပ်ရှင်တော်ကို၊ ညေရွှေပြည်၊ တိုင်းဌာနီ၌၊ ရုပ်တော်ကိုယ်စား၊ ဗျာဒိတ်ကြားကာ၊ အနောက်မဇ္ဈိမ၊ တိုင်းဒေသသို့၊ ပြန်ကြွလာသည့်၊ လမ်းခရီး၌၊ စာရုပဗ္ဗတ၊ ထိုတောင်မ၏၊ လက်ျာညာခေါင်၊ ထိုကျောက်ဆောင်လျှင်၊ စိမ်းလဲ့ညိုပြာ၊ နမ္မဒါ၌၊ မြူးရွှင်ပျော်ပါး၊ ရေနဂါးတို့၊ တောင်းပန်သမှု၊ အကြောင်းပြု၍၊ လက်ဝဲမည်ခေါ်၊ ရွှေစက်တော်ကို၊ ငါးထောင်သာသနာ၊ တည်တံ့ကြာအောင်၊ ကရုဏာပွား၊ မေတ္တာထား၍၊ ဘုန်းခေါင်စကြာ၊ ခပ်နှိပ်ရာသည်၊ ပါဒတံဆိပ်ထင်သတည်း။





မှတ်သားဗိုလ်လူ၊ သိစေမူ၍၊ ဖွင့်ဆိုမိန့်ဟ၊ ထင်ရှားပြသော်၊ မဟာသုဝဏ္ဏ၊ ပါသာဒဟု၊ ဂန္ဓကုဋီ၊ တလီသညာ၊ ခေါ်တွင်ရာသည့်၊ ဝိဟာရခေါ်၊ ကျောင်းတော်ပြာသာဒ်၊ ရည်ညွှန်းအပ်သော်၊ နန်းပြာသာဒ်သွင်၊ ဘုံခုနစ်ဆင့်၊ စမုခ်တင့်ရောင်၊ ရွှေတောင်ပမာ၊ လေးမျက်နှာ၌၊ လျှံဝါဝင်းဝင်း၊ ရွှေအဆင်းနှင့်၊ အတွင်းမှာမူ၊ ပါဒခြေတော်၊ စံပျော်တုလွတ်၊ ရွှေပြာသာဒ်နှင့်၊ လျောက်ပတ်တင့်တယ်၊ ကြည်ညိုဖွယ်တည်း။ ခြေတော်ရာမြတ်၊ ကိန်းဝပ်စမ္ပာယ်၊ အလယ်ဂွင်ကျ၊ ဗွေချက်မ၌၊ ခြူးပန်းခြူးနွယ်၊ အံ့သြဖွယ်လျှင်၊ တစ်လီတင့်ဆန်း၊ ရှုမခန်းမျှ၊ သဒ္ဓါယိုဖိတ်၊ မေတ္တာစိတ်ဖြင့်၊ အဂ္ဂမဟာ၊ ပဏ္ဍိတာဟု၊ ဓုရနှစ်ဖြာ၊ သာသနာကို၊ ရှေ့ဆောင်လမ်းညွှန်၊ သီလဝံတည်း။

သာသနိက၊ ဘုရားစေတီ၊ အလီလီကို၊ ကောင်းစွာပြုပြင်၊ မေတ္တာရှင်ဟု၊ အလိုတော်ပြည့်၊ ထေရ်အရိယ၊ သမဏ၏၊ ထုတ်ဖော်ညွှန်ပြ၊ သြဝါဒဖြင့်၊ ညေတိုင်းမှူး၊ ဗိုလ်ချုပ်မောင်ဦး၊ အမှူးပြု၍၊ ဖွံ့ဖြိုးရေးကောင်စီ၊ သဒ္ဓါကြည်၍၊ ဖြူစင်နှလုံး၊ စိတ်ထားသုံးလျက်၊ အများပြည်သူ၊ နိဗ္ဗာန်ယူဖို့၊ စုပေါင်းညီညာ၊ လှူဒါန်းလာသော်၊ ဓတြိဆပန်း (၁၃၆၅)၊ ရတုမာသ၊ တန်ခူးလ၌၊ ဒသအပေါ်၊ ရွှေထီးတော်ကို၊ နိုင်ငံတော်မည်၊ သညီတင့်ဆန်း၊ သဒ္ဓါလန်းသည့်၊ ထိပ်တန်းခေါင်းဆောင်၊ ဦးသျှောင်ကိုယ်စား၊ ဗိုလ်ပါများတို့၊ ဦးဆောင်သမှု၊ အကြောင်းပြု၍၊ ဇုဏှအခါ၊ နေ့အခါဝယ်၊ မဟာသုဝဏ္ဏ၊ ပါသာဒဟု၊ ပြာသာဒ်တော်ကြီး၊ အောင်မြင်ပြီးက၊ ကြီးကျယ်လှစွာ၊ အံ့ဖွယ်သီးသီး၊ ပွဲတင်ဟီးမျှ၊ မြေကြီးတုန်လှုပ်၊ ဝန်းရံအုပ်၍၊ ပတ်ချုပ်ဝန်းကျင်၊ စေတနာရှင်တို့၊ ဗိုလ်လူခပင်း၊ ညီညာကျင်းသော်၊ ရွှေထီးတော်ကို၊ အပေါ်သို့မြှောက်၊ အပြီးရောက်က၊ မဟာမင်္ဂလာ၊ ကုသိုလ်ဖြာ၍၊ အတိုင်းမသိ၊ မိုးထိတိမ်ကြား၊ တင်လှူငြားသည်၊ နိဗ္ဗာန်သောင်ကူး၊ အချိန်မြူးသည်၊ ရွှေထီးစိန်ဖူးတင်၏တည်း။ ။

မည်သို့ပင်ဖြစ်စေ မန်းချောင်းဖျားသည်လည်းကောင်း၊ မအီချောင်းဖျားသည်လည်းကောင်း ဆန့်ကျင်ဘက်အရပ်၊ မတူညီသောအရပ်နှစ်ခုသည် တူညီသော ရိုးမထိပ်တစ်နေရာကို လမ်းကြောင်း ညွှန်ပြသဲလွန်စ ပေးလျက်ရှိချေပြီ။ မြေပုံတွင် ကြည့်ရှုပါက ပို၍ပင် အားတက်ယုံကြည်ဖွယ် ဖူးမြင်ရပေဦးမည်။ ထိုတစ်ခုသော တောင်ထိပ်နေရာသို့ ယုံကြည်မြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ကြပါကုန်။





ပုံတူသွန်းလုပ်ခဲ့ကြောင်း၊ ဓညဝတီသည် စေတုတ္တရာနှင့် အရှေ့အနောက်တည့်တည့်ရှိကြောင်း၊ ဓညဝတီမြို့သစ်မှ အနောက်တည့်တည့်၌ ချောင်းဆုံအတိုင်း ဆန်တက်သွားပါက မဟာမုနိကိန်းရာ ကတညုတတောင်သို့ ရောက်ကြောင်း ဘိုးတော်ဘုရား၏ သားတော် အိမ်ရှေ့မင်း ပင့်ဆောင်ရာ သီရိဂုတ္တတောင်တန်း တောင်ဘက်၌ နောင်တော်မဟာမုနိရှိ၍ မြောက်ဘက်တွင် ညီတော် မဟာမုနိရှိကြောင်း သီရိဂုတ္တတောင်တန်းမှ နောင်တော်မဟာမုနိကို ပင့်ရာ ချောင်းကွေ့တွင် ဖောင်တော်မှ ရေထဲကျသွားကြောင်း နောက် ကျန်သော ညီတော်မဟာမုနိကို ပင့်ခဲ့ကြောင်း ပြောပြမှတ်သားရသည်”ဟူ၍တည်း။

[**မှတ်ချက်**။ ။၂၀၀၆ ခုနှစ်ထုတ် ရခိုင်သဟာယမဂ္ဂဇင်း အမှတ် (၇) တွင် သမိုင်းဝင်ရှေးအကျဆုံးဖြစ်သည့် မဟာဇိန် (မဟာမုနိပုံစံတော်ငယ်) ကို ဖော်ပြထားသည်။ ရှေးဦးစွာ သွန်းသောကြောင့် နောင်တော်ကြီးဘုရား ခေါ်ကြောင်း ဆို၏။]

အထက်ပါ အချက်ကို မြေပုံတွင် ကြည့်ပါက မဟာမုနိသွန်းအပြီးတွင် ရခိုင်ရိုးမကို ကျော်၍ လယ်ကိုင်းကျောင်းတော်ရာသို့ ရောက်ရှိပေမည်။ ကျောင်းတော်ရာတွင် သီတင်းသုံးပြီးပါက ဧရာဝတီမြစ်အတိုင်း သရေခေတ္တရာ (ပြည်) ဘက်သို့ စုန်ဆင်းသွားပြီး ရခိုင်ရိုးမ၏ အနိမ့်ပိုင်းမှ သံတွဲဘက်ကို ကျော်ဖြတ်ခဲ့ပေမည်။ ၎င်းသံတွဲမှအပြန်တွင် ပင်လယ်အတိုင်း ဖြတ်ကြွခဲ့ပြီး မိုးစည်ကျွန်းတွင် အောက်ခြေတော်ရာအဖြစ် ပင်လယ်ရေစပ်တွင် ချထားခဲ့ခြင်းဖြစ်ရာ မဇ္ဈိမဒေသရှိရာ မြောက်ဘက်သို့ ခြေဦးတည့်လျက် ရှိပေသည်။ ထိုမြေပုံပေါ်မှ ဒေသစာရီကြွချီရာ အဝန်းအဝိုင်းသည် သုနာပရန္တတိုင်းကို လက်ျာရစ်ဝန်း ပတ်လှည့်လည်ကြွချီခဲ့ခြင်းမှာ သဘာဝ ကျလှပေသည်။

နောက်တစ်ချက်မှာ ရှင်ပုဏ္ဏ ပင့်၍ ကြွချီသောခရီးတွင် မဇ္ဈိမဒေသမှ နံနက်တစ်ချက်တီးကျော် (၉ နာရီကျော်) တွင် ကြွလာသည်ဖြစ်၍ ဆွမ်း

မစားမီ သေလာပဗ္ဗတကျောက်တော်တောင်ပေါ်တွင် ခေတ္တသက်ဆင်းနားနေလျက် ဗျာဒိတ်စကား ပြောကြားနေခဲ့ပေမည်။ အကြောင်းမှာ ဘုရားမရောက်မီကထဲကပင် ရောင်ခြည်တော်များကို မြင်နှင့်၍ လာရောက်ဖူးမြော်လျှုဒါန်းရင်း ပင့်ဖိတ်ကြမည့် မင်းနှင့်ဓညဝတီတိုင်းသားတို့အား ရွှေညာဏ်တော်ဖြင့် ဆင်ခြင်ခဲ့၍ ဖြစ်ပေမည်။ ရှေးဦးရောက်နှင့်သူ နာဂသေနာပတိနှင့် ရှစ်ဦးက လုပ်ကျွေးသဖြင့်လည်း ဆွမ်းကိစ္စပြီးစီးခဲ့ပြီး ဆံတော်များ ချီးမြှင့်လေမည်။ ၎င်းနောက်မှ စန္ဒသူရိယမင်း ရောက်ရှိလာပြီး လျှောက်ထားပင့်ဖိတ်ထားခြင်းကို လက်ခံ၍ မွန်းလွဲပိုင်းနှစ်ချက်တီးကျော် ခြောက်မောင်းတစ်နာရီကျော်မှ ဓညဝတီနန်းတော်သို့ တရားဟောရန် ကြွလေမည်။ နောက်နေ့နံနက် အရုဏ်မှစ၍ ဆွမ်းကိစ္စ၊ ဖူးမြော်လျှုဒါန်းခြင်း ကိစ္စ၊ ဆွမ်းကိစ္စများပြီးမှ ကိုယ်စားတော်တောင်းခဲ့သဖြင့် ထိုဗုဒ္ဓဟူးနေ့ ညနေချမ်းမှသာ သတ္တုများကြိုချက်သွန်းလုပ်ရန် အနေသင့်အချိန်သင့် ရှိခဲ့လိမ့်မည်။ ထို့ကြောင့် နောက်နေ့တွင် ပြီးစီးကာ အဘိသေကသြဝါဒပြုပြီးမှ ခရီးဆက်ခဲ့ပေမည်။

ဤတွင် ပုဏ္ဏောဝါဒသုတ္တန် (ပါဒတ္တယဝိဘာဝနီ ၂၃) အရ လမ်းခရီး၌ သစ္စဗန္ဓရသေ့ကို ဝင်ရောက်တရားဟောခြေချွတ်ပြီး ခြေတော်ရာကိုလည်း ချခဲ့သည်ဖြစ်၍ ကျောင်းတော်ရာသို့ ရောက်ချိန်တွင် လိုနေသောပြာသာဒ်ယာဉ်တစ်စီးပြည့်ကာ ရဟန္တာငါးရာပြည့်ခဲ့ပေလိမ့်မည်။ ဓညဝတီသို့ မရောက်မီကား မဖြစ်နိုင်၊ အကြောင်းမူကား မဇ္ဈိမဒေသအတွင်း၌သာရှိနေသောကြောင့်ဖြစ်ပေသည်။ ဓညဝတီကျော်မှသာလျှင် ပစ္စန္တရစ်အရပ်ဖြစ်သော ရခိုင်ရိုးမကို ရောက်ရှိပေလိမ့်မည်။ ထိုဖြတ်သန်းရာလမ်းဖြစ်သည့် မဟာမုနိနှင့် လယ်ကိုင်းကျောင်းတော်ရာကို မြေပုံပေါ်တွင် တန်းတန်းချ ကြည့်ပါက ထူးခြားချက်တွေ့ရှိရပါသည်။ ထိုအချက်မှာ ရခိုင်ရိုးမ၏ အမြင့်ဆုံးအပိုင်း တောင်ထိပ်ကို ဖြတ်လျက်ကျနေပါသည်။ အမည်မှာ မြန်မာလို စွန်တောင်ဟု ရေးပြီး အင်္ဂလိပ်လိုကား စုံ့တောင် "မြေညွှန့်တက်သောတောင်"ဟု အသံထွက်သည်။ ဤနေရာတွင် မိုးစည်ကျွန်း





ခြေတော်ရာနှင့် တန်း၍ကြည့်ပါက အရှေ့အနောက် မျဉ်းတပြေးတည်းကျနေပြီး သုနာပရန္တတိုင်းအနေနှင့်ဆိုပါက အမြင့်ဆုံးထိပ်နှင့် အနိမ့်ဆုံးကမ်းခြေ၊ ပထဝီမြေနှင့် အာပေါရေ၊ တနင်္လာအရှေ့နှင့် ကြာသပတေးအနောက်၊ နေထွက်နှင့်နေဝင် ထူးခြားတိုက်ဆိုင်လှပါသည်။

ဤတွင်တန့်၍ သီဟိုဠ်ပါဒတောင်ကို သုံးသပ်နှိုင်းယှဉ်လိုပါသည်။ သီဟိုဠ်နိုင်ငံတွင်လည်း ပါဒခြေတော်ရာရှိရာ တောင်ထွတ်မှာ သီဟိုဠ်တစ်ကျွန်းလုံး၏ အမြင့်ဆုံးတွင် ခြေတော်ရာကို ချထားပေသည်။ ထို့အတူရခိုင်ပြည်နယ် ကမ်းမြောင်ဒေသတွင် အမြင့်ဆုံးကား ရခိုင်ရိုးမဖြစ်ရာရခိုင် ရိုးမ၏ အမြင့်ဆုံးတောင်ထိပ်တွင် ခြေတော်ရာချထားသည်ဖြစ်အံ့၊ အလွန် ပင် ဖြစ်သင့်ပေမည်။ သီဟိုဠ်တောင်ထိပ်ကား ပေ ၇၃၅၉ ပေမြင့်ပြီး ဤ စုံ့တောင်ကား ၆၅၂၇ ပေ မြင့်သည်ဖြစ်ရာ ၈၃၂ ပေသာကွာခြားလေ၏။ ပေ ၁၀၀၀ ပင် မကွာချေ။

ထပ်မံ၍ တင်ပြလိုသည်မှာ ရခိုင်ရိုးမ၏ အရှေ့ဘက်တွင် မန်းချောင်းရှိပြီး အနောက်ဘက်တွင် မအီချောင်းရှိပေသည်။ မန်းစက်တော်ရာ ခြေတော်ရာနှစ်ခုသည် မန်းချောင်းအရင်းတောင်ခြေတွင် ရှိနေပြီး မအီချောင်းအရင်းခြေတွင်လည်း မအီစက်တော်ရာနှစ်ခု ရှိနေပေသည်။ ထိုခြေတော်ရာနှစ်ခုတို့၌ တူညီသော အချက်မှာ ဘယ်ဘက်ခြေတော်ရာနှင့် ညာဘက်ခြေတော်ရာအစုံလိုက်ဖြစ်ပေသည်။ ဘယ်နှင့်ညာကား လှမ်းကြွခြင်း၏ အဓိပ္ပာယ်ကို ဆောင်နေကြ၏။

ဤတွင် ဖြတ်၍ ဘုရားရှင်တိုင်း၏ ပြုတော်မူမြဲ ခြေတော်ရာကား သုံးဆူလှမ်းမြဲဖြစ်၏။ ဤသည်မှာ ဇမ္ဗူဒီပါတွင် တစ်ဆူနင်း၍ လှမ်းကာယုဂန္ဓိုရ်တောင်ထိပ်တွင် တစ်ဆူနင်းပြီးသည်နှင့် တာဝတိံသာသို့ ရောက်ကာ တစ်ဆူ နင်းချမြဲဖြစ်၍ အဘိဓမ္မာတရား ဟောကြားခဲ့လေသည်။ ဤတွင် ပထမ ခြေတော်နှင့် ဒုတိယခြေတော်တို့မှာ ဘယ်နှင့်ညာဖြစ်၏။

## ကိုးကားသောကျမ်းစာများ


၁။ သာသနာလင်္ကာရစာတမ်း၊ မင်းတိုင်ပင်အမတ်ကြီး မဟာဓမ္မသင်္ကြန် ရန်ကုန်မြို့၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၆၅။

၂။ ရခိုင်မဟာရာဇဝင်တော်ကြီး၊ ဦးသာထွန်းအောင်၊ စစ်တွေမြို့၊ ရခိုင်ပြည်သတင်းစာပုံနှိပ်တိုက်ကြီး၊ ၁၂၈၈ ခုနှစ်၊ ပြာသိုလ။

၃။ မဟာမုနိရုပ်ရှင်တော်ဘုရားကြီးသမိုင်း၊ ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) မန္တလေးမြို့၊ ရွှေပြည်တန်အော့ဖ်ဆက်၊ ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ။

၄။ ဓညဝတီရာဇဝင်သစ်၊ ပဲခူးမင်းကျောင်းဆရာတော်ကြီး ဦးပဏ္ဍိ၊ ရန်ကုန်၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်၊ ၁၂၇၃ (၁၉၁၀)။

၅။ သမန္တစက္ခုဒီပနီ၊ မုံရွေးဇေတဝန်ဆရာတော်၊ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၊ ၁၃၄၇။

၆။ အိန္ဒိယကြေးမုံကျမ်း၊ မင်းပြားမြို့၊ ချိတ်တောင်ကျောင်းဆရာတော် ဦးကိတ္တိ၊ ၁၂၉၄ ခု၊ တပေါင်းလ။

၇။ သုတေသနသရုပ်ပြအဘိဓာန်ကျမ်း၊ အရှင်ဩဘာသာဘိဝံသ၊ သုဓမ္မဝတီပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၃၅၈ ခု။

၈။ ရက္ခမဏ္ဍလရခိုင်ရာဇဝင်၊ ဦးအောင်သာဦး (ဘီအေ)၊ ရန်ကုန်၊ မြရတနာစာပေ၊ (ခန်းမှန်း ၁၉၆၀ ခုနှစ်)။

၉။ မြန်မာပြည်ရှိ ရှေးဟောင်းဘုရားစေတီပုထိုးများ၊ မြတ်မင်းလှိုင်၊ နယူးလိုက်ဖ် အော့ဖ် မြန်မာသတင်းစာတိုက်၊ ၂၀၀၂ ခု၊ ဇူလိုင်လ။

၁၀။ ရခိုင်တန်ဆောင်ဆောင်းပါးများ၊ ဦးဦးသာထွန်း (ရခိုင်မြန်မာပဏ္ဍိတ်) ရန်ကုန်၊ တက်လမ်းစာပေ၊ ၁၉၉၄ ခု၊ ဩဂုတ်လ။

၁၁။ ကျောင်းသုံးမြန်မာရာဇဝင်၊ ဦးဘသန်း (ဘီအေ)၊ ဗဟိုစည် ဦးထွန်းဖေပုံနှိပ်၊ ၁၃၁၅ ခု၊ နယုန်လဆုတ် (၁၀) ရက်။

၁၂။ ရက္ခပူရကြေးမုံကျမ်း၊ ဓညဝတီ ဦးအောင်ဇေယျ (မြောက်ဦး) သန်းထိုက်ရတနာပုံနှိပ်တိုက်၊ ရန်ကုန်၊ ၂၀၀၃ ခု၊ ဖေဖော်ဝါရီလ။

၁၃။ မဇ္ဈိမဒေသအရေးတော်ပုံကျမ်း၊ ဦးလှထွန်းဖြူ ရတနာမဥ္ဇူပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၉၈ ခုနှစ်။

၁၄။ ရှေးဟောင်းဘုရားများသမိုင်း (မုန်စဲကျွန်း)၊ ဂူတောင် ဝရသာမိ၊ ဝင်းပုံနှိပ်တိုက်၊ ရန်ကုန်၊ ၂၀၀၅ ခုနှစ်။

၁၅။ မဟာဗုဒ္ဓဝင် တတိယတွဲနှင့်စတုတ္ထတွဲ၊ တိပိဋကဆရာတော်၊ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၊ ၁၉၈၂ ခုနှစ်။

၁၆။ ဦးကင်းတော်ဓာတ်စေတီတော်သမိုင်း၊ သဒ္ဓမ္မဇောတိကဓဇ သီဟဆွေ စန္ဒာဝင်းပုံနှိပ်တိုက်၊ ရန်ကုန်၊ ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ။

၁၇။ အောင်မြေဥကင်းဥဿလင်းစေတီတော်မြတ်သမိုင်း၊ သူမြတ် (မဟာ အောင်မြေ) လောကပါလပုံနှိပ်တိုက်၊ ရန်ကုန်၊ ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ။

၁၈။ ဥပရိပဏ္ဏာသပါဠိတော်၊ ပုဏ္ဏောဝါဒသုတ္တန်၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၊ ၁၃၆၀ ခုနှစ်။

၁၉။ ပါဒတ္တယဝိဘာဝနီကျမ်း၊ ဦးအောင်ချမ်းဦး၊ ပုံနှိပ်မှတ်တမ်း မတွေ့ရ တော့၊ ခန့်မှန်း ၁၃၃၀ ခုနှစ်။

၂၀။ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ ဗြဟ္မာယုသုတ္တန်၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၊ ၁၃၅၄ ခုနှစ်။

၂၁။ သာရတ္ထသင်္ဂဟကျမ်း။

၂၂။ ပါဒသုတေသန၊ ဒေါက်တာ ဘဒ္ဒန္တအရိယဝံသ (အလိုတော်ပြည့် ဆရာတော်) ဓမ္မဒါနရိုက်နှိပ်ထုတ်ဝေခြင်း၊ ၁၃၆၅ ခုနှစ်။





၂၃။ ခြေတော်ရာသမိုင်းနှင့်ဆက်စပ်သော ဂါထာတော်များ၊ အလိုတော် ပြည့်ဆရာတော်၊ ဓမ္မဒါနရိုပ်နှိပ်ထုတ်ဝေခြင်း၊ ၁၃၇၀ ခုနှစ်။

၂၄။ ဘုရားရှိခိုးအမျိုးမျိုး (မူဟောင်း)၊ ရှေးဆရာတော်ကြီးများ၊ ဣစ္ဆာသယ ပိဋကတ်ပုံနှိပ်တိုက်၊ ၁၃၅၅ ခုနှစ်။

၂၅။ ပြည်ထောင်စုမြန်မာနိုင်ငံတော်မြေပုံ၊ တိုင်းနှင့်ပြည်နယ်မြေပုံလမ်း ညွှန်၊ ငွေကံ့ကော်ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၂၀၀၈ ခုနှစ်။

၂၆။ Google, Google earth. Website and Internet.